The
# Commerce Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 32 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 29 , 2016

## ရွှေတောင်မြို့တွင် POSCO Daewoo က ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးမည်

|စာမျက်နှာ-၁၃|

## ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်အိန္ဒိယနိုင်ငံတို့ကို ဖြတ်သန်းသွယ်တန်းမည့် ကီလိုမီတာ ၆၉၀၀ ရှည်လျားသည့် ဓာတ်ငွေ့ပိုက်လိုင်းအား အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ

|စာမျက်နှာ-၁၃|

## မော်တော်ယာဉ်ဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်မည်

|စာမျက်နှာ-၂၂|



## လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုဝင်ရောက်လာရန် သတ်မှတ်ထားသည့် အချက်များအား ပြန်လည်သုံးသပ်ရန်လို

လက်ရှိအချိန်တွင် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း၏ ငါးရာခိုင်နှုန်းခန့် သာရှိသေးသဖြင့် လယ်ယာကဏ္ဍတွင် ရင်းနှီး

|စာမျက်နှာ-၂၁|

# ပဲ့ကုန်တိုးမြှင့်ဖို့ ပဲတီစိမ်း များများတင်ပို့ကြစို့



# ရက် ၁၀၀ လွန်သော်

|စာမျက်နှာ-၈|

မြန်မာနိုင်ငံရှိ ပြည်နယ်တိုင်း အားလုံးတွင် ပဲတီစိမ်း စိုက်ပျိုးကြပြီး ပဲတီစိမ်းစိုက်ဧကအနေနဲ့ ၂၈၉၇၄၉၇ ဧကရှိရာ ထွက်ရှိမှု တန်ချိန် ၁၅ သိန်းရှိတဲ့အနက် မျိုးစေ့၊ အလေအလွင့်၊ စားသုံးမှုအတွက် တန်ချိန် ၁၈၈၅၁၁ လျာထား ပြီး ပိုလျှံတန် ၁၃ သိန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲတီစိမ်းများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄၄

|စာမျက်နှာ-၆|



SUZUKI Way of Life!

# MYO MOTOR SERVICE CO,.LTD.

Authorized Dealer

the Brand New

ERTIGA

From for **SUZUKI** Myanmar

**Type-2**




| ERTIGA | |
|---|---|
| **Engine** | : 1.4cc |
| **Model** | : 2016 (Brand New) |
| **Price** | : 209 ++ Lakh |

| ERTIGA | |
|---|---|
| **Engine** | : 1.4cc |
| **Model** | : 2016 (Brand New) |
| **Price** | : 209 ++ Lakh |

| ERTIGA | |
|---|---|
| **Engine** | : 1.4cc |
| **Model** | : 2016 (Brand New) |
| **Price** | : 209 ++ Lakh |






## ENJOY TEST DRIVE PROGRAM

SUZUKI ***Ertiga*** Brand New Car ကားကိုမည်သူမဆိုလာရောက် စမ်းသပ်မောင်းနှင်နိုင်ပြီး

SUZUKI ***USB Stick*** အားလက်ဆောင်ရယူနိုင်ပါသည်။

| SUPER CARRY TRUCK | |
|---|---|
| **Engine** | : 1.0CC |
| **Model** | : 2015 (Brand New) |
| **Price** | : US$ 5,777 ++ |



| SUPER CARRY TRUCK | |
|---|---|
| **Engine** | : 1.0CC |
| **Model** | : 2015 (Brand New) |
| **Price** | : US$ 5,777 ++ |



09-799617166, 09-421046588, 09-421064668

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၆) သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြား





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း အမှတ်စဉ် (၂/ ၂၀၁၆) သင်တန်းဆင်းပွဲကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ဩဂုတ် ၂၂ရက်က ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ကုန်သွယ်ရေးဦးစီးဌာန၏ ရည်ရွယ်ချက် (၅) ရပ်ဖြစ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များနှင့် လိုက်လျောညီထွေမည့် ကုန်သွယ်ရေး မူဝါဒများ ချမှတ်ဆောင် ရွက်ရန်၊ ကုန်သွယ်ရေးမူဝါဒနှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ ပိုမို တိုးတက်လာစေရန်၊ ပင်လယ်ရေ ကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု အခွင့်အလမ်းများ တိုးတက်စေရန်၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်သွယ်မှုပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေး ပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်၊ ကုန်သွယ်မှုဆိုင်ရာ အကူအညီများ ရယူရန်နှင့် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသွားရန် စသည့်အချက်များနှင့်အညီ ကုန်သွယ်မှု ပမာဏ တိုးမြှင့်ရေးသည် အရေးကြီးပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အခွန်ဘဏ္ဍာ တိုးတက်ရရှိစေ

စာမျက်နှာ ၁၂ သို့ ➲

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၃/၂၀၁၆) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၃/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၂၅ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ် ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်အတွက် ပြည်ပမှ တင်သွင်းမည့် မော်တော်ယာဉ်များ အတွက် Model Year ကြိုတင်သတ်မှတ် ထုတ်ပြန်နိုင်ရေး ကိစ္စများ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ရှိသူ (PR)များ၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့် ရသူများအား နိုင်ငံသားများနည်းတူ ပြည်ပမှ မော်တော်ယာဉ်တစ်စီး လွတ်လပ်စွာ တင်သွင်းခွင့် ကိစ္စရပ်များ၊ မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် လိုင်စင်နှင့် တင်သွင်းသည့်ကား ကွဲလွဲပြီး တင်သွင်းလာသည့် ကိစ္စရပ်များကိုလည်း ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်

စာမျက်နှာ ၁၂ သို့ ➲

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Yongsoon LEE နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဖြစ်သူ H. E. Madam Gao Yan တို့နှင့် တွေ့ဆုံဆွေးနွေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၂၄ ရက် တွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ၊ သံအမတ်ကြီး H. E. Mr. Yoo Jae Kyung နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Mr. Yongsoon LEE ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့ကို တိုးမြှင့် သွားလိုပါကြောင်း၊ KOICA ၏ ပံ့ပိုးကူညီမှုဖြင့် ကုန်စည်ပြပွဲများ၊ ကုန်သွယ်မှုဆိုင်ရာ အခမ်းအနားများ ကျင်းပပြုလုပ်နိုင်ရန် ရန်ကုန်မြို့တွင် Convention Centre တည်ဆောက်ရေးအတွက် ပဏာမ လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်များနှင့် လုပ်ငန်း အကောင် အထည်ဖော်

စာမျက်နှာ ၁၂ သို့ ➲

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မှူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 16, No.32 Monday August 29 2016

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ပိုမိုတင်ပို့

ဩဂုတ် ၁၃ ရက်မှ ၁၉ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၈၅ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၂၂၅၅ တန်ကို တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ယခင်တစ်ပတ် တင်ပို့မှုထက် လျော့ကျခဲ့ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ပိုမို တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်မှာ ငစိန်ဆန် ၂၆၅၉ တန်၊ ဧည့်မထဆန် တန် ၁၂၅၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ၂၃၂၅တန် လျော့နည်းခဲ့ ပါတယ်။

အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း ငစိန်ဆန် ၁၈၇ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ထက် ၂၄ တန် လျော့နည်းခဲ့ပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၈၁၅၉ တန်ကျော်တင်ပို့ပြီး ယခင်တစ်ပတ်ထက် ၁၁၃၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာလည်း မူဆယ်ကုန်သွယ်ရေးဇုန်မှ လျော့နည်းခဲ့ပါတယ်။ မူဆယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၉ သန်း တန်ဖိုးရှိ ဆန်ကွဲ ၇၆၆ တန်ကျော်တင်ပို့ပြီး ယခင်တစ်ပတ်ထက် ၁၂၅၂ တန် လျော့နည်းခဲ့ပါတယ်။

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၉၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၀၈ တန် ကျော်တင်ပို့ပြီး ယခင်တစ်ပတ်ထက် ၈၉ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်းတန်ဖိုးရှိ ဆန်ကွဲ တန် ၅၀ တင်ပို့ပြီး ယခင်ရက်သတ္တပတ်များကတော့ ဆန်ကွဲတင်ပို့မှု မရှိခဲ့ပါဘူး။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၄၅၄ တန် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် တန် ၁၀၀၊ ပါပူအာနယူးဂီနီနိုင်ငံသို့ ပေါင်းဆန် တန် ၂၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် တန် ၁၅၀ နဲ့ ဧည့်မထဆန် ၇၅၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၅၁ တန်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် အမေရိကန်ဒေါ်လာ သုညဒသမ ၉၅၅ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၅၀၀ တင်ပို့ ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသို့ တန် ၅၀၀ နဲ့ အီးယူနိုင်ငံများသို့ တန် ၃၀၀၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၂၀၀၀ ကျော် လျော့နည်း ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၁၉ ရက်အထိ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၈၀၃ သန်းနဲ့ တန်ချိန် ၃၁၅၂၀၉ ကျော်ရှိပြီး ယခင်နှစ် ကာလတူ ထက် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၃၃၄ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၄၅၁၇၀ ကျော် လျော့နည်းခဲ့ပါတယ်။ အလား တူ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၈၁၆ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၁၂၀၇၁ ကျော်တင်ပို့ခဲ့ပြီး ကာလတူထက် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၇၃သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၀၃၂၇၇ ကျော် လျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ချောစျေးကျပြီး အရောင်းအဝယ် ပုံမှန်ရှိ

ရန်ကုန်မြို့ ဆန်စျေးကွက်မှာ ဝါးတန်း ကုန်စည်ဒိုင်ရဲ့ လက်ကား စျေးနှုန်းအရ ဩဂုတ် ၂၆ရက်အထိ တစ်ပတ်အတွင်း ဆန်ချော တစ်အိတ်လျှင် ကျပ် ၅၀၀ခန့် စျေးကျကြောင်း သိရပါတယ်။ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကို ကျပ် ၃၅၅၀၀၊ လတ်စ တစ်အိတ်ကို ကျပ် ၃၃၀၀၀၊ မြောင်းမြ ပုသိမ်ပေါ်ဆန်း ထိပ်စတစ်အိတ်ကို ကျပ် ၃၇၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံ ကျိုက်လတ် ထိပ်စ တစ်အိတ် ကျပ် ၃၃၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၁၅၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၅၀၀စီ စျေးကျလာပါတယ်။ စျေးကျပေမယ့် အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိကြောင်း သိရပါတယ်။

ဧည့်မထ ထိပ်စတစ်အိတ် ကျပ် ၂၂၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၂၀၂၀၀၊ နွေဆန် ရက်၉၀ တစ်အိတ် ကျပ် ၂၀၀၀၀ မှ ၂၂၀၀၀ ဖြစ်တဲ့အတွက် တစ်အိတ် ကျပ် ၅၀၀ခန့် စျေးကျပါတယ်။ နွေသီးထပ်ရှယ် တစ်အိတ် ကျပ် ၁၉၅၀၀ မှ ၂၀၃၀၀၊ မနောသုခ တစ်အိတ် ကျပ် ၂၆၀၀၀မှ ၂၇၀၀၀၊ ပြည်ပအိတ်စ်ပို့ ဧည့်မထတစ်အိတ် ကျပ် ၁၇၂၀၀မှ ၁၇၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေပါတယ်။



မူဆယ်ဆန် စျေးကွက်မှာ ဩဂုတ် ၂၆ရက် စျေးနှုန်းအရ ဆန်စျေး အတက်အကျ သိပ်မရှိဘဲ စျေးငြိမ်နေတယ်လို့ သိရပါတယ်။ ဧည့်မထ ၅မှတ် မော်ဘီတစ်အိတ် ၁၄၃မှ ၁၄၆ ယွမ်၊ စူပါတစ်အိတ် ၁၄၆ မှ ၁၄၉ ယွမ်၊ ဧည့်မထ ၁၀မှတ် မော်ဘီ တစ်အိတ် ၁၃၈ မှ ၁၄၁ ယွမ်၊ စူပါတစ်အိတ် ၁၄၄မှ ၁၄၅ယွမ်၊ မနောသုခ ၂၅မှတ် တစ်အိတ် ၁၃၀မှ ၁၃၄ယွမ်၊ ငစိန် ၅မှတ် ၁၄၅မှ ၁၄၇ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ် ၁၄၀မှ ၁၄၃ ယွမ်၊ ငစိန် ၂၅မှတ် တစ်အိတ် ၁၃၆မှ ၁၃၈ ယွမ်နဲ့ ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်ကုန်စည်ဒိုင်သို့ ဆန်အဝင်မှာ ဩဂုတ် ၁၉ရက်မှ ၂၅ရက်အထိ တန်ချိန် ၃၁၉၃ တန် ရှိပါတယ်။ ယခင်တစ်ပတ်ထက် ဆန်အဝင် နည်းပြီး အရောင်းအဝယ်လည်း နည်းနေကြောင်းနဲ့ ဩဂုတ် ၂၆ ရက် ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၁၈၀ကျပ် စျေးပေါက်ကြောင်း မူဆယ်ဆန်စျေးကွက်မှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီ လိတ် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် တတိယပတ်တွင် အမေရိကန် ဒေါ်လာ ၁၇၉၀၃ တန်ဖိုးရှိလက်ဖက်ခြောက် ၄၆တန်နီးပါး တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၄၃တန်ခွဲ တင်ပို့ ခဲ့လို့မြန်မာ နိုင်ငံမှထွက်ရှိတဲ့ လက်ဖက်ခြောက်တွေကို ထိုင်းနိုင်ငံသို့ ပုံမှန်တင်ပို့နေတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လက်ဖက်ခြောက် အမျိုးအစားများအနက် လက်ဖက်အခါးခြောက် (ရေနွေးကြမ်း ပြုလုပ်ရာတွင် အခြောက်ခံပြီး အသုံးပြုသောလက်ဖက်) တွေကို ပထမဆုံးအကြိမ်အနေနဲ့ ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၂၅-၈-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၃၅ | ၄၂၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၀၀ | ▽ | ၃၅၅ | ၃၅၀ | ▽ | ၃၉၀ | ၃၉၀ | □ | ၃၆၅ | ၃၆၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၄ | ၃၉၅ | ▽ | ၃၄၀ | ၃၄၀ | □ | - | - | - | ၃၅၀ | ၃၅၀ | □ |
| ဆန်ဖြူ ၂၅% | ၃၉၅ | ၃၈၈ | ▽ | ၃၃၅ | ၃၃၅ | □ | ၃၅၅ | ၃၅၅ | □ | ၃၃၅ | ၃၂၅ | ▽ |
| ပေါင်းဆန် | ၄၂၉ | ၄၁၀ | ▽ | - | - | - | ၃၇၅ | ၃၇၅ | □ | - | - | |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၈-၂၀၁၆) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၅၀၀၀ | △ | ၈၀၀၀ | □ | ၃၅၀၀၀ | △ |
| ပဲခူး | ၅၆၀၀ | □ | ၂၁၀၀၀ | □ | ၇၃၀၀ | □ | ၃၂၅၀၀ | △ |
| ရွှေဘို | ၄၈၀၀ | □ | ၂၀၀၀၀ | □ | ၁၂၀၀၀ | ▽ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၅၇၀ | △ | ၂၀၂၀၀ | ▽ | - | - | ၃၁၅၀၀ | ▽ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | △ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၅၀၀ | □ | - | - | ၃၈၀၀၀ | △ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၈၀၀၀ | △ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | ▽ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင်မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## ၂၂-၈-၂၀၁၆ မှ ၂၆-၈-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 329 | 16,295,937.308 |
| 2 | Form D | 64 | 3,345,809.290 |
| 3 | Form E | 98 | 1,663,946.570 |
| 4 | Korea GSP | 13 | 267,801.650 |
| 5 | Form AK | 117 | 7,307,827.330 |
| 6 | Form AJ | 20 | 821,105.730 |
| 7 | Form AI | 81 | 2,550,331.088 |
| 8 | Form AANZ | 8 | 9,311.410 |
| 9 | Form DFTP | - | - |
| Grand Total | | 730 | 32,262,070.376 |

# ဩဂုတ်လ လလယ်မှစ၍ ပြည်ပမျိုးစုံ ဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများ ဆက်လက် ဈေးလျှော့နေပြီး ပဲတီစိမ်းဈေးသာ ပြန်လှုပ်လာခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ဩဂုတ်လ တတိယပတ်မှစ၍ ပြည်ပဝယ်လက် ပဲအားလုံး ဈေးဆက်လက် ကျဆင်းနေသလို ပြည်တွင်းဝယ်လက် ပဲအချို့လည်း ဈေးလျှော့နည်းနေခဲ့တာကိုတွေ့ရပြီး ပဲတီစိမ်းသီးနှံသာ ယခုတစ်ပတ်ဈေး အနည်းငယ် ပိုလာတယ်လို့ သိရပါတယ်။ ပဲတီစိမ်းသစ်များမှာ ဩဂုတ်လဆန်းမှစ၍ ပေါင်းတလည်၊ ပေါက်ခေါင်းဘက်မှ ဝင်ရောက်ခဲ့ပြီး မန္တလေး ဝယ်လက်သမားများက ဝင်လာသမျှ ပဲတီစိမ်းသစ်များအား ဝယ်ယူလျက် ရှိပါတယ်။

ဒါကြောင့် အဝင်ရှိသလောက် အရောင်းအဝယ် ဖြစ်ခဲ့ပြီး၊ ပဲဈေးကတော့ တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့်သာ ဈေးဖွင့် ဝယ်ယူခဲ့ကြပါတယ်။ ပဲအဝင်လှိုင်လာချိန်မှစ၍ ပဲဈေး လျှော့နည်းသွားခဲ့လို့ လလယ်မှာ တစ်တင်း ၂၀၀၀၀ ကျပ်အထိ ဈေးလျှော့နည်းသွားခဲ့ကာ ယခုတစ်ပတ်မှာတော့ တစ်တင်း ကျပ်တစ်ထောင်ခန့် ဈေးပိုလာတယ်လို့ သိရပါတယ်။ ယခင်နှစ်က ပဲတီစိမ်းသီးနှံဈေးမှာ ဩဂုတ်လအတွင်း တစ်တင်း ၃၇၀၀၀ ကျပ်ရရှိခဲ့လို့ ယခုနှစ်ဈေးမှာ အလွန်လျှော့နည်း ခဲ့တဲ့အတွက် ကျန်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ သီးနှံတို့ထက်လည်း ဈေးလျှော့နည်းနေသလို ပြည်တွင်းဝယ်လက် ကုလားပဲ၊ ပဲကြီး သီးနှံတို့ထက်ပင် ဈေးအေးခဲ့ကြောင်း သိရပါတယ်။

မတ်ပဲသီးနှံမှာ တစ်ခါတစ်ရံမှသာ တစ်ရက် အိတ် ၁၀၀ - ၁၅၀ ကျော်ခန့်သာ ဝင်ရောက်ပြီး လှောင်ပဲများရှိပေမယ့် ထုတ်ရောင်းချသူ နည်းနေတယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းများမှာ လဆန်းရက်မှစ၍ ဈေးလျှော့နည်းလာသလို ယခုအချိန်အထိလည်း အကျဈေးဘက် ဦးတည်နေလို့ လက်ဝယ်ရှိ ပဲစိုက်တောင်သူအချို့နှင့် လှောင်လက်များမှ ရောင်းချမှုနည်းခဲ့ကာ ရန်ကုန်ဝယ်လက် ဝယ်လိုအား ရှိသော်လည်း အရောင်းအဝယ် အေးနေခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းမှာ ယခုတစ်ပတ်တွင် တစ်တင်း ၄၄၀၀၀ ကျပ်သာ ရရှိပါတယ်။ ယခင်နှစ်က ဩဂုတ်လအတွင်း လကုန်ရက်တွင် တစ်တင်း ၄၈၅၀၀ ကျပ် ရရှိနေခဲ့လို့ ယခုနှစ်ဈေးကတော့ ယခင်နှစ်ဈေးထက် တောင် ဈေးလျှော့နည်းနေခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ မတ်ပဲသီးနှံနည်းတူ ဩဂုတ်လမှစ၍ ဈေးလျှော့နည်းနေပြီး ယခုလကုန်ခါနီးလေ ဈေးထပ် လျှော့နည်းလာလေ ဖြစ်နေခဲ့ပါတယ်။ ပဲလက်ကျန် ရှိသော်လည်း တစ်ခါတစ်ရံ အိတ် ၂၀၀ကျော် ၃၀၀၊ ရန်ကုန် ဝယ်လက်က ဝယ်ယူခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၀၅၀၀ ကျပ်ဖြင့် ယခင် တစ်ပတ်ထက်လည်း တစ်တင်း ကျပ်လေးထောင်ကျော် လျှော့နည်းခဲ့ပါတယ်။ ယခင်နှစ်က ဩဂုတ်လအတွင်းမှာ တစ်တင်း ၅၃၀၀၀ ကျပ်အထိ ရရှိနေပြီး မတ်ပဲ သီးနှံထက်ပင် ယခုလိုအချိန်မှာ ဈေးပိုနေတာကို တွေ့ရပါတယ်။ ယခုနှစ်မှာတော့ မတ်ပဲသီးနှံရော ပဲစင်းငုံသီးနှံပါ ဈေးနှုန်းများလျှော့နည်းကျဆင်းလာပြီး မတ်ပဲထက် ပဲစင်းငုံသီးနှံက တစ်တင်း ကျပ်တစ်သောင်းကျော် ခန့်အထိ ဈေးလျှော့နေတဲ့အတွက် ဈေးလည်းအေး အရောင်းအဝယ်လည်း အေးနေခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်နည်းသွားပြီး ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ အိတ် ၁၅၀ မှ ၃၀၀ခန့်သာ အဝင် ရှိပေမယ့် ပဲခွဲစက်သမားများနေ့တိုင်း အဝယ်ရှိတာကြောင့် အိတ် ၂၅၀ မှ ၃၀၀ နီးပါး အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် လေးထောင်ကျော်ခန့် လလယ်က ဖြစ်ပေါ်ခဲ့သော ဈေးထက် ဈေးလျှော့နည်းခဲ့လို့ တစ်တင်း ၃၇၅၀၀ ကျပ်ခန့်သာရရှိခဲ့ပါတယ်။ ပဲကြီးသီးနှံဈေးမှာ အခြားပဲများ ဈေးလျှော့နည်းကျဆင်းနေပေမယ့် သိသိသာသာ ကျဆင်းခြင်းမျိုးမတွေ့ရဘဲ တစ်တင်း ၅၀၀ ကျပ်ခန့်လောက်သာ လျှော့နည်းခဲ့ပါတယ်။ ဒါကြောင့် ပဲကြီး (ရွှေကျွန်း) တစ်တင်း ၂၇၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် ပဲလှော်ဖို လုပ်ငန်းသမားများမှ နေ့စဉ်ဝယ်ယူလို့ ပုံမှန် အိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၈-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၉/၈ | ၂၆/၈ | ပြောင်းလဲမှု | ၁၉/၈ | ၂၆/၈ | ပြောင်းလဲမှု | ၁၉/၈ | ၂၆/၈ | ပြောင်းလဲမှု | ၁၉/၈ | ၂၆/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၄၃၀ | ၂၂၅၃ | ▼ | ၂၄၁၇ | ၂၄၀၀ | ▼ | ၂၄၅၀ | - | - | ၂၃၅၀ | ၂၂၂၅ | ▼ |
| ၂ | ပဲစင်းငုံ | ၁၆၆၆ | ၁၅၀၆ | ▼ | - | - | - | ၁၆၂၅ | - | - | ၁၆၀၀ | ၁၅၁၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၃၀ | ၁၃၀၀ | ▼ | ၁၂၈၀ | ၁၂၈၉ | ▲ | ၁၂၁၀ | ၁၂၁၀ | ■ | ၁၀၀၀ | ၁၀၃၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၄၇၅ | ▼ | - | - | - | - | - | - | ၂၀၀၀ | ၁၈၁၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၆၅ | ■ | - | - | - | - | - | - | ၁၃၉၅ | ၁၃၉၅ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၆၇၆ | ၆၅၈ | ▼ | ၆၃၂ | - | - | ၆၁၅ | ၆၃၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၆-၈-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု | ၁၈/၈ | ၂၅/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၂၈၀ | ၁၁၈၀ | ▼ | ၁၃၄၄ | ၁၃၄၁ | ▼ | ၁၂၆၉ | ၁၂၂၂ | ▼ |
| ၂ | ပဲစင်းငုံ | ၉၀၀ | ၈၀၀ | ▼ | ၉၇၈ | ၈၇၁ | ▼ | ၁၀၃၀ | ၈၇၉ | ▼ |
| ၃ | ပဲတီစိမ်း | ၇၅၀ | ၇၅၀ | ■ | ၇၁၇ | ၆၄၁ | ▼ | ၇၀၂ | ၇၄၅ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၂၃၀ | ၁၂၃၀ | ■ | ၁၁၃၅ | ၁၀၄၃ | ▼ | ၁၁၃၅ | ၁၀၄၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၃.၈.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၀.၈.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၀.၈.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၃၅၂၆ | ၂၄၈၀ | ၃၇၉၂၇၄ |
| ပဲတီစိမ်း | ၂၃၇၁ | ၁၇၁၆ | ၁၄၃၄၆၉ |
| ပဲစင်းငုံ | ၁၉၃ | ၁၀၅၄ | ၁၇၅၀၉၅ |
| ကုလားပဲ | ၂၂ | ၈၂၅ | ၂၅၆၁၉ |
| ပဲလွန်းဖြူ | ၅၇ | ၂၂၄ | ၁၅၀၃၀ |
| မြေထောက်ပဲ | ၂၂၃ | ၂၁၅ | ၉၆၀၁ |

## ဩဂုတ်လကုန်ပတ်မှာ မုံရွာငုံနီ နေ့စဉ်ဈေးကျ

မုံရွာကုန်စည်ဒိုင်ဩဂုတ်လကုန်ပတ် ငုံနီဈေးကွက်မှာ ပြီးခဲ့တဲ့ရက်သတ္တပတ်က အနိမ့်ဆုံးဖြစ်ပေါ်ခဲ့တဲ့ တစ်တင်းကျပ် ၃၃၀၀၀ ကနေ ဆက်တိုက်ကျဆင်းလာခဲ့ရာ ကျပ် ၃၂၀၀၀၊ ၃၀၅၀၀ ကနေ ကျပ် ၃၀၂၀၀ အထိ ကျဆင်းသွားတာတွေ့ရပါတယ်။

ပေါက်ဈေးမငြိမ်သလို အရောင်းအဝယ်အနေနဲ့လည်း မတည်မငြိမ်လှုပ်ရှားခဲ့ရာ တစ်ရက်အိတ် ၁၀၀၊ ၅၀၀၊ ၁၅၀၀ အသီးသီး ပုံမှန်မရှိခဲ့ဘူးလို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

အဲဒီလို ပေါက်ဈေးနဲ့ ရောင်းလိုဝယ်လိုအား ဘယ်လိုပဲ မငြိမ်မသက်ဖြစ်နေပေမယ့် အခုတလော မုန်တိုင်းမိုးရေ မကြာခဏသောက်ရတဲ့ မုံရွာနယ်က ပဲစင်းငုံပင်တွေကတော့ လာမယ့်ရာသီသစ်မှာ ပွဲဝင်ဖို့ လန်းရွှင်ဖွံ့ထွားလျက်ရှိတာ မြင်တွေ့ရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



## မုံရွာဆီထွက်သီးနှံဈေးကွက် နှမ်းနက်တစ်မျိုးသာ ဈေးမာ

မုံရွာကုန်စည်ဒိုင် ဩဂုတ်လ လကုန်ပတ် ဆီထွက်သီးနှံဈေးကွက်မှာ တရုတ်ဝယ်လိုအားရှိတဲ့ နှမ်းနက်တစ်မျိုးသာ ဈေးမာခဲ့သလို အရောင်းအဝယ်လည်းသွက်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူ တစ်တင်း ကျပ် ၃၀၀၀၀ မှ ၃၁၀၀၀ အတွင်း ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက် အိတ် ၁၀၀ ခန့် နှမ်းညို (သစ်) ဟာ တစ်တင်း ၂၃၅၀၀ မှ ၂၄၃၀၀ ကျပ်အတွင်း ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် နှမ်းနက်ကတော့ တရုတ်ဝယ်လက်ရှိလို့ တစ်တင်းကျပ် ၅၀၀၀၀ ဝန်းကျင်မှာ ဈေးမာခဲ့သလို တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ကြား အရောင်းအဝယ်သွက်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးကွက်မှာ ဈေးဆက်လက်အေးခဲ့ရာ မြေပဲဆန်(နီ) မှာ တစ်ပိဿာ ၂၅၂၅ ကျပ်မှ ၂၃၀၀ ကျပ်၊ မြေပဲဆန်ဖြူမှာ တစ်ပိဿာ ကျပ် ၂၃၀၀ မှ ၂၁၂၅ ကျပ်နဲ့ ဆီဆန်မှာ တစ်ပိဿာ ၁၉၅၀ ကျပ်မှ ၁၈၅၀ ကျပ် အသီးသီးကျဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက်မြေပဲဆန်မျိုးစုံ အိတ် ၅၀၀ မှ ၇၀၀ ကြားဖြစ်နိုင်တယ်လို့ လေ့လာသိရှိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

## ပြည်စားတော်ပဲ ဈေးကောင်းပေမယ့် လက်လီသာ အဝယ်ရှိ

ပြည်ပဲမျိုးစုံ ဈေးကွက်မှာ လက်လီတစ်မျိုးသာ အဝယ်ဖြစ်နေပေမယ့် ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံ သီးနှံများနည်းတူ ဈေးကောင်းရနေတဲ့ သီးနှံကတော့ စားတော်ပဲ သီးနှံဖြစ်ပါတယ်။ ပဲတီစိမ်း ဈေးနှုန်းထက် ဈေးပိုရနေသလို လက်လီ ပဲဈေးထဲမှာလည်း ဈေးအမြင့်ဆုံး ရနေခဲ့ပါတယ်။

ယခုဩဂုတ်တတိယပတ်အတွင်း တစ်တင်း ၃၈၀၀၀ ကျပ်ဖြင့် လလယ်ဈေးထက် အနည်းငယ် လျှော့နည်းသွားပေမယ့် အခြားပဲများထက်တော့ ဈေးကောင်းရနေပြီး လဆန်းရက်က ဈေးအတိုင်း ပြန်လည်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခင်နှစ် ဩဂုတ်လအတွင်း တစ်တင်း ၃၂၀၀၀ ကျပ်ရရှိခဲ့ကာ ယခုနှစ်ဈေးကတော့ ဈေးဆက်ကောင်းနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

Vol: 16, No.32 Monday August 29 2016

# ပို့ကုန်တိုးမြှင့်ဖို့ ပဲတီစိမ်း များများတင်ပို့ကြစို့

|ခင်စန်းဝင်း-မူဆယ်|



မြန်မာနိုင်ငံရှိ ပြည်နယ်တိုင်း အားလုံးတွင် ပဲတီစိမ်း စိုက်ပျိုးကြပြီး ပဲတီစိမ်းစိုက်ဧကအနေနဲ့ ၂၈၉၇၄၉၇ ဧကရှိရာ ထွက်ရှိမှု တန်ချိန် ၁၅ သိန်းရှိတဲ့အနက် မျိုးစေ့၊ အလေအလွင့်၊ စားသုံးမှုအတွက် တန်ချိန် ၁၈၈၅၁၁ လျာထား ပြီး ပိုလျှံတန် ၁၃ သိန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချကြောင်း သိရှိရ ပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲတီစိမ်းများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ် ဧပြီလမှ ဇူလိုင်လအထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄၄ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၄၂၇၀ ဒသမ ၈၈၀ တန် တင်ပို့ခဲ့ပါတယ်။

ပဲတီစိမ်းကို မြန်မာနိုင်ငံ အထက်ပိုင်း တွင် စစ်ကိုင်း တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် မကွေးနဲ့ မန္တလေးတိုင်း ဒေသကြီး၊ မြန်မာနိုင်ငံအောက်ပိုင်းတွင် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်နဲ့ ကရင်ပြည်နယ်ဒေသများ တွင်လည်းကောင်း စိုက်ပျိုးကြပါတယ်။ ပဲတီစိမ်းမျိုးများတွင် အလင်းရောင်တုံ့ပြန်မှုရှိတဲ့ မျိုးနဲ့ အလင်းရောင်တုံ့ပြန်မှုမရှိတဲ့မျိုးဆိုပြီး နှစ်မျိုးခွဲခြားထားပါတယ်။ သက်တမ်းတို၍ အလင်းရောင်တုံ့ပြန်မှု မရှိသောမျိုးများသည် အချိန်ကာလမရွေး စိုက်ပျိုးနိုင်ကြောင်း သိရှိရပါတယ်။

ပဲတီစိမ်းသည် ဒေသအလိုက် စိုက်ပျိုးတဲ့ အချိန်နဲ့ စိုက်ပျိုးတဲ့စနစ်များ ကွဲပြားလျက်ရှိပြီး မိုးကြို၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ရာသီမရွေး စိုက်ပျိုးနိုင်ရန်မှာ ပဲရွေးချယ်မှုက အဓိကကျပါတယ်။ ပဲတီစိမ်း စိုက်ပျိုးရာတွင် ရာသီမရွေး စိုက်ပျိုးနိုင်တယ်ဆိုပေမယ့်လည်း အအေးဒဏ်လွတ် ကင်းရန်နဲ့ သီးတောင့်ရင့်မှည့်ချိန်တွင် မိုးမမိစေရန် စိုက်ပျိုးချိန်ကို အထူးသတိပြုရန် လိုအပ်ပါတယ်။ မြန်မာပြည် အထက်ပိုင်းတွင် အအေးဓာတ်မှ လွတ်မြောက်စေရန် စက်တင်ဘာလထက် နောက်ကျ၍

**မြန်မာ့ပဲတီစိမ်းများကို တရုတ်ကုန်သည်များက ပြန်လည်သန့်စင်ပြီး ယင်းတို့ ကုမ္ပဏီတံဆိပ် ရိုက်နှိပ်ကာ ပြန်လည် ရောင်းချကြပါတယ်။**

လည်းကောင်း၊ ဖေဖော်ဝါရီလ ဒုတိယပတ်ထက်စော၍လည်းကောင်း မစိုက်ပျိုးမိစေရန် အထူးသတိပြုသင့်ပါတယ်။

ပဲတီစိမ်းကို မည်သည့်စနစ်နဲ့ စိုက်သည်ဖြစ်စေ အပင်ပေါက်ကောင်းစေရန် ၁၈ နာရီမှ ၂၄ နာရီ ရေစိမ်ပြီး ချက်ချင်းကြဲသင့်ပါတယ်။ မကြဲဘဲ ညသိပ်ထားပါက ပုပ်၍ မှိုစွဲနိုင်ခြင်း၊ မျိုးစေ့ခြောက်သွားပြီး သန္ဓေသား ပျက်စီးခြင်းတို့ ဖြစ်စေနိုင်ပါတယ်။ ပဲတီစိမ်းအထွက်တိုးစေရန်အတွက် စိုက်ပျိုးချိန်အလိုက် ဂရုပြုဆောင်ရွက်မှသာ ပဲအထွက်နှုန်း ကောင်းမှာ ဖြစ်ပါတယ်။

ပဲတီစိမ်းကို တစ်ဖက်နိုင်ငံသို့ တင်ပို့မည်ဆိုပါက လိုင်စင်လျှောက်ထားရန် မလိုဘဲ အကောက်ခွန်ဦးစီး ဌာနမှ ပို့ကုန်ကြေညာလွှာED နဲ့ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ၂ ရာခိုင်နှုန်း အခွန်ဆောင်ပြီး တင်ပို့လို့ရပါတယ်။ တရုတ်ဘက်တွင် ရွှေလီမြို့ရှိ အကောက်ခွန်ဦးစီးဌာနမှာ ပဲတီစိမ်း တစ်တန်လျှင် ၁၆၀ ယွမ် အခွန်ဆောင်ရကြောင်း သိရှိရပါတယ်။ ပဲတီစိမ်းက မြန်မာနိုင်ငံဘက်မှ တရားဝင် တင်ပို့ခွင့်ပြုထားသလို တရုတ်နိုင်ငံဘက်မှလည်း တရားဝင် တင်သွင်းခွင့် ပြုထားတဲ့ ပစ္စည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှ ပဲတီစိမ်း (အညာ)၊ ပဲတီစိမ်း (ရွှေဝါ)၊ ပဲတီစိမ်း (ခရမ်း)များကိုဝယ်ယူပြီး တရုတ်ဘက်မှ ပဲတီစိမ်း (ရွှေဝါ)ကို ပိုကြိုက်ကြောင်းနဲ့ ပဲတီစိမ်း(အလုံး) သာမက ခွဲခြမ်းနဲ့ အခွံချွတ်ကိုလည်း ဝယ်ယူကြကြောင်း ပဲတီစိမ်းအတွက် ကိုတာစနစ်မရှိကြောင်း၊ ပဲတီစိမ်း(ရွှေဝါ)တစ်တန်လျှင် ၆၈၈၀ ယွမ်မှ ၇၀၀၀ ယွမ်အထိဈေးရရှိ ကြောင်း၊ ငွေလဲနှုန်းပျမ်းမျှ တစ်ယွမ်လျှင် ၁၇၈ ကျပ်နှုန်းအရ တစ်တန်လျှင် ၁၂၂၄၆၄၀ ကျပ်မှ ၁၂၄၆၀၀၀ ကျပ်ဈေး ရရှိပါတယ်။ တရုတ်နိုင်ငံတွင် စက်တင်ဘာလနဲ့ အောက်တိုဘာလတွင် ပဲတီစိမ်းများ ဝယ်ယူသော်လည်း မြန်မာနိုင်ငံမှာမူ ပဲတီစိမ်းများကို တစ်နှစ်ပတ်လုံး ဝယ်ယူကြပါတယ်။

ဝယ်ယူပြီးသည့် ပဲတီစိမ်းများကို တစ်ဖက်နိုင်ငံသို့ ပေးပို့ရာတွင် မြန်မာနိုင်ငံမှ ကားများနဲ့ ကြူကုတ်- ပန်ဆိုင်း လမ်းများမှသွားပြီး ဝမ်တိန်ဘက်ခြမ်းရှိ တရုတ်ဂိုထောင်များတွင် ကုန်ပစ္စည်းများကိုချပြီး တရုတ်ကားများဖြင့် အဆိုပါ ဂိုထောင်များတွင် လာရောက်သယ်ယူကြသလို၊ အချို့ကားများသည် ရွှေလီရှိဂိုထောင်များတွင် ပဲများကို ချပေးကြကြောင်း၊ အလုပ်သမားခအနေနဲ့ ပဲတီစိမ်း တစ်တန်လျှင် မူဆယ်ဘက်၌ အတင်၊ အချ ၂၄၀၀ ကျပ် ဖြစ်ပြီး တစ်ဖက်နိုင်ငံ၌ယွမ် ၂၀ ဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာ့ပဲတီစိမ်းများကို တရုတ်ကုန်သည်များက ပြန်လည်သန့်စင်ပြီး ယင်းတို့ကုမ္ပဏီ တံဆိပ်ရိုက်နှိပ်ကာ ပြန်လည် ရောင်းချကြပါတယ်။ ပြန်လည်သန့်စင်ပြီး ပဲတီစိမ်းများကို တရုတ်ကုန်သည်က ပြည်မထဲသို့ ပြန်လည်ရောင်းချပါက မေလနဲ့ ဇွန်လတွင် တစ်တန်လျှင် ၇၉၀၀ ယွမ်ခန့် ဈေးရရှိကြောင်းနဲ့ ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ကွမ်တုံ ပြည်နယ်နဲ့ ဟူနန်ပြည်နယ်တို့မှ အများအပြား ဝယ်ယူကြောင်း သိရှိရပါတယ်။

တစ်ဖက်နိုင်ငံတွင် ပဲတီစိမ်းကို အမှုန့်ကြိတ်ပြီး မုန့်မျိုးစုံ၊ အချိုမှုန့်၊ ပဲကြာဆန်လုပ်ခြင်း၊ ပဲဆန်ပြုတ် ပြုလုပ်၍ စားသုံးခြင်း၊ ပဲတီစိမ်းအားဖြည့်အဖျော်ရည်ပြုလုပ်ခြင်း၊ အပူဒဏ်ပြင်းချိန်တွင် ဝမ်းအေးအောင်စားခြင်း၊ ရေခဲချောင်းထဲတွင် ထည့်သွင်းစားသုံးခြင်းနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်၍ ဂျပန်နိုင်ငံနဲ့ တရုတ် (တိုင်ပေ) သို့ တင်ပို့ပါတယ်။ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြု ကြပါတယ်။ ငွေပေးချေမှုကတော့ မြန်မာနိုင်ငံမှ ကုန်သည်က တရုတ်နိုင်ငံမှာ ဘဏ်အကောင့်ဖွင့်ထားပြီး ရောင်းရပစ္စည်း တန်ဖိုးငွေကို တရုတ်ကုန်သည်က မြန်မာကုန်သည် ဘဏ်စာရင်းထဲ ထည့်ပေးထားခြင်း၊ အချို့ကုန်သည်များကတော့ မိမိအတွက် စီးပွားရေး တွက်ခြေကိုက်တဲ့ ဥပမာ-မြေဆီများ ပြန်ဝယ်ယူကြောင်း သိရှိရပါတယ်။ မူဆယ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နဲ့ တရုတ်နိုင်ငံရှိ ICBC, CCB, ABC ဘဏ်တို့နဲ့ စာချုပ်ချုပ်ဆိုထားသဖြင့် ပဲတီစိမ်း ပို့ကုန်လုပ်ငန်းရှင်များ ငွေပေး၊ ငွေယူ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘဏ်များကို အသုံးပြု၍ ဆောင်ရွက်ပါက ပိုမိုစိတ်ချရမှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံသို့ တင်ပို့သည့် ပဲတီစိမ်းများသည် မူဆယ်မြို့မှ တင်ပို့ကြသလို ချင်းရွှေဟော်ဘက်မှလည်း တင်ပို့ကြပါတယ်။ တရုတ်နိုင်ငံသို့ ပဲတီစိမ်း တင်ပို့မှုတွင် ASEAN-CHINA သဘောတူညီချက် (Form E) နဲ့ တရုတ်နိုင်ငံမှ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် တစ်ဖက်သတ်အကောက်ခွန်ကင်းလွတ်ခွင့် (Form China) ရပြီး ဈေးပိုမို ရရှိရန် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အခွန်ကင်းလွတ်ခွင့် Form E နဲ့ Form China တို့ကို ပဲတီစိမ်း တင်ပို့မယ့် ကုန်သည်များ လျှောက်ထားပါက ထုတ်ပေးလျက်ရှိပါ တယ်။

ပဲတီစိမ်း (ကုန်ကြမ်း)များသာမက စံချိန်စံညွှန်း ပြည့်မီတဲ့ အရည်အသွေးကောင်းမွန်တဲ့ တန်ဖိုးမြှင့် ထုတ်ကုန်(Value Added)များပါ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးသူ တောင်သူများနဲ့ ကုန်သည်လုပ်ငန်းရှင်များ နည်းပညာဖွံ့ဖြိုး တိုးတက်မှသာ ထုတ်လုပ်တင်ပို့နိုင်မှာ ဖြစ်သည့်အတွက် အသေးစားအလတ်စား စက်မှု လုပ်ငန်းရှင်များနဲ့ အလုပ်ရုံ ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များကို သက်ဆိုင်ရာ ကုန်သည်ကြီးများအသင်းနဲ့ ချိတ်ဆက် ဆောင်ရွက်သွားသင့်ပါကြောင်း၊ ပဲတီစိမ်းဈေးပိုမိုရရှိရေးအတွက် end user နဲ့ ချိတ်ဆက်နိုင်ရန် ပဲတီစိမ်း အဓိက အသုံးပြုမယ့် ပြည်နယ်များသို့ ကုန်သည်အသင်းအဖွဲ့များအနေနဲ့ သွားရောက်ချိတ်ဆက်ဆောင်ရွက်သင့်ကြောင်း၊ ပဲတီစိမ်းပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး တင်ပြလိုက်ရပါတယ်။

■

## ချင်း

### ပြည်ချင်းဈေးကွက် ပုံမှန်ဈေးဖြင့် အရောင်းအဝယ်အေး

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်သို့ အောင်ပန်းချင်းများ အဝင်နည်းလာပြီး ယခင်ကတစ်ပတ်လျှင် ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့် အဝင်ရှိခဲ့ပြီး ယခုအခါမှာတော့ အိတ် ၅၀ ခန့်သာ အဝင်ရှိတော့တယ်လို့ သိရပါတယ်။ အဝင်နည်းပေမယ့် ဈေးနှုန်းမှာ ပုံမှန်ရှိနေပြီး တစ်နေ့ကို ပိဿာချိန် ၃၀၀ခန့် အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။ ပြည်ဈေးကွက်ရှိ ချင်းဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၁၂၀၀ ကျပ်ရှိပြီး၊ လက်လီလက် ကားရောင်းဝယ်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ အနည်းငယ်တင်ပို့လျက်ရှိတယ်လို့ သိရှိရပါတယ်။ **ဝင်းဝင်းခိုင်**

### မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အောင်ပန်းနဲ့ ဟိုပုံးချင်းဈေးကွက် အရောင်းအဝယ်အေး

ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ ဇွန်လကတည်းက မိုးအဆက်မပြတ် ရွာသွန်းခဲ့ပါတယ်။ ဒီလတွေမှာ မိုးပိုကောင်းလာတာကြောင့် သီးနှံတွေ အဝင်နည်းလာသလို အရောင်းအဝယ်ကလည်း ပါးလာပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ချင်း(ဥမ) က ပုံမှန်သာအဝင်ရှိနေပါတယ်။ ဝယ်လက်ကလည်း အနည်းငယ်သာ အဝယ်ရှိနေလို့ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မိုးကောင်းတာကြောင့် ခြံရှင်တွေကလည်း (ဥမ)ကိုသိပ်ပြီးမဖော်ဖြစ်ကြပါဘူး။ ရုံမှာလှောင်ထားတဲ့ ပစ္စည်းတွေသာ ရောင်းနေရတယ်လို့ သိရပါတယ်။ အရင်နှစ်တွေက ချင်း (ဥမ)ပေါ်ချိန်မှာ ဝယ်လက်တွေက (ဥမ)ကို အဝယ်များနေပေမယ့် ဒီနှစ်တော့ ရာသီဥတုကြောင့် အရောင်းအဝယ်က မနှစ်ကလောက် မကောင်းဘဲ တစ်လလုံးလိုလို အရောင်းအေးနေတယ်လို့သိရပါတယ်။ ချင်းစိုက အရောင်းအေးနေသလို ချင်းခြောက်ကလည်း အေးနေပါတယ်၊ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို)က တစ်ပိဿာ ၄၀၀ ကျပ်၊ ၄၅၀ ကျပ်ဈေးရှိပြီး၊ ချင်းခြောက်ကတော့ တစ်ပိဿာ ၁၄၀ကျပ်၊ ၁၅၀ကျပ် ဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း ချင်း(စို) အဝင်နည်းနေပြီး အရောင်းအဝယ်ကလည်း အေးနေပါတယ်၊ တစ်ပိဿာပေါက်ဈေးကတော့ ၂၅၀ကျပ်၊ ၃၀၀ ကျပ်ဈေးသာရှိတယ်လို့ ဟိုပုံးပွဲရုံတွေကသိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

### တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစို တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၆၂၁၆၇ တန်ဖိုးရှိ ချင်းခြောက် တန် ၄၀ တင်ပို့နိုင်ခဲ့သလို မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးနဲ့ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ် လာ၅၆၂၈၀ တန်ဖိုးရှိ ချင်းစို ၁၅၃ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မောင်တောမှ တန် ၁၅၀ နဲ့ စစ်တွေမှ ၃ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေနဲ့ မောင်တောမှသာ ချင်းစိုတန် ၁၆၀ တင်ပို့ခဲ့ပါတယ်။

မူဆယ်မှာ ချင်းခြောက် တစ်တန်ကို (ငွေလဲနှုန်း အရ) မိမိဖက်ပေါက်ဈေးမှာ ၁၈၂၉၇၂၀ ကျပ်ဖြစ်ပြီး စစ်တွေ၊ မောင်တောမှာတော့ချင်းစိုတစ်တန်လျှင် ၉၀၀၇၅၂ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ချင်းတင်ပို့မှုလျော့

ဩဂုတ် ၁၄ ရက်မှ ၂၀ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ စင်ကာပူနိုင်ငံသို့ ချင်း ၈ ဒသမ ၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်း ၂၄ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၁၅ တန်ကျော် တင်ပို့မှု လျော့ခဲ့ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၄၃၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

### ပင်လယ်ရေကြောင်းမှ မန်ကျည်း တန် ၂၀၀ ကျော်တင်ပို့

ဩဂုတ် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၂၃၃တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လနောက်ဆုံးပတ်မှစပြီး အပို့ပျောက်ခဲ့တဲ့ မန်ကျည်းကဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားသို့ ၉၆ တန်၊ စင်ကာပူသို့ ၄၁တန်နဲ့ ဘူလ်ဂေးရီးယားသို့ ၉၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၂၇၉၅ ဝင်ငွေရရှိခဲ့တယ်။

**သီတာဝင်း(DOT)**

## နနွင်း

### နနွင်းတင်ပို့အားကောင်း

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း နနွင်း ၂၉၃ ဒသမ ၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားသို့ ၁၈၅ တန်နဲ့ စင်ကာပူသို့ ၁၀၈ ဒသမ ၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတင်ပို့တန်ချိန်မှာ တန်ချိန် ၁၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၁၀ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားသို့ နနွင်းအများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၀၂၆၉၁ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### ရှမ်းနနွင်းဈေးကွက် အရောင်းအဝယ်အေး

ရာသီဥတုရဲ့ အကျိုးဆက်ကြောင့် သီးနှံတွေလည်း အထွက်နှုန်း မကောင်းသလို၊ အရောင်းအဝယ်ကလည်း မကောင်းဘူးလို့သိရပါတယ်။ နနွင်းအဝင်လည်း သိပ်မရှိတော့ပါဘူး၊ နေ့စဉ်မိုးမပြတ်တာကြောင့် ခြံရှင်တွေကလည်း သွားလာရခက်ခဲနေပါတယ်။ ဒါကြောင့် ခြံထဲမှာကျန်တဲ့ လက်ကျန် နနွင်းတွေကိုလည်း ဖော်လို့မရဘူးလို့သိရပါတယ်။ ခြံရှင်အချို့က ဈေးကောင်းတာကိုစောင့်ပြီး မဖော်ကြဘဲ မြေကြီးထဲမှာသာ ထားကြပါတယ်။ ငွေလိုမှ ဒါမှမဟုတ်ဈေးကောင်းမှသာ ဖော်ကြပေမယ့် ဒီနှစ်ကအရင်နှစ်တွေထက် မိုးကောင်းတာကြောင့် ထပ်ပြီးဖော်လို့မရဘူးလို့ သိရပါတယ်။ နနွင်းကိုတော့ ပုံမှန်ဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်ဝယ်လက်ရယ် ဈေးပတ်သမားတွေဖြစ်တဲ့ တပ်ကုန်းဝယ်လက်တွေကသာ ဝယ်ယူနေတာကြောင့် အရောင်းအဝယ်အနည်းအကျဉ်းဖြစ်နေ တယ်လို့သိရပါတယ်။ တစ်ပတ်အတွင်းမှာ နနွင်း ပိဿာချိန်ပေါင်း ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာပေါက်ဈေးက (လတ်စ) ဆိုရင် ၁၅၀၀ ကျပ်မှ ၁၈၅၀ ကျပ် ဈေးရှိတယ်လို့သိရပါတယ်။

ဆင်တောင်နနွင်းတွေကိုတော့ ပြီးခဲ့တဲ့တစ်ပတ်က ရန်ကုန်ဝယ်လက်က ပိဿာချိန် ခြောက်ရာခန့် ဝယ်ယူသွားတယ်လို့သိရပြီး တစ်ပိဿာပေါက်ဈေးက ၂၅၀၀ကျပ်ဈေးရှိတယ် သိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## ကြက်သွန်နီ

### တရုတ်နယ်စပ်နဲ့ ထိုင်းနယ်စပ်များသို့ ကြက်သွန်နီတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဩဂုတ်တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၁၀၇၅၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၁၅၅၀ နဲ့ မြန်မာ-ထိုင်း နယ်စပ် ရှိ မြဝတီကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ ၇၈၅၅၉ တန်ဖိုးရှိကြက်သွန်နီ ၂၂၂တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ တန် ၁၁၀၀၊ မြဝတီမှ ၃၅၅ တန်ကျော်၊ တာချီလိတ်မှ တန် ၁၀၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ကြက်သွန်နီတင်ပို့မှု အနည်းငယ်လျော့နည်းသွားခဲ့ပါတယ်။

မူဆယ် ကုန်စည်ဒိုင်သို့ ကြက်သွန်နီကား တစ်နေ့ကို ပျမ်းမျှ ၁၃ စီးခန့်ဝင်ရောက်ကြောင်း၊ မူဆယ်တွင် ဩဂုတ် ၁၅ ရက်က ကြက်သွန်နီတစ်တန်ကို မိမိဘက်ပေါက် ဈေး ၃၁၅၈၈၀ ကျပ်နဲ့ မြဝတီကုန်စည်ဒိုင်မှာတော့ ၃၀၅၆၇၆ ကျပ်မှ ၄၂၀၂၇၃ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ပခုက္ကူ ကြက်သွန်နီဈေးကွက်အတွင်း ဈေးမှန်အရောင်းမှန်

ပခုက္ကူဈေးကွက်အတွင်းသို့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ နောက်ဆုံးပတ်အတွင်းက မိုးစိုက်(ဉစိုက်) ကြက်သွန်နီများ စတင်ဝင်ရောက်ခဲ့ပြီး တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၂၅၀၀၊ အနိမ့်ဈေး ကျပ် ၁၄၀၀ ဈေးဖြင့် ဈေးကောင်းရရှိခဲ့ပြီး၊ ကြက်သွန်နီစိုက် တောင်သူများမှာ အကျိုးအမြတ်ဖြစ်ထွန်းခဲ့ကြသည်။

သို့သော် ဆောင်းစိုက်(ပင်စိုက်) များကို ပိုမို စိုက်ပျိုး၍ ဖြစ်ထွန်းအောင်မြင်ခဲ့သော်လည်း ကြက်သွန်နီစိုက်တောင်သူများ မျှော်မှန်းသလို ဈေးကောင်းမရဘဲ ဆောင်းစိုက် (ပင်စိုက်)များ ပေါ်ချိန်တွင် တစ်ပိဿာလျှင် အမြင့် ကျပ် ၆၀၀၊ အနိမ့် ကျပ် ၅၀၀ ရှိခဲ့ရာမှ တဖြည်းဖြည်း ဈေးနှုန်းကျဆင်းလာခဲ့သည်။

ကြက်သွန်နီစိုက် တောင်သူများနှင့် သိုလှောင်သူများမှာ လက်ကျန်နည်းလာသည်နှင့်အမျှ ဈေးအတက်ကို မျှော်မှန်းခဲ့သော်လည်း ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် အမြင့် ကျပ် ၄၈၀၊ အလတ် ကျပ်၄၅၀၊ အနိမ့် ကျပ် ၄၀၀သာ ရှိခဲ့သည်။ ကြက်သွန်နီ၏ ကြာလေလျော့လေ သဘာဝအရ အကျိုးအမြတ်ဖြစ်ထွန်းမှု နည်းပါးသော်လည်း ဈေးအတက်အကျ မရှိဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဥပုသ်နေ့မှလွဲ၍ နေ့စဉ် ပိဿာချိန် ၃၀၀၀၀ မှ ၄၀၀၀၀ အထိ အရောင်း အဝယ်ဖြစ်လျက်ရှိပါသည်။

လက်လီဈေးမှာ တစ်ပိဿာလျှင် အမြင့် ကျပ် ၈၀၀၊ အလတ် ကျပ် ၇၀၀၊ အနိမ့် ကျပ် ၆၀၀ ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ရှိပါသည်။ ရေကြီးနစ်မြုပ်မှုကြောင့် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးခြင်း မရှိဘဲ ပုံမှန် ရောင်းဝယ်လျက်ရှိကြောင်း သိရပါသည်။ **ချယ်ရီမြင့် (ပခုက္ကူ)**

## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်တို့မှ တစ်ဖက်နိုင်ငံသို့ သီဟိုဠ်စေ့ တန် ၇၀ နီးပါး တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၉ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၆၀ကျော်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၂သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ရှစ်တန်ခန့်ကို တစ်ဖက်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်ကထက် မူဆယ် ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း မြဝတီကုန်သွယ်ရေးဇုန်မှ ယခင်တစ်ပတ်က တင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှသာ တင်ပို့နိုင်တာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လမှာတော့ မူဆယ် ကုန်သွယ်ရေး ဇုန်မှ သီဟိုဠ်စေ့ ၇၁ တန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၁၂ တန် တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးဇုန်အသီးသီးမှ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ပရဆေး

### စခန်းစုံမှ ပရဆေးကုန်ကြမ်း တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်မှ ဩဂုတ်လ တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၃သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၉ မျိုး တန်ချိန်အားဖြင့် ၃၀၃တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ကုန်ကြမ်းတွေကတော့ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ မာလာဥခေါင်း၊ တောဂျင်း၊ မိကျောင်းကွမ်းဖတ်စေ့၊ ရွှေးရွက်၊ ဒရင်ကောက်မြစ်၊ ကြောင်ပန်းစေ့နဲ့ နေလဲစေ့တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တန် ၂၄၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ မူဆယ်မှ ပရဆေး ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၄၃၇၇၅ တန်ဖိုး ရှိကြက်ဆူစေ့ ၃၄၈တန်ကျော်ကို လည်းကောင်း၊ မြန်မာ- ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅၈၀၅ တန်ဖိုးရှိ ဆီးဖြူသီးခြောက် ၁၀ တန်နီးပါးကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့ကြပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိတမူး ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၉၆၈၈ တန်ဖိုးရှိ တောင်လုံးကျော် တစ်တန်နီးပါး တင်သွင်းခဲ့ပါတယ်။ **မော်မော်အောင်**

# ရက် ၁၀၀ လွန်သော်

ခင်မောင်ညို (ဘောဂဗေဒ)

**(၁) လက်တွေ့**

NLD အစိုးရသစ်တက်လာပြီး ဝန်ကြီးဌာနတွေ ပေါင်းမယ်။ လျှော့ချမယ်လို့ကြားတော့ စိတ်ပူပါတယ်။ တက်လာတဲ့သူတွေက လူသစ်တွေဖြစ်လို့ လုပ်ငန်းတွေအကြောင်း၊ အခုမှ စတင်လေ့လာကြရမှာ၊ လုပ်စရာတွေ လေ့လာစရာတွေက အများကြီး။ ဌာနတွေပေါင်းလိုက်တော့ မနိုင်မနင်းဖြစ်နေလေမလားဆိုတာ စိုးရိမ်စရာပါ။ အခုအချိန်မှာ မကြာခဏ ကြားရတဲ့ အသံက တင်ပြထားတာတွေ၊ ဆုံးဖြတ်ချက်တောင်းထားတာတွေ၊ ကြန့်ကြာနေတယ်ဆိုတဲ့ မူလက စိုးရိမ်ပူပန်တဲ့အတိုင်း ဖြစ်နေလေရော့သလား? ရက်တိုသေးတယ်။ ကာလတိုသေးတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီအချိန်ကာလအတွင်းမှာ ဖြစ်သင့်တာတွေ၊ လုပ်သင့်တာတွေ ဖြစ်နိုင်ခဲ့သလား၊ လုပ်နိုင်ခဲ့သလား၊ ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ ဌာနတွေ ပြန်လည်ဖွဲ့စည်းရာမှာ၊ မျှော်လင့်တာထက် မြန်မြန်ဆန်ဆန် ဖြစ်ခဲ့တယ်ဆိုတဲ့ သုံးသပ်ချက်ကိုလည်း ကြားလိုက်ရပါတယ်။ ဒီလိုပဲ ဖြစ်စေချင်ပေမယ့် သုံးသပ်ချက် မှန်မမှန်မသိပါ။

နောက်တစ်ခုက အစိုးရသစ်နဲ့ ဝန်ထမ်းဟောင်းများအကြား ဆက်ဆံရေးပါ။ ဝန်ထမ်းဆိုတာက တက်လာတဲ့ အစိုးရ ကိုယ့်အစိုးရလို့ပဲ သဘောထားကြတဲ့သူ များပါတယ်။ ပြည်သူ့ဝန်ထမ်းပဲခေါ်ခေါ်၊ အစိုးရဝန်ထမ်းပဲခေါ်ခေါ်၊ အစိုးရရဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေကို ဦးလည်မသုန် နာခံကြတဲ့သူတွေ များပါတယ်။ အစိုးရဟောင်းကိုပဲ၊ ဆက်လက် သစ္စာခံနေတဲ့ သူတွေလို့ မြင်ဖို့ မလိုပါဘူး။ ဝန်ထမ်းဟောင်းတွေကိုပဲ အစိုးရသစ်က ကိုယ်လိုချင်တဲ့ လမ်းကြောင်းပေါ် ခေါ်ဆောင်သွားရမှာ၊ စည်းရုံးသိမ်းသွင်းသွားရမှာ ဖြစ်ပါ တယ်။ ဝန်ထမ်းဟောင်းတွေကြောင့် အလုပ်မဖြစ်ဘူးလို့ ဆင်ခြေပေးရတာ လွယ်ပေမယ့် အလုပ်ဖြစ်အောင် အသုံးချဖို့က ကိုယ့်တာဝန်လို့မြင်ပါတယ်။

အခုအခါ အစိုးရသစ်ရဲ့ စီးပွားရေးမူဝါဒ (၁၂)ချက် ပေါ်ထွက်လာခဲ့ပြီ။ အဲဒီ(၁၂)ချက်ကို



သက်ဆိုင်ရာဌာနတွေမှာ ဘယ်အဆင့်လောက်အထိ သိဖို့ လိုအပ်သလဲ။ အခု ဘယ်သူ တွေ သိနေကြပြီလဲ? အဲဒီစီးပွားရေးမူဝါဒတွေအပေါ် အခြေခံပြီး၊ ကိုယ့်ဌာနတွေက ဘာတွေပြင်ဆင်ကြမလဲ၊ ဘာတွေ လုပ်ကြရမလဲဆိုတာ သိဖို့ လိုအပ်ပါတယ်။ မသိဘဲ လုပ်နေရင်တော့ မူဝါဒ တခြား၊ လုပ်နေတာတွေက တခြားဖြစ်ပြီး၊ လွဲချော်နိုင်ပါတယ်။

ဝန်ထမ်းတွေဟာ အများအားဖြင့် လက်ရှိစည်းမျဉ်း စည်းကမ်းတွေအရ အလုပ်လုပ်ကြတဲ့သူတွေ ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေကောင်းတာ မကောင်းတာ၊ အား နည်းတာ၊ အားကောင်းတာက တစ်ပိုင်းပါ။ နိုင်ငံ တာဝန်ကို ယူကြရတဲ့သူတွေနဲ့ အဲဒီ စည်းမျဉ်း စည်းကမ်းတွေကို နားလည်ဖို့လိုပါတယ်။ မကောင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ အားနည်းတဲ့ စည်းမျဉ်း စည်းကမ်းတွေဆိုရင်လည်း ပြုပြင်ရမှာပါ။ အဲဒီလိုမဟုတ်ဘဲ ဆန္ဒတွေစောပြီး လက်ရှိစည်းမျဉ်း စည်းကမ်းတွေကို နားမလည်ဘဲ အလုပ်လုပ်ရင် စေတနာရှိသော်လည်း ကိုယ်တိုင်က စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်သူ ဖြစ်သွားနိုင်ပါတယ်။

ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပြည်သူက ရွေးချယ် တင်မြှောက်ထားတဲ့သူတွေ ဖြစ်တယ်။ ပြည်သူ့အသံကို နာခံကြရမယ်။ ပြည်သူကို ကိုယ်စားပြုရမယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဌာနဆိုင်ရာကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်လို့ မရသလို၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေကို အမိန့် ပေးလို့ မရပါဘူး။ တစ်ခါတစ်ရံ စေတနာကောင်းရှိသော်လည်း လုပ်နည်းလုပ်ဟန် မှားယွင်းရင် ဝန်ထမ်းနဲ့ ပြည်သူကို ရန်တိုက်ပေးသလိုဖြစ်ပြီး ဆေးအတွက် လေးသွားနိုင်တာကို သတိပြုဖို့ လိုပါတယ်။

အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ တာဝန်နဲ့ ဥပဒေပြုရေး မဏ္ဍိုင်တို့ရဲ့ ကွဲပြားခြားနားမှုကိုနားလည်သဘောပေါက်ဖို့ လိုပါတယ်။ ဥပဒေပြုရမယ့်သူတွေက ဥပဒေတွေ လုပ်ထုံးလုပ်နည်း တွေကို ချိုးဖောက်မိတာမျိုး ဖြစ်ချင်ကြမယ် မထင်ပါဘူး။

နောက်တစ်ခုက မြန်မာနိုင်ငံမှာ ပညာရှင်တွေ အတော်ရှားပါးတယ်လို့ သိထားတဲ့ကြားက ပညာရှင်တွေ ပေါ်ထွက်လာတာ တွေ့ရလို့ ဝမ်းသာစရာပါ။ ဒါပေမဲ့ ပညာရှင်ဆိုတာမျိုးက နယ်ပယ်တစ်ခုမှာသာ ကျွမ်းကျင်တာမျိုးဖြစ်ပြီး တခြားနယ်ပယ်မှာတော့ ကျွမ်းကျင်တဲ့ သူမဟုတ်လေတော့ လူမှန်နေရာမှန်ဖြစ်ဖို့ လိုပါတယ်။ ပြီးတော့ ပညာရှင်နဲ့ လုပ်ငန်းရှင်ဆိုတာကလည်း သဘောသဘာဝချင်း မတူပါဘူး။

**(၂)မူဝါဒအပိုင်း**

စီးပွားရေးမူဝါဒ (၁၂) ရပ် ထွက်ပေါ်လာခဲ့ပါတယ်။ တကယ်တော့ မူဝါဒတစ်ခုစီရဲ့ အောက်မှာ ရှိနေတဲ့ အချက်တွေကိုပါ ထည့်တွက်မယ်ဆိုရင် ဒီထက်များပါတယ်။ ဒုတိယ မူဝါဒအောက်မှာကိုက မူဝါဒသုံးခုလောက် ရှိနေတာပါ။

အခု မူဝါဒ(၁၂)ချက်ရဲ့ ထူးခြားချက်တစ်ခုက နိုင်ငံရေးနယ်ပယ်နဲ့ ဆက်နွယ်နေတဲ့ စီးပွားရေးမူဝါဒ ဖြစ်နေတာပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ရေးကို အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်တာ တွေ့ရတယ်။

ဒုတိယထူးခြားချက်က ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော မြန်မာ့စီးပွားရေး တိုးတက်မှုကို ဦးတည်တာတွေ့ရတယ်။

ပထမအချက်နဲ့ ပတ်သက်လို့ပြောရရင် အမျိုး သားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး ဦးစားပေး ဆောင်ရွက်နေတာဟာ စီးပွားရေး တိုးတက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ အထောက်အကူပြုစေနိုင်လို့လားဆိုတာ စဉ်းစားမိပါတယ်။ တစ်ဘက်ကလည်း စီးပွားရေး တိုးတက်မှုရှိမှ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဒေသဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်နိုင်မှာဖြစ်လို့ စီးပွားရေး တိုးတက်မှုရှိအောင်လည်း ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒီအတွက် စီးပွားရေးမူဝါဒတွေ ချပေးတာလို့ နားလည်ပါတယ်။

စီးပွားရေးတိုးတက်မှုရှိအောင် လုပ်ဆောင်ရာမှာ၊ သာမန်တိုးတက်မှုရှိရုံမျှသာမက၊ ပြည်သူကို ဗဟိုပြုပြီး အားလုံးပါဝင်နိုင်ရမယ်ဆိုတော့ ပိုပြီးတာဝန်ကြီးလာပါတယ်။ စဉ်ဆက်မပြတ် ရေရှည်တိုးတက်ဖို့လည်း ရည်မှန်းတယ်ဆိုတော့ အတော်လေး ကြိုးစားအားထုတ်ရမယ့်ကိစ္စပါ။ တစ်ခုသတိထားစရာက ရေရှည်စီးပွားရေးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်တာဟာ ရေတိုစီးပွားရေးတိုးတက်မှုကို ထိခိုက်စေခဲ့ရင် လက်ခံဖို့အဆင်သင့်ဖြစ်သလားဆိုတာ မေးစရာ ရှိပါတယ်။ ရေရှည်ကို ဦးတည်ပြီး လုပ်ဆောင်တာတွေဟာ ရေတိုထက်၊ ရေရှည်မှာ အကျိုးရှိ အသီးအပွင့် ခံစားရတတ်တာမျိုးတွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စီးပွားရေး မူဝါဒတွေနဲ့ ပတ်သက်လို့ ဝန်ထမ်းတွေ၊ တာဝန်ရှိသူတွေ၊ စာနယ်ဇင်းတွေနဲ့ ပြည်သူလူထု နားလည်သဘောပေါက်ကြစေဖို့ ရှင်းလင်း ဆွေးနွေးတာတွေ၊ ထပ်မံလိုအပ်လေမလားလို့ ဆင်ခြင်မိကြောင်းပါ။

## ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းအတွက် လျှောက်ထားနိုင်ရေး အစည်းအဝေးကျင်းပ

အမျိုးသားပို့ကုန် မဟာဗျူဟာရှိ ဦးစားပေး ကဏ္ဍများတွင် ပါဝင်သောပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကဏ္ဍ အရည်အသွေး စီမံခန့်ခွဲခြင်း ကဏ္ဍတို့နှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်လာစေရေးအတွက် အစားအစာလုံခြုံစိတ်ချရမှု တိုးတက်ရေးနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေး အစီအမံများဆိုင်ရာ စီမံကိန်းကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း၊ စံချိန်စံညွှန်းနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၏ ရန်ပုံငွေ အထောက်အပံ့ဖြင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ နည်းပညာ အကူအညီပေး အကောင်အထည်ဖော်လျက် ရှိပါသည်။

အဆိုပါ စီမံကိန်းနှင့် ပတ်သက်သည့် အခြေခံ အချက်အလက်ကောက်ယူမှုနှင့် ဈေးကွက်လေ့လာရေး စစ်တမ်းများအပေါ် ၂၀၁၆ခုနှစ်၊ ဇွန်လအတွင်း ရန်ကုန်မြို့၊ UMFCCI တွင် ကျင်းပခဲ့သည့် Validation Workshop တွင် ဆွေးနွေးချက်များအရ စီမံကိန်းဝင် အကျိုးရှိမည့်သူများအဖြစ် ပူးပေါင်းပါဝင် လုပ်ကိုင်ရန် ဆန္ဒရှိသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ လျှောက်ထားနိုင်ရေးအတွက်(Expression of Interest-EoI) ခေါ်ယူရန် ညှိနှိုင်းသည့် အစည်းအဝေးတစ်ရပ်ကို ဩဂုတ် ၂၆ ရက်တွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံး အမှတ်(၃)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

စီမံကိန်း အကောင်အထည်ဖော်မှုတစ်လျှောက် ပါဝင်ရန် ကတိကဝတ်ပြုသူများသည် စီမံကိန်းဝင် အကျိုးရှိသူများဖြစ်ပြီး ဆီထွက်သီးနှံကဏ္ဍ တန်ဖိုးကွင်းဆက် လုပ်ငန်းစဉ်တစ်လျှောက် အစားအစာများ အရည်အသွေး ပြည့်မီရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ၊ သိုလှောင်ရုံ ထိန်းသိမ်းမှု အလေ့အကျင့်ကောင်းများနှင့် သန့်ရှင်းမှု အလေ့အကျင့်များ တိုးမြှင့်စေရေးအတွက် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုစီမံကိန်းတစ်လျှောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ လမှ ၂၀၁၈ ခုနှစ်၊ ဧပြီလအတွင်း ပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာနနှင့် သုတေသနနှင့် ဆန်းသစ်တီထွင်မှုဦးစီးဌာနတို့မှ ပညာရှင် ကိုယ်စားလှယ်များ၊ ဆီထွက်သီးနှံ ပို့ကုန်လုပ်ငန်းရှင်များ၊ ပြုပြင်ထုပ်ပိုးသူများနှင့် ဆီစက်လုပ်ငန်းရှင်များ စုစုပေါင်း ၃၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ **မြတ်မြတ်ထိုက်မိုး**(NESUnit)

# စာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန် ၄၀၀ ကျော်ဝင်

ဩဂုတ် ၁၄ ရက်မှ ၂၀ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၂၂၁၆၂၂ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၁၄၉ ဒသမ ၆၆၇ တန်နဲ့ ကန်ဒေါ်လာ ၁၅၀၅၁၁၀၂ တန်ဖိုးရှိဓာတ်ဆီ ၂၉၃ဒသမ၄၉၄တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီအဝင် စုစုပေါင်းမှာ ၄၄၃ ဒသမ ၁၆၁ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ 92နဲ့ 95တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်၊ ဓာတ်ဆီအဝင်စုစုပေါင်းမှာ ၆ တန်ကျော်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်စခန်းမှ ကန်ဒေါ်လာ၉၀၀၂၄၅တန်ဖိုးရှိဒီဇယ် ၁၈၇၂တန်၊ ကန်ဒေါ်လာ ၁၇၅၂၈၀ တန်ဖိုးရှိ 92 တန်ချိန် ၃၄၀ တင်သွင်းခဲ့သလို တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၁၅၉၈၈ တန်ဖိုးရှိဒီဇယ် ၃၅တန်နဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ ၁၄၃၇၁ တန်ဖိုးရှိ ဒီဇယ် ၂၈တန်နဲ့ ကန်ဒေါ်လာ ၂၂၉၈၇ တန်ဖိုးရှိ ဓာတ်ဆီ ၄၁ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်ဈေးနဲ့ အဆင့်မြင့် ဒီဇယ်ဈေးမှာ ဈေးငြိမ်နေသော်လည်း 95 နဲ့ 92 မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၅၃၀ ကျပ်၊ အောက်တိန်း (92) ၅၄၀ ကျပ်၊ အောက်တိန်း (95) ၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၆၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဩဂုတ် ၂၂ရက်က ဒီဇယ်ဝယ်ဈေး ၁၀၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဓာတ်ဆီပီပါ ဈေးမှာ ဩဂုတ် ၂၂ ရက်တွင် ဝယ်ဈေး ၁၂၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီ ဈေးငြိမ်နေပေမယ့် ဒီဇယ်ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၃၀၀၀ နီးပါး ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ မပြောင်းဘဲ ဒီဇယ် ရော ဓာတ်ဆီပါ ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီက ဈေးငြိမ်ပြီး ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းက ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၃၈ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၅၈၀ ကျပ်၊ အောက်တိန်း (92) ၅၈၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ ဩဂုတ် ၂၂ ရက် ဒီဇယ်ဝယ်ဈေး ၁၁၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၄ရက်တွင် ဝယ်ဈေး၁၀၈၀၀၀ကျပ်၊ ရောင်း ဈေး ၁၁၃၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီ ဈေးမှာ ဩဂုတ် ၂၂ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ ဒီဇယ်မှာ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ ဈေးများမှာ ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၂၆၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီနဲ့ ဒီဇယ်ဈေးငြိမ်နေသော်လည်း အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ကျပ်၊ဒီဇယ်တစ်ဂါလန် ၂၅၆၅ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၄၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၅၀၀ကျပ် နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းရွှေဈေးများ အနည်းငယ် ပြန်လည်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဆက်တိုက်မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးနှုန်းများသည်ယခုတစ်ပတ်တွင် အနည်းငယ်ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဈေးကွက်အတွင်း၌ ရွှေဈေးများ မြင့်တက်နေမှုကြောင့် အရောင်းရောအဝယ်ပါ လုံးဝမရှိခဲ့ကြောင်း၊ ယခင်က ငွေလဲနှုန်းမြင့်တက်လျှင် ပြည်တွင်း၌ ရွှေဈေးများကျဆင်းလေ့ရှိသော်လည်း ယခုအခါတွင် ငွေလဲနှုန်းများမြင့်တက် မှုကြောင့် ရွှေဈေးများလည်း လိုက်ပါမြင့်တက်နေကြောင်း၊ ထို့ပြင် ယခင်က ပြည်တွင်း ရွှေဈေးများသည် ကမ္ဘာ့ရွှေဈေးနှင့်ယှဉ်ပါက အမြဲလိုလို ကွာဟနေကြောင်း၊ ယခုအခါတွင်မူ ပြည်တွင်း ရွှေဈေးများနှင့်ကမ္ဘာ့ရွှေဈေးများသည် တူညီလုနီးပါး ရှိနေသည်ကို တွေ့ရှိရကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးများသည် ဩဂုတ် ၂၂ ရက်က ကျပ် ၈၅၃၅၀၀ ရှိခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် ကျပ် ၈၆၈၅၀၀ သို့ မြင့်တက်ခဲ့သည်။ သို့သော် ဩဂုတ်လ ၂၆ ရက်တွင် ကျပ် ၈၅၈၅၀၀ သို့ ပြန်လည်ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၂၂ ရက်က ၁၃၃၆ ဒေါ်လာရှိခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် ၁၃၃၉ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၃၂၄ ဒေါ်လာသို့ ပြန်လည် ကျဆင်းခဲ့သည်။

**မယ်သီတာ**

## စတော့အိတ်ချိန်းတွင် မြန်မာနိုင်ငံသားများဘဏ် စတင်စာရင်းဝင်သည့်နေ့မှာပင် ကျပ် ၁၀၀၀ ဈေးတက်

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံသား များဘဏ်သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခုဖြစ်လာခဲ့ပြီး စတင်စာရင်းဝင်သည့်နေ့မှာပင် အရောင်းအဝယ်များဖြစ်ခဲ့ကာ ကျပ်တစ်ထောင် ဈေးမြင့်တက်ခဲ့ကြောင်း အစုရှယ်ယာဈေးကွက်မှ သိရသည်။ မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာ ဈေးနှုန်းသည် အခြေခံစံထား ဈေးနှုန်းမှာ ကျပ် ၆၈၀၀ ဖြစ်ရာ ဩဂုတ် ၂၆ ရက် စတင်ရောင်းဝယ်သည့်နေ့မှာပင် ကျပ် ၇၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ထပ်မံဝင်ရောက်လာသဖြင့် ရွေးချယ်စရာအခွင့်အလမ်းများ ယခင်ကထက်များပြားလာခဲ့ကြောင်း၊ နောက်ထပ်လည်း ဝင်ရောက်လာမည့်ကုမ္ပဏီများကို မျှော်လင့်လျက်ရှိနေကြောင်း အစုရှယ်ယာရောင်းဝယ်သူတစ်ဦးက ပြောကြားခဲ့သည်။ ယခုတစ်ပတ်တွင် MTSH ၏ရှယ်ယာဈေးနှုန်းများမှာ ယခင်တစ်ပတ်ကထက် ပြန်လည်မြင့်တက်လာခဲ့သော်လည်း FMI ၏ ရှယ်ယာဈေးနှုန်းများမှာမူ ယခင်ဈေး ကျပ်နှစ်သောင်းအတိုင်းသာရှိခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်းများ ကျပ် ၁၃၀၀ နီးပါးသို့ ရောက်ရှိပြီး ပြန်လည်ကျဆင်း

ယခုတစ်ပတ်တွင် ပြည်တွင်း ငွေလဲနှုန်းများသည် ကျပ် ၁၃၀၀ နီးပါး အထိ မြင့်တက်ခဲ့ပြီးမှ ကျပ် ၁၂၀၀ အထိ ပြန်လည်ကျဆင်းခဲ့ကြောင်းဈေးကွက်အတွင်းမှ သိရှိရသည်။

ဩဂုတ် ၂၃ ရက်တွင် အတက်ပြလာခဲ့သည့် ငွေလဲနှုန်းများသည် ဩဂုတ်လ ၂၄ ရက်တစ်ရက်တည်းမှာပင် အမြင့်ဆုံး ၁၂၂၈ ကျပ်သို့ ရောက်ရှိခဲ့သည်။ သို့သော် ထိုနေ့ညနေပိုင်းတွင် ၁၂၁၁ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့သည်။ နောက်ရက်များတွင် ဆက်လက်ကျဆင်းခဲ့ပြီး ရက်သတ္တတစ်ပတ်၏ဈေးပိတ်ရက်ဖြစ်သည့်သောကြာနေ့တွင် ၁၂၀၈ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။

“အဓိကဖြစ်တာက ဈေးကစားတာကြောင့်ပါ။ တစ်ရက်ထဲမှာ ဈေးကဆက်တိုက်တက်လာတယ်။ အရင်ရက်တွေတုန်းကတော့ သွင်းကုန်သမားတွေက အဝယ်များကြပေမယ့် အခုလို တစ်ရက်ထဲမှာ ဈေးမြင့်တက်လာတာက ကုန်သည်တွေရဲ့ ဈေးကစားမှုကြောင့်ပါ။ အဲဒီလိုမျိုး ဈေးကစားနေတာကလည်း ထုံးစံလိုဖြစ်နေပြီ။ အမြင့်ဆုံးကိုတက်သွားပြီဆိုရင် ပြန်ချကြတယ်။ ဈေးတက်တယ်ဆိုပြီး လိုက်ဝယ်ကြ၊ ပြီးတော့ ပြန်လည်းကျသွားရော ဈေးကွက်ထဲမှာ ပိုက်ဘောမိတဲ့သူတွေ ကျန်နေခဲ့ရော။ ဒီလိုမျိုးဈေးကွက်ထဲမှာ ဈေးကစားတဲ့သူတွေရှိနေလို့ ဈေးကွက်က အမြဲလိုလို လှုပ်နေတယ်။ ဈေးမငြိမ်ရင် ရောင်းရဝယ်ရတာ အဆင်ပြေမှာ မဟုတ်ဘူး” ဟု ဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြင်ပဈေးကွက်တွင် ရောင်းဈေးဝယ်ဈေးများ မြင့်တက်လာသော်လည်း ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းမှာမူ ၁၂၀၄ ကျပ်အထိသာ ရှိခဲ့သည်။

ငွေလဲစင်တာများတွင် ဩဂုတ်လ ၂၂ ရက်က ရောင်းဈေး ၁၂၀၇ကျပ်၊ ဝယ်ဈေး ၁၂၀၄ ကျပ်ရှိခဲ့သော်လည်း ဩဂုတ်လ ၂၃ ရက် ညနေပိုင်းတွင် ရောင်းဈေး ၁၂၁၈ ကျပ်၊ ဝယ်ဈေး ၁၂၁၅ ကျပ် ရှိခဲ့သည်။ ဩဂုတ်လ ၂၄ ရက်တွင် နံနက်ပိုင်းက ရောင်းဈေး ၁၂၂၁ ကျပ်၊ ဝယ်ဈေး ၁၂၁၇ ကျပ်ရှိခဲ့သော်လည်း နေ့လည်ပိုင်းတွင် ရောင်းဈေး ၁၂၂၈ ကျပ်၊ ဝယ်ဈေး ၁၂၂၃ ကျပ်အထိမြင့်တက်ခဲ့သည်။ သို့သော် ညနေပိုင်းတွင် ရောင်းဈေး ၁၂၁၁ ကျပ်၊ ဝယ်ဈေး ၁၂၀၇ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ သို့သော် နောက်ရက်များတွင် ဆက်လက်ကျဆင်းခဲ့ရာ ဩဂုတ်လ ၂၆ ရက်တွင် ရောင်းဈေး ၁၂၀၈ ကျပ်၊ ဝယ်ဈေး ၁၂၀၅ ကျပ်ရှိခဲ့ကြောင်းသိရသည်။

## Currency Exchange Rate

August 26, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.24 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.66 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.03 |
| I DR | Indonesia Rupiahs | 13234.47 |
| JPY | Japan Yen | 100.44 |
| MYR | Malaysia | 4.02 |
| PKR | Pakistan Rupees | 104.82 |
| PHP | Philippines Pesos | 46.34 |
| RUB | Russia Rubles | 64.70 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1113.53 |
| LKR | Sri Lanka Rupe | 145.75 |
| THB | Thailand Baht | 34.56 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22222.22 |

*Source : xe.com*

## World Gold Price

August, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1329 | 1333 | 1332 |
| 23 | 1336 | 1338 | 1338 |
| 24 | 1334 | 1336 | 1337 |
| 25 | 1330 | 1328 | 1329 |
| 26 | 1321 | 1323 | 1323 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22 -8- 2016 | 855.00 | 857.70 |
| 23 -8- 2016 | 863.00 | 863.30 |
| 24 -8-2016 | 870.00 | 867.00 |
| 25- 8- 2016 | 858.00 | 857.30 |
| 26 -8- 2016 | 856.50 | 856.10 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6 .66 | 34.70 | 78.35 | 67.19 |
| 23 | 6. 65 | 34.61 | 78.22 | 67.09 |
| 24 | 6 65 | 34.66 | 78.59 | 67.16 |
| 25 | 6 .66 | 34.60 | 78.48 | 67.10 |
| 26 | 6.66 | 34.56 | 78.24 | 67.03 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22 - August | 18.80 | 2309.44 | 1674.62 | 4834.82 | 1104.00 |
| 23 - August | 18.99 | 2334.30 | 1682.46 | 4826.53 | 1106.00 |
| 24 -August | 18.83 | 2335.20 | 1679.55 | 4762.02 | 1104.00 |
| 25 - August | 18.57 | 2333.18 | 1666.34 | 4714.53 | 1077.00 |
| 26 - August | 18.59 | 2362.75 | 1666.34 | 4723.34 | 1078.00 |

Source:kitco.com

## Energy NYMEX 26-8-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.27 | -0.06 | -0.13 |
| Brent Crude Futr (USD/bbl) | 49.54 | -0.13 | -0.26 |
| Gasoline Rbob Fut (Cent/gal) | 150.74 | -0.40 | -0.26 |
| Natural Gas Futr (USD/MMBtu) | 2.84 | -0.01 | -0.32 |
| Heating Oil Futr (Cent/gal) | 150.75 | -0.19 | -0.13 |

# ဘိလပ်မြေ

## ဘိလပ်မြေတန်ချိန် ကိုးထောင့်ကျော်သာဝင်

ဩဂုတ် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၇၉၉၇၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၉၄၉၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ တန် ၂၀ နဲ့ ထိုင်းနိုင်ငံမှ ၉၄၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် လေးသောင်းကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် အဝင် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ကာလတူကာလဖြစ်တဲ့ ၂၀၁၅ ဩဂုတ်လ ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ဘိလပ်မြေတန်ချိန် ခြောက်သောင်း တစ်ထောင်ကျော် တင်သွင်းခဲ့တာကြောင့် ယခုနှစ် တင်သွင်းမှုနဲ့ယှဉ်ရင် ဒီနှစ်မှာ ဘိလပ်မြေတင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

## ဘိလပ်မြေဈေးကွက် အရောင်းအဝယ်ပြန်အေး

ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၉၄၉၅ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၄၅၂၉၀ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၇၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၆၂၉၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၉၆၃၃ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၃၃၄ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ် နည်းနည်းလိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မိုးပါးလာတာကြောင့် တည်ဆောက်ရေးလုပ်ငန်းလေးတွေလည်း ပြန်လုပ်လာတာကြောင့် အိမ်ဆောက်ပစ္စည်း အရောင်းအဝယ်ပြန်ဖြစ်လာတယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အရောင်းအဝယ်လိုက် လာပေမယ့် ဘိလပ်မြေဈေးတွေနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်၅၂၂၅ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၈၅၀ ကျပ်နဲ့ စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးတွေ နည်းနည်းကျလာတယ်လို့ သိရပါတယ်။ အေသုံးလုံး၊ ကျားခေါင်းနဲ့ မြန်မာဆင်က ၃၀၀ ကျပ်၊ ဆင်နဲ့ စိန်က ၂၀၀ ကျပ် ဈေးကျလာပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၆၀၀ ကျပ်၊ မြန်မာဆင် ၄၃၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၆၀၀ ကျပ်၊ စိန်(ထိုင်း) ၆၆၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၂၀၀ ကျပ်၊ ကျားခေါင်း ၄၂၀၀ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အေသုံးလုံး၊ ကမ္ဘောဇနဲ့ နဂါးဘိလပ်မြေက ဈေးငြိမ်နေပြီး စိန်၊ ဆင်နဲ့ အပါချီဘိလပ်မြေများက ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၆၈၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၆၀၀ ကျပ်၊ ကမ္ဘောဇ ၄၃၀၀ ကျပ်၊ နဂါး ၄၈၀၀ ကျပ်၊ ဆင်(ထိုင်း)၆၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

# ဓာတ်မြေသြဇာ

## မြေသြဇာတန်ချိန် တစ်သောင်းကျော်ဝင်

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၃၆၇၂၉၄၀ တန်ဖိုးရှိ မြေသြဇာ ၁၄၇၉၈ ဒသမ ၁၉၉ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နိုင်ငံမှ ၅၂၂ ဒသမ ၅၀တန်၊ တရုတ်နိုင်ငံမှ ၈၅၁၉ဒသမ ၅၈၆တန်၊ ဒိန်းမတ်နိုင်ငံမှ ၁၅၅၈ ဒသမ ၄၅၅ တန်၊ အင်ဒိုနီးရှားမှ ၈၁ဒသမ ၂၀၈တန်၊ ရုရှားမှ ၁၁၁၈ တန်၊စပိန်မှ ၃ ဒသမ ၄၅ တန်၊ ထိုင်းမှ ၂၀၄၀ တန်နဲ့ ဗီယက်နမ်မှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား၊ ကွန်ပေါင်း၊ နိုက်တြိုဂျင်၊ ပိုတက်ဆီယမ်နဲ့ ဖလောရာ စတဲ့ အမျိုးအစားများ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် မြေသြဇာ တန်ချိန် ၁၆၁၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် ၁၃၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

## မြေသြဇာဈေးကွက် အရောင်းအဝယ်အေး

ဩဂုတ် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၁၄၇၉၀ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၁၆၁၃၉ တန်ကျော် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၄၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၃၁၄၆၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၃၄၁၀၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၆၄၄ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေးမှာ ဈေးအနည်းငယ်ကျပြီး မော်လမြိုင်၊ မကွေးနဲ့ တောင်ကြီးမှာ ဈေးငြိမ်နေတာများတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက အရောင်းပါးဆဲဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေးက ၂၀၀ ကျပ် ဈေးကျလာပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်)၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ နယ်ဘက်အဝယ်ဆင်းတာကြောင့် အရောင်းအဝယ်က လိုက်တယ်။ ဒီတစ်ပတ်မှာ ယူရီးယား၊ တီစူပါနဲ့ ကွန်ပေါင်းက ဈေးနည်းနည်းကျပြီး သီးစုံက ဈေးနည်းနည်းမြင့်ကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယူရီးယားက ၂၀၀ ကျပ်မှ ၃၀၀ ကျပ်၊ တီစူပါက ၃၀၀ ကျပ်၊ ကွန်ပေါင်းက ၁၀၀ ကျပ်ဈေးကျပြီး သီးစုံက ၈၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၇၈၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၈၂၀၀ ကျပ်၊ တီစူပါ(၄၆%-တရုတ်) ၁၈၇၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၉၀၀ ကျပ်၊မြားသီးစုံ ၁၄၄၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၉၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားက ၄၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည်က ၁၀၀၀ ကျပ်၊ ပိုတက်က ၅၀၀ ကျပ်ဈေးကျခဲ့ပြီး တီစူပါက ၃၀၀ ကျပ်၊ မြားကမ္ဘာက ၁၀၀ ကျပ်ဈေးမြင့်ခဲ့ကာ တီစူပါ၂၀%နဲ့ ပိုးသတ်ဆေးက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်)၁၈၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၄၀၀ကျပ်၊ တီစူပါ ၂၀ % (တရုတ်) ၁၂၀၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၅၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၀၀၀ကျပ်၊ယူရီးယား (ယူအေအီး) ၁၈၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေသြဇာဈေးများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရှက်လှေ-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊တီစူပါ (သံကွင်း-တရုတ်) ၂၁၀၀၀ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ (အမ်) ၃၁၉၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (အမ်-တရုတ်)၃၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

# နို့မှုန့်

## ဒီတစ်ပတ်နို့မှုန့် တစ်မျိုးတည်းသာဝင်

ဩဂုတ် ၁၄ ရက်မှ ၂၀ ရက် သီတင်းပတ်အတွင်း နို့ဆီတင်သွင်းမှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာလည်း အဝင်လျော့ခဲ့တဲ့ နို့ဆီက ဒီတစ်ပတ်မှာ အဝင်လုံးဝမရှိခဲ့ပါဘူး။

နို့မှုန့်က ဒီတစ်ပတ်မှာ ဩစတြေးလျမှ သုည ဒသမ ၁၀၈ တန်၊ ဂျာမနီမှ သုည ဒသမ ၅၄၇တန်၊ အင်ဒိုနီးရှားမှ ၅ ဒသမ ၉၁ တန်၊ ကိုရီးယားမှ သုည ဒသမ ၅၀ တန်၊ နယ်သာလန်မှ ၂၅၁ ဒသမ ၉၇၅တန်နဲ့ စင်ကာပူမှ ၈ ဒသမ ၄၁၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နို့မှုန့်အဝင်စုစုပေါင်းမှာ တန်ချိန် ၂၆၇ ဒသမ ၄၅၅ တန်ရှိခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၁၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၈၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၈ မှ ၁၉/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၈ မှ ၁၂/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၃၈.၅၀ | ၇၇၉.၅၀ | (+) | ၁၅၉.၀၀ |
| ၂။ | လွယ်ဂျယ် | ၆၉၀.၀၀ | ၅၇၀.၀၀ | (+) | ၁၂၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၅၉၆.၀၀ | ၃၈၅၁.၀၀ | (-) | ၁၂၅၅.၀၀ |
| ၅။ | တာချီလိတ် | - | - | | - |
| ၆။ | မြဝတီ | ၅၂၅.၄၀ | ၈၄၂.၅၁ | (-) | ၃၁၇.၁၁ |
| ၇။ | ကော့သောင်း | ၁၃၀၀.၀၀ | ၁၈၅၀.၀၀ | (-) | ၅၅၀.၀၀ |
| ၈။ | မြိတ် | ၂၅၀.၀၀ | ၁၇၄၀.၀၀ | (-) | ၁၄၉၀.၀၀ |
| | စုစုပေါင်း | ၆၂၉၉.၉၀ | ၉၆၃၃.၀၁ | (-) | ၃၃၃၃.၁၁ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၈ မှ ၁၉/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၈ မှ ၁၂/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၅၂၉၅.၅၅၀ | ၂၇၀၆၁.၂၀၅ | (-) | ၁၇၆၅.၆၅၅ |
| ၂။ | လွယ်ဂျယ် | ၅၀၂.၀၅၀ | ၆၄၆.၄၀၀ | (-) | ၁၄၄.၃၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၈၄၂.၀၀၀ | ၃၈၉၈.၀၀၀ | (-) | ၁၀၅၆.၀၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၈၄၅.၁၀၀ | ၁၇၄၃.၁၀၀ | (-) | ၈၉၈.၀၀၀ |
| ၆။ | ကော့သောင်း | ၆၀.၀၀၀ | ၁၆၀.၀၀၀ | (-) | ၁၀၀.၀၀၀ |
| ၇။ | မြိတ် | ၂၇၀.၀၀၀ | ၅၀.၀၀၀ | (+) | ၂၂၀.၀၀ |
| ၈။ | ရိုဒ် | ၁၆၅၀.၀၀၀ | ၅၅၀.၀၀၀ | (+) | ၁၁၀၀.၀၀ |
| | စုစုပေါင်း | ၃၁၄၆၄.၇၀၀ | ၃၄၁၀၈.၇၀၅ | (-) | ၂၆၄၄.၀၀၅ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ပြည်ဈေးကွက်မှာ မြေပဲဆီဆန် ဈေးမြင့်ပြီး လုံးဆန်ဈေး အနည်းငယ်ကျ

ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးပြန်မြင့်တက်လာပြီး လုံးဆန်ဈေး အနည်းငယ် ကျလာတာ တွေ့ရပါတယ်။ ယခုအချိန်တွင် မိုးများ နေ့စဉ် ရွာသွန်းနေတဲ့အတွက် မြေပဲဆန် အဝင်မရှိပေမယ့် ယခင် ဝင်ရောက်လာတဲ့ မြေပဲဆီဆန် များကိုသာ ရောင်းဝယ်လျက်ရှိပါတယ်။ ရန်ကုန် ဝယ်လက်များက လုံးဆန်ကို အဝယ်ရှိပြီး၊ ဆီဆန်ကို မကွေးဆီစက်များက အဝယ်ရှိနေသဖြင့် တစ်နေ့လျှင် အိတ် ၆၀၀ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ မြေပဲဆန်ဈေးမှာ ဆီဆန် တစ်ပိဿာလျှင် ၁၈၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် ဈေးအနည်းငယ်မြင့်လာသော်လည်း လုံးဆန်ဈေးမှာ တစ်ပိဿာလျှင် ၂၃၅၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်စာလျှင် ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မြေပဲဆီဈေးကတော့ တစ်ပိဿာလျှင် ၄၈၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

### ပြည်နှမ်းဈေးကွက်မှာ ဝယ်လက် အဝယ်လိုက်၍ နှမ်းနက်ဈေး ပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီဈေး အနည်းငယ် ကျပြီး၊ နှမ်းနက် ဈေး မြင့်လာတာ တွေ့ရပါတယ်။ မြန်အောင်နှင့် ကြံခင်းဘက်မှသာ အဝင်ရှိပြီး၊ အခြားနယ်များတွင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လာသဖြင့် နှမ်း အဝင်နည်းသွားလို့ တစ်နေ့ကို နှမ်းအိတ် ၅၀၀ လောက်သာအဝင်ရှိတာ တွေ့ရပါတယ်။ နှမ်းနက်ကို အောင်လံဘက်မှ အဝယ်ရှိသဖြင့် ဈေးပြန် မြင့်တက်လာတာ တွေ့ရပါတယ်။ ယခင်နှစ် နှမ်းဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၁၀၀၀ခန့် ဝင်ရောက်လာခဲ့ပြီး ယခုနှစ်နှင့် နှိုင်းယှဉ်လျှင် တစ်ဝက်နီးပါး လျော့ကျလာတာ တွေ့ရပါတယ်။ ယခုနှစ် မိုးရာသီတွင် နှမ်းအဝင် နည်းလာသော်လည်း ယခင်နှစ်ထက်စာလျှင် ဈေးနည်းနေသေးတာ တွေ့ရပါတယ်။ ယခင်နှစ်က နှမ်းဈေးမှာ နှမ်းနီ တစ်တင်းလျှင် ၃၃၃၀၀ ကျပ်၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင် ၅၀၀၀၀ ကျပ်နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ၆၆၀၀၀ ကျပ် ဈေးဖြစ်ခဲ့ပြီး၊ ယခုတစ်ပတ်တွင် နှမ်းဈေးမှာ နှမ်းနီ တစ်တင်းလျှင် ၂၆၆၀၀ ကျပ်၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင် ၄၀၀၀၀ ကျပ် နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ၄၆၆၀၀ ကျပ်ဈေးဖြင့် ယခင်နှစ်လောက် ဈေးမမြင့်တာ တွေ့ရပါတယ်။

**ဝေဝေမင်း**

### ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လ တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂၆ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၂၅၁ တန် ကျော် တင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေမှာ နှမ်း ဖြူတန် ၉၆၀ ကျော်၊ နှမ်းနက် ၁၂၃၈ တန်ခွဲနဲ့ နှမ်းညို ၅၂ တန်ခွဲဖြစ်ပါတယ်။ ယခင်သီတင်းပတ်က နှမ်းရောင်စုံ ၂၄၄၉ တန်ခွဲတင်ပို့ခဲ့လို့ ယခုတစ်ပတ်နှမ်း ၁၉၇ တန်ကျော် လျော့နည်းတင်ပို့လာပါတယ်။

နှမ်းအဓိက စိုက်ပျိုးတဲ့ ဒေသများအနက် မကွေးတိုင်းဒေသကြီး ပွင့်ဖြူနဲ့ အောင်လံမြို့တို့တွင် ရေဘေးအန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရပေမယ့် နှမ်းစိုက်တဲ့ကေများ ဆိုးရွားစွာပျက်စီးမှု မရှိဘူးလို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### ပို့ကုန်မြှင့်တင်မယ့် အလားအလာကြောင့် မလေးရှား စားအုန်းဆီဈေး ဒုတိယနေ့အဖြစ် မြင့်တက်

မလေးရှား စားအုန်းဆီ ကြိုရောင်းဈေးက ဩဂုတ် ၂၄ ရက်မှာ ဒုတိယနေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ပါတယ်။ အဓိကအားဖြင့် ရောင်းလိုအား ကျဆင်းလာခြင်းနဲ့ ပို့ကုန်မြင့်တက်လာမယ့် အခြေအနေကို အကြောင်း ပြုပြီး မြင့်တက်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange) မှာ နိုဝင်ဘာအတွက် စာချုပ် ချုပ်ဆိုရောင်းချတဲ့ စားအုန်းဆီ အခြေခံစံထားဈေးနှုန်းက ညနေဘက်ဈေးပိတ်ချိန်မှာ သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ရင်းဂစ် ၂၆၀၀ ( အမေရိကန်ဒေါ်လာ ၆၄၄ ) ရှိပါတယ်။ တစ်ရက်အတွင်း အမြင့်ဆုံးဈေးနှုန်းက ၂၆၂၃ ရင်းဂစ်ဖြစ်ပြီး ဩဂုတ် ၁၉ ရက် နောက်ပိုင်းအမြင့်ဆုံး ဈေးဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏက ဩဂုတ် ၂၅ ရက် ညနေပိုင်းမှာ ၂၅ တန်ရှိအတွဲ ၃၈၀၃၅ တွဲရှိတဲ့အတွက် ၂၀၁၅ ခုနှစ်က ရှိတဲ့ ပျမ်းမျှ အတွဲ ၄၄၆၀၀ အောက်မှာရှိနေပါတယ်။

ရောင်းလိုအား ကျဆင်းလာတဲ့အတွက် ဈေးကွက်က မှန်မှန် တိုးတက်နေပါတယ်လို့ ကွာလာလမ်ပူအခြေစိုက် အရောင်းတာဝန်ခံတစ်ဦးက ပြောပါတယ်။

“ပို့ကုန်အခြေအနေကလည်းကောင်းနေတော့ ဈေးကွက်က အခြေအနေ ကောင်းနေပါတယ်” လို့ ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့နှစ်ခုဖြစ်တဲ့ Intertek Testing Services နဲ့ Societe Generale de Surveillance တို့ရဲ့ အစီရင်ခံစာများကို ကိုးကားပြီး သူကပြောပါတယ်။

ထိပ်တန်း ဆီစားသုံးနိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေရဲ့ ဝယ်လိုအားကြောင့် ၂၀၁၅ ခုနှစ် ကာလတူနဲ့နှိုင်းယှဉ်ရင် ယခုနှစ်ဩဂုတ် ၁ ရက်မှ ၂၅ ရက်အထိ သဘော်တင်ပို့မှု က မြင့်တက်ခဲ့တယ်လို့ အရောင်းတာဝန်ခံတွေက ပြောကြားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှ ဝယ်လိုအား မြင့်မားလာတဲ့အတွက် ဩဂုတ် ၁ ရက်မှ ၂၀ ရက်အထိ စားအုန်းဆီတင်ပို့မှုက ဇူလိုင်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၂၅ ရာခိုင်နှုန်းမှ ၂၇ ရာခိုင်နှုန်း ဝန်းကျင် မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။

စားအုန်းဆီထုတ်လုပ်မှုက လအလိုက် နှိုင်းယှဉ်ရင် မြင့်တက်ပေမယ့် အယ်လ်နီညို အကျိုးသက်ရောက်မှုက တည်ရှိနေဆဲ ဖြစ်တဲ့အတွက် နှစ်အလိုက်နှိုင်းယှဉ်ရင် ထုတ်လုပ်မှု ကျဆင်းနေဆဲ ဖြစ်ပါတယ်။ အရှေ့တောင်အာရှတစ်လွှားမှာ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုဒဏ်ခံရလို့ စားအုန်းဆီထုတ်လုပ်မှုမှာ ထိပ်တန်းနှစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတွေမှာ စားအုန်းဆီအထွက်နှုန်း ကျဆင်းခဲ့ပါတယ်။

စားအုန်းဆီဈေးက အမြင့်ဆုံးဈေးနှုန်းလို့ သတ်မှတ်ထားတဲ့ ၂၆၀၇ ရင်းဂစ်နှုန်းကို ကျော်တက်ပြီး တစ်တန်ကို ၂၆၆၈ ရင်းဂစ်အထိ မြင့်တက်သွားနိုင်တယ်လို့ ရိုက်တာ သတင်းဌာနမှ ကုန်စည်နဲ့စွမ်းအင် စာရင်းဇယား ပြုစုရေးဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောပါတယ်။

အခြားဟင်းရွက်ဆီ ဈေးကွက်တွေဖြစ်တဲ့ အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ဒီဇင်ဘာအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်မှာ ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ညဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၈-၂၀၁၆)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၂၀ | ၁၇၄၅ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၇၀ | ၁၈၆၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၈၆၀ | ၁၈၆၀ | □ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၈၇၅ | ၁၉၅၀ | △ |
| မုံရွာ | ၄၁၀၀ | ၄၀၀၀ | ▽ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၄၀ | ၁၈၈၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၈-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဩဂုတ်လတတိယပတ် | ဩဂုတ်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၈၁.၀၀ | ၇၂၇.၅၀ | △ |
| **RBD P.Olein** | ၇၀၈.၅၀ | ၇၄၅.၀၀ | △ |
| **RBD P.Strarin** | ၆၆၅.၅၀ | ၇၀၃.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆- ၈ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၄.၈၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၇၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၇၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၂၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၄.၀၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၆၃.၉၅၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၈-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၇၀ ဒေါ်လာနှင့် USD ဈေး ၁၂၀၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၆-၈-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၀၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ခရီးသွားလုပ်ငန်းကဏ္ဍ စာရင်းအင်းစနစ် ပိုမိုတိုးတက်လာစေရေးအတွက် System of Tourism Statistics အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ဝန်ဆောင်မှုကဏ္ဍတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ ဖြိုးတိုးတက်လာစေရေးအတွက် နယ်သာလန်နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေး ဗဟိုဌာနမှ Netherlands Trust Fund -NTF III ၏ ရန်ပုံငွေ အထောက်အပံ့နှင့် နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာန (ITC)၏ နည်းပညာအကူအညီဖြင့် ကယားပြည်နယ်တွင် Inclusive Tourism Focusing on Kayah State စီမံကိန်းကို ၂၀၁၄ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

ကယားပြည်နယ်ကို အခြေခံ၍ ရိုက်ကူးသော လေ့လာရေး ခရီးသွားမှတ်တမ်း ဗွီဒီယိုကို မတ်လအတွင်းက ဂျာမနီနိုင်ငံ၊ ဘာလင်အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်းပြပွဲတွင် ဝင်ရောက်ပြသခဲ့ရာ ITB Diamond Award 2016 ဆုရရှိခဲ့သဖြင့် ကယားပြည်နယ်ကို ဥရောပဒေသရှိ ခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားမှု တိုးတက်လာခဲ့ပါသည်။ ကယားပြည်နယ်တွင် ၂၀၁၇ ခုနှစ်အထိ ဆက်လက်အကောင်အထည်ဖော်မည့် အဆိုပါ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ခရီးသွားလုပ်ငန်းကဏ္ဍစာရင်းအင်းစနစ် ပိုမိုတိုးတက်လာစေရေးအတွက် ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ UNWTO မှ စာရင်းအင်းဆိုင်ရာကျွမ်းကျင်သူများလာရောက်၍ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည် အဝင်အထွက်စာရင်းအင်းကောက်ယူမှု၊ ခရီးသွားလုပ်ငန်းအပေါ် သတင်းအချက်လက် ဖြန့်ဝေပေးနိုင်မှု၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဟိုတယ်နှင့်စပ်လျဉ်းသည့် စီးပွားရေးလုပ်ငန်းများအပေါ် စစ်တမ်းကောက်ယူ လေ့လာမှုများကို ပြုလုပ်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အပါအဝင် ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုံခြုံရေးတပ်ဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် သွားရောက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသည့် စာရင်းအင်းစနစ် ပိုမို တိုးတက် သုံးစွဲနိုင်စေရန်အတွက် သက်ဆိုင်ရာဌာနများမှ အဆင့်မြင့်အရာထမ်းများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်၍ System of Tourism Statistics အလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ကျွမ်းကျင်သူတို့သည် ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းလိုင်စင်မှတ်ပုံတင် စီမံခန့်ခွဲမှုအခြေအနေ၊ လက်ရှိ လုပ်ကိုင်ဆောင်ရွက်နေမှုနှင့်ဆက်လက်တိုးတက် ဆောင်ရွက်သွားမှုတို့ကို ဆွေးနွေးနိုင်ရန် စီမံကိန်း အကောင်အထည်ဖော်ရာ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ သွားရောက်၍ ဩဂုတ်လ ၃၁ ရက်နေ့နှင့် စက်တင်ဘာလ ၁ ရက်တို့တွင် ကယားပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသည့် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မြတ်မြတ်စိုးမိုး (NES Unit)**

## ဒေသတွင်း အသားတိုးကြက် (Boiler) မွေးမြူခြင်းဖြင့် အကျိုးအမြတ်ရရှိ

သာယာဝတီခရိုင်နှင့် ပြည်ခရိုင်မြို့နယ်များတွင် အသားတိုးကြက် (Boiler) မွေးမြူထုတ်လုပ်မှုများ ၂၀၁၄ ခုနှစ်မှစ၍ များပြားလာကြောင်း သိရှိရပါသည်။

မွေးမြူထုတ်လုပ်မှုအရေအတွက်မှာ ပြည်ခရိုင်အတွင်း မြို့နယ်များဖြစ်သည့် ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း မြို့နယ်များတွင် တစ်မြို့နယ်ခြင်းအနေဖြင့် ကြက် ၄၅ ရက် တစ်သုတ်လျှင် အကောင်ရေ ၄၀၀၀၀ မှ ၅၀၀၀၀ ခန့်အထိ မွေးမြူလာကြောင်း သိရှိရပြီး၊ ဈေးကွက်အနေဖြင့် မြို့နယ်တွင်းနှင့် ပြည်- ရန်ကုန်တို့သို့ တင်ပို့ရောင်းချကြောင်း သိရှိရပါသည်။

မွေးမြူကြသော ကြက်မျိုးများမှာ (C.P) စီပီ၊ (K.H) Khaung Htet ကောင်းထက်၊ Diamond ဒိုင်းမွန်း ကြက်မျိုးများ အများဆုံး မွေးမြူလေ့ရှိကြပြီး၊ အခြားသော ကြက်မျိုးများကိုလည်း ဝယ်ယူ မွေးမြူလေ့ရှိကြကြောင်း သိရှိရပါသည်။

အသားတိုး ကြက်များကို တစ်ရက်သားမှ ၄၅ ရက်သားအထိ မွေးမြူလေ့ရှိကြပြီး၊ ၄၅ ရက်ပြည့်လျှင် ပျမ်းမျှအလေးချိန်အားဖြင့် ကြက်တစ်ကောင်ကို တစ်ပိဿာ ၃၅ ကျပ်သားမှ တစ်ပိဿာ ၆၅ ကျပ်သားအထိ ရှိကြောင်း သိရပါသည်။

အသားတိုး ကြက် မွေးမြူခြင်းမှာ တစ်ရက်မှ ၁၉ ရက်သား အထိ ယိုင်ကာဖွဲခင်း၍ မီးကိုင်ရပြီး၊ ၁၉ ရက်သားကျော်လျှင် မီးလွတ်လေ့ရှိကြောင်း၊ ကြက်တစ်ကောင် အလေးချိန်မှာ ၁၉ ရက်သားလျှင် ပျမ်းမျှ ၃၈ ကျပ်သား ရှိကြောင်း သိရှိရပါသည်။

အသားတိုး C.P ကြက်အကောင် ၁၀၀၀ မွေးလျှင် (တစ်ရက်သားမှ ၁၀ ရက်သား အထိ) 910SP ကြက်ငယ်စာ ၅ အိတ်၊ (၁၁ ရက်သားမှ ၂၀ရက်သား အထိ) 910S ကြက်ငယ်စာ ၁၃ အိတ်၊ (၂၁ ရက်သားမှ ၃၀ ရက်သား အထိ) 910 ကြက်လတ်စာ ၂၀ အိတ်၊ (၃၁ရက်သားမှ ၄၅ ရက်သား အထိ) 911 ကြက်ကြီးစာ ၄၅ အိတ်၊ 913 ကြက်ကြီးစာ ၁၇ အိတ်၊ စုစုပေါင်း ပိဿာ ၃၀ ဝင် အိတ် ၉၀ ခန့် ကျွေးရကြောင်း သိရှိရပါသည်။

ကာကွယ်ဆေးအနေဖြင့် ခုနစ်ရက်သားလျှင် တစ်ကြိမ်၊ ၁၄ရက်သားလျှင် တစ်ကြိမ်၊ ၂၁ ရက်သားလျှင် တစ်ကြိမ်၊ ၂၈ ရက်သားလျှင် တစ်ကြိမ် တိုက်ကျွေးလေ့ရှိပြီး၊ အခြား အသက်ရှူလမ်းကြောင်းနှင့် အူလမ်းကြောင်းဆိုင်ရာဆေးများ၊ အားဆေးများကိုလည်း တစ်ရက်သားမှ ၃၅ ရက်သားအထိ သုံးလေ့ရှိသည်။ ၃၅ ရက်သားမှ ရောင်းတန်းဝင် ၄၅ ရက်သားအထိ အားဆေးကိုသာ သုံးလေ့ရှိကြောင်း သိရှိရပါသည်။

ကြက်သားပေါက် ဈေးမှာ တစ်ကောင်လျှင် ကျပ် ၅၀၀ မှ ၈၀၀ အထိ ဝယ်ယူရလေ့ရှိပြီး ကြက်ပြန်လည်ရောင်းချချိန်တွင် ကြက်သား တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဈေးရောင်းရမှ သင့်တင့်သော အကျိုးအမြတ် ရရှိနိုင်ကြောင်း အသားစားကြက် မွေးမြူ ထုတ်လုပ်သူများ၏ ပြောပြချက်အရ လေ့လာ သိရှိရပါသည်။

**ထွန်းမင်းထွန်း (ပြည်)**

➲ စာမျက်နှာ ၃ - ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကိုရီးယားသမ္မတနိုင်ငံ ◦◦◦ မှ အဆက်

ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် နည်းပညာနှင့် ငွေကြေး အထောက်အပံ့များ ရယူပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန်နှင့် နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွား တိုးတက်မြင့်မားစေမည့် အစီအစဉ်များကို ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး H. E. Madam Gao Yan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံခဲ့သည်။ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သည် ယခုအစိုးရသစ်လက်ထက်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုများ ပြုလုပ်ရာတွင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေရေးအတွက် အခက်အခဲများကို ပူးပေါင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်နှင့် ပြောင်းတန်ချိန် တိုးမြှင့်တင်ပို့ရန်အတွက် Quota ကို တိုးမြှင့်ပေးစေလိုပါကြောင်း၊ နယ်ခြားဂိတ်များလည်း တိုးချဲ့ဖွင့်လှစ်သွားလိုပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားမဝင် ကုန်သွယ်မှုကိုလည်း ပူးပေါင်းကာကွယ် ထိန်းချုပ်တားဆီးသွားကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC ( IR )**

➲ စာမျက်နှာ ၃ - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဝန်ထမ်း ◦◦◦ မှ အဆက်

ရန် ပို့ကုန်တင်ပို့ရာတွင် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ပြီး ပစ္စည်းသုံးစွဲသူထံ တိုက်ရိုက်ရောက်ရှိအောင် တင်ပို့ခြင်း၊ အမယ်သစ် ပို့ကုန် များ ရှာဖွေတင်ပို့ခြင်း၊ Value Added ပစ္စည်းများ တင်ပို့ခြင်း၊ Transit Trade၊ Re-export စနစ်များဖြင့် တိုးချဲ့တင်ပို့စေခြင်းနှင့် ပို့ကုန်သွင်းကုန် ဈေးနှုန်းများ မှန်ကန်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများအား မှန်ကန်အောင် ဆောင်ရွက်နိုင်မှသာလျှင် ကုန်သွယ်မှုမှာ ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း၊ သင်တန်းဆင်းဝန်ထမ်းများအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များကို စနစ်တကျ ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်ကြောင်း၊ မည်သည့်လုပ်ငန်းမဆို၊ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ မိမိကိုယ်ကို ယုံကြည်မှုရှိလာပြီး လုပ်ငန်းတာဝန်များ မှန်ကန် မြန်ဆန်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ သင်တန်းမှ သင်ခန်းစာ စာတွေ့အသိနှင့် လုပ်ငန်းခွင်မှ အတွေ့အကြုံ ပေါင်းစပ်ပြီး အရည်အချင်းရှိရှိ စိတ်ဓာတ်၊ စည်းကမ်းကောင်းကောင်းနှင့် ဌာနအပေါ် စေတနာထားပြီး ပေးအပ်သည့် တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက သင်တန်းတွင် ဆုရရှိကြသူများအား ဆုများအသီးသီး ပေးအပ်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ် ချီးမြှင့်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC ( IR )**

➲ စာမျက်နှာ ၃ - ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် ◦◦◦ မှ အဆက်

ကြရမှာဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိဖြင့် မမှန်မကန် တင်သွင်းသည့် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပတ်သက်သော တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြစ်သင့် ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို ဌာနဆိုင်ရာအသီးသီး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပေးကြရန် စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများက လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး ရှင်းလင်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC ( IR )**

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်အိန္ဒိယနိုင်ငံတို့ကို ဖြတ်သန်းသွယ်တန်းမည့် ကီလိုမီတာ ၆၉၀၀ ရှည်လျားသည့် ဓာတ်ငွေ့ပိုက်လိုင်းအား အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ

အိန္ဒိယအစိုးရသည် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယအရှေ့ မြောက်ဒေသနှင့် အနောက်ဘင်ဂေါလ် ပြည်နယ်တို့ကို ဖြတ်သန်းသွယ်တန်းမည့် ကီလိုမီတာ ၆၉၀၀ ခန့်ရှည်လျားသည့် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြီး ဆောင်ရွက်မည့် အစီအစဉ်ရှိကြောင်း Oil and Natural Gas Corporation Ltd. (ONGC) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ S.C.Soni က ပြောကြားကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ဒေသအတွက် ချမှတ်ထားသည့် Hydrocarbon Vision 2030 ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းအား ဆောင်ရွက်ရန်လျာထားပြီး၊ မြန်မာနိုင်ငံ (စစ်တွေ)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (စစ်တကောင်း)နှင့် အိန္ဒိယအရှေ့မြောက်ဒေသပြည်နယ်များရှိ Siliguri မြို့နှင့် Durgapur မြို့များကို ချိတ်ဆက်သွယ်တန်းရန်လျာထားကြောင်း သိရပါသည်။

လက်ရှိအခြေအနေတွင် အိန္ဒိယ အရှေ့မြောက်ဒေသရှိဓာတ်ငွေ့ပမာဏအများအပြားမှာ သုံးစွဲသူများထံသို့ ပိုက်လိုင်းတပ်ဆင်ပေးနိုင်ခြင်း မရှိသည့်အတွက် မီးရှို့ပစ်နေရပြီး၊ အလဟဿ ပြုန်းတီးနေကြောင်း၊ အိန္ဒိယနိုင်ငံရှိ သီးခြားလုပ်ကွက်နှင့် လုပ်ကွက်ငယ်များမှ ဓာတ်ငွေ့ရောင်းချမှုနှင့် ဆက်စပ်နေသည့်မူဝါဒမှာ ရောင်းချသူများဘက်တွင် အလေးသာနေသောကြောင့်ONGC နှင့် Oil India Ltd ကုမ္ပဏီကြီးများ အနေဖြင့် ၎င်းတို့၏ ဓာတ်ငွေ့များ အားအပြည့်အဝ ရောင်းချနိုင်ခြင်း မရှိသည့်အတွက် မီးရှို့ပစ်နေရပြီး လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း၊ သို့ဖြစ်၍ အဆိုပါ စီမံကိန်းသည် ၎င်းတို့အတွက် အပြုသဘောဆောင်သည့် ရည်ရွယ်ချက်များ ရှိကြောင်း၊ စီမံကိန်းအရ Liquefied Petroleum Gas (LPG) စက်ရုံတစ်ခုကို စစ်တကောင်းမြို့၌ ဖက်စပ်တည်ဆောက်ရန် ယခုနှစ် ဧပြီလက Bangladesh Petroleum Corporation (BPC) နှင့် Indian Oil Corporation (IOC) တို့အကြား သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါစက်ရုံသည် အိန္ဒိယ အရှေ့မြောက်ဒေသနှင့် စစ်တကောင်းမြို့တို့အား ဓာတ်ငွေ့ပိုက်လိုင်း ချိတ်ဆက်သွယ်တန်းရာ၌ အကူအညီဖြစ်စေမည်ဖြစ်ကြောင်း သိရပါသည်။

ထို့ပြင်အာသံပြည်နယ်ရှိ Numaligarh Refinery Ltd (NRL) နှင့် Bangladesh Petroleum Corporation (BPC) တို့အကြား အရောင်းအဝယ် သဘောတူညီချက်စာချုပ်တစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါ သဘောတူညီချက်အရ အိန္ဒိယနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ဒီဇယ်ဆီ (High Speed Diesel - HSD) ထောက်ပံ့ရောင်းချရန်အတွက် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်ဂေါလ်ပြည်နယ်ရှိ Siliguri မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Rarbatirun မြို့သို့ ဆက်သွယ်မည့် ပိုက်လိုင်းတစ်ခု သွယ်တန်းသွားမည်ဖြစ်ကြောင်း သိရပါသည်။

ယခုသဘောတူညီချက်များသည် ပြီးခဲ့သည့်နှစ် ဇွန်လက အိန္ဒိယ ဝန်ကြီးချုပ်နရိန္ဒရာမိုးဒီနှင့် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့၏ ဆွေးနွေးညှိနှိုင်းမှုများကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း စီမံကိန်းနှင့် စပ်လျဉ်းသည့် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ဂူဂျရတ်တီ၌ ကျင်းပခဲ့ကြောင်း သိရပါသည်။

ဘင်္ဂလားဒေ့ရှ် မြန်မာနှင့် အိန္ဒိယ အရှေ့မြောက်ဒေသနှင့် အနောက်ဘင်ဂေါလ်ပြည်နယ်တို့အကြား ဒီဇယ်၊ ဓာတ်ငွေ့နှင့်ဓာတ်ငွေ့များ သယ်ယူပို့ဆောင်နိုင်ရန် သွယ်တန်းမည့် ပိုက်လိုင်းတပ်ဆင်ခြင်းစီမံကိန်းနှင့် စပ်လျဉ်း၍ အပြီးသတ်ဆွေးနွေးမည့် ဒုတိယ အကြိမ်မြောက် အစည်းအဝေးကို ယခု နှစ်နှောင်းတွင် အာဂါတလာ၌ ကျင်းပရန် လျာထားကြောင်း သိရပါ သည်။

**ယဉ်ယဉ်နွယ် စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ရွှေတောင်မြို့တွင် POSCO Daewoo က ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးမည်

တောင်ကိုရီးယားနိုင်ငံရှိPOSCO Daewoo ကုမ္ပဏီ အနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလုပ်ငန်းအတွက် လေလံအောင်မြင်သူအဖြစ် ရွေးချယ်သတ်မှတ်ခြင်းခံထားရသည်ဟု သိရှိရသည်။ POSCO Daewoo သည် နိုင်ငံအနေဖြင့် ပြည်ပ ကုန်သွယ်မှု နွေးကွေးပြီး ကုန်စျေးနှုန်းများ ကျဆင်းနေသည့်ကြားမှ ၎င်း၏ စီးပွားရေးလုပ်ငန်းများကို နယ်ပယ်ကဏ္ဍစုံ၌ ချဲ့ထွင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ဓာတ်အားပေးစက်ရုံလုပ်ငန်းသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်သည့် လုပ်ငန်းသစ်များအနက်တစ်ခုဖြစ်ပြီး ၎င်းသည် ရေရှည်တွင် တည်ငြိမ်သည့် ဝင်ငွေစီးဆင်းမှုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ကုမ္ပဏီအနေဖြင့် ၇၀ မီဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံကိုရန်ကုန်မြို့၏ အနောက်မြောက်ဘက် ၂၇၀ ကီလိုမီတာခန့် အကွာရှိ ရွှေတောင်မြို့တွင် တည်ဆောက်ရန်အတွက် မြန်မာ့ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် ဓာတ်အားဝယ်ယူခြင်း သဘောတူညီချက်တစ်ခုကို ယခုနှစ်မကုန်မီတွင် လက်မှတ်ရေးထိုးသွားရန် စီစဉ်လျက်ရှိသည်။ POSCO Daewoo အနေဖြင့် ဓာတ်အားပေးစက်ရုံကို နှစ်ပေါင်း ၂၀ ကြာ လုပ်ငန်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပြီး ဓာတ်အားပေးစက်ရုံဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများနှင့် လူနေအိမ်များသို့ လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အဆိုပါတည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားရန် စီစဉ်ထားသည်။

ကုမ္ပဏီအနေဖြင့် အဆိုပါ စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်မည့်သူများကို သဘောတူညီချက်လက်မှတ်ရေးထိုးအပြီး လာမည့်နှစ်အစောပိုင်းတွင် အပြီးသတ်ရွေးချယ်သွားနိုင်ရန် စီစဉ်လျက်ရှိသည်။ POSCO Daewoo မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၎င်းတို့အနေဖြင့် အဆိုပါလုပ်ငန်းစီမံကိန်းအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် ခက်ခဲစွာယှဉ်ပြိုင်ခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် ၁၉၈၅ ခုနှစ်ကတည်းက စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ POSCO Daewoo အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် လျှပ်စစ်လိုအပ်ချက်မြင့်မားလာမှုကို ဖြည့်တင်းနိုင်ရန် အတွက် အခြားသော ဓာတ်အားပေးစက်ရုံ စီမံကိန်းများ ရရှိနိုင်ရေးအတွက် ပိုမိုကြိုးစားဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု အားနည်းနေသည့်အတွက် ထိုင်းနိုင်ငံဗဟိုဘဏ် စိုးရိမ်

ထိုင်းနိုင်ငံတွင် အစိုးရ၏ရင်းနှီးမြှုပ်နှံမှုနှင့် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိသောကြောင့် ဒုတိယနှစ်ဝက် စီးပွားရေးတိုးတက်မှုရရှိနိုင်သော်လည်း ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုနိမ့်ကျနေခြင်းသည် တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် အတားအဆီးဖြစ်လာနိုင်သည်ဟု ထိုင်းနိုင်ငံဗဟိုဘဏ်၏ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားပါသည်။

အစိုးရရင်းနှီးမြှုပ်နှံမှုသည် လက်ရှိအချိန်အထိ အားရကျေနပ်ဖွယ်ရှိသော်လည်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုသည် အတိုင်းအတာတစ်ခုအထိ မြင့်တက်လာရန် အခက်အခဲများရှိနေဆဲဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍသည် စီးပွားရေးတိုးတက်မှုအတွက် အလွန်အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ကြောင်းနှင့် ယခုနှစ် ထိုင်းစီးပွားရေးသည် ၃ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်မည်ဟု ထိုင်းနိုင်ငံဗဟိုဘဏ်က ခန့်မှန်းထားကြောင်း ငွေကြေးမူဝါဒကော်မတီ အတွင်းရေးမှူး JaturongJantarangs ကပြောကြားပါသည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အညွှန်းကိန်းသည် ယခုနှစ်ဧပြီလတွင် သုည ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ မေလတွင် ၁ ဒသမ ၅ ရာခိုင်နှုန်းသို့မြင့်တက်ခဲ့ပါသည်။ သို့သော် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍမတည်ငြိမ်ခြင်းနှင့်ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ခြင်းသည် အခြားကဏ္ဍများထက် ဘဏ္ဍာရေးကဏ္ဍကို ပိုမိုထိခိုက်နိုင်သည့် အခြေအနေများကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ငွေကြေးမူဝါဒမတည်ငြိမ်မှုနှင့်ကမ္ဘာ့ကုန်သွယ်ရေးပုံစံများလည်း ပြောင်းလဲလာနိုင်ပါသည်။

ဧပြီလနှင့်မေလတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအညွှန်းကိန်းသည် တိုးတက်သကဲ့သို့ စားသောက်ကုန်နှင့်တာရှည်ခံကုန်စည်များကို ပိုမိုစားသုံးခဲ့၍ ပုဂ္ဂလိကစားသုံးမှုအညွှန်းကိန်းသည် ဧပြီလတွင် ၄ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ မေလတွင် ၅ ဒသမ ၃ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး ၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# Chevron ရေနံကုမ္ပဏီက ထိုင်းနိုင်ငံတွင် ဘတ်ဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်သလို မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမည်

ယခုနှစ်အတွင်း လောင်စာဆီစျေးနှုန်းများ ကျဆင်းလျက် ရှိသော်လည်း Chevron Thailand Exploration and Production ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် ဘတ်ဘီလီယံ ၁၀၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း ဖော်ပြထားပါသည်။

Chevron ကုမ္ပဏီအနေဖြင့် ၎င်း၏ ရေရှည်စီးပွားရေးလုပ်ငန်းများအတွက် ထိုင်းနိုင်ငံတွင်သာမက အာဆီယံဒေသတွင်းနိုင်ငံများတွင်ပါ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မည်ဖြစ်ကြောင်း၊ လောင်စာဆီ စျေးနှုန်း အတက်အကျရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်း နိုင်ငံရှိ ရေနံလုပ်ကွက်များအား နောက်ထပ်လုပ်ကိုင်ခွင့်ရရှိရန်အတွက် လေလံ ရောင်းချမှုတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Chevron ကုမ္ပဏီ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ စတိဂရင်းက ပြောကြားခဲ့ပါသည်။

ထိုင်း Chevron ကုမ္ပဏီသည် ဧရာဝဏ်သဘာဝ ဓာတ်ငွေ့တွင်း (B10-B13) ကို လုပ်ကိုင်ခွင့်ရရှိထားပြီး ၂၀၂၂ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ သည်။ ထို့အတူ PTT ကုမ္ပဏီသည် ဗန်ကောက်သဘာဝ ဓာတ်ငွေ့တွင်း (B15-B17) ကို ၂၀၂၃ ခုနှစ်အထိ လုပ် ကိုင်ခွင့်ရရှိထားပါသည်။ ထိုင်း Chevron ကုမ္ပဏီသည် ထိုင်းနိုင်ငံ၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုပမာဏ စုစုပေါင်း၏ ထက်ဝက်ခန့်ကို ထုတ်လုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် Chevron ကုမ္ပဏီ အနေဖြင့် စီးပွားရေးတိုးတက်မှုအခွင့်အလမ်းများ ကြီးမားစွာရှိသည့် မြန်မာနိုင်ငံတွင်လည်း ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက် တိုးမြှင့်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၉–၈–၂၀၁၆)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ဆက်လက်ငြိမ်သက်

ဒီတစ်ပတ်မှာလည်း မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ် လျက်ရှိကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလို တစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ်(တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၄၀ ယွမ်) နဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပြီး တစ်ပတ်အတွင်းမှာ တန်ချိန် ၆၆၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ဈေး ငြိမ်ပြီး ယခင်တစ်ပတ်ထက် အရောင်းအဝယ် အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျပြီး အရောင်းအဝယ်အေး

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအနည်း ငယ်ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၃၈၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ၃၇၅ ကျပ်(တစ် တန်ကို ၂၂၉၆၄၆ ကျပ်) ဖြစ်ခဲ့ပြီး ဈေးအနည်းငယ်ကျဆင်းခဲ့ပါ တယ်။ ရန်ကုန်ဝယ်လက်နဲ့ တိရစ္ဆာန်အစာစပ်စက်ရုံတွေက ဝယ် ယူပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန် ၂၆၀၀၀ ခန့်သာရှိတာမို့ ဈေးကျသော်လည်း လက်ကျန်နည်းလာတာကြောင့် အရောင်း အဝယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်းဈေး ဆက်လက်ကျဆင်း

ဒီတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ် ပြောင်းဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၅၀ ကျပ်ရှိခဲ့တဲ့ မတ်ပဲဈေးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၃၀ ကျပ် (တစ်တန်ကို ၁၃၆၅၆၂၉ ကျပ်)ဖြစ်ခဲ့ တာမို့ ယခင်တစ်ပတ်ထက် ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို တန် ၁၀၀၀ ခန့်ရှိတာမို့ အရောင်းအဝယ်သွက်ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၃၉၀ ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၈၀ (တစ်တန်ကို ၂၃၂၇၀၈ကျပ်) သာရှိတာမို့ ယခင်တစ်ပတ်ထက် ဈေးနှုန်းကျ ဆင်းခဲ့ပါတယ်။ တစ်နေ့ကိုတန် ၅၀ ခန့် အရောင်းအဝယ်ဖြစ် ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ၊ ကုလားပဲဖြူလုံးကြီး ဈေးဆက်လက်ကျဆင်း

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ကုလား ပဲဖြူလုံးကြီးတို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၂၅ ကျပ်ရှိခဲ့ပေ မယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၈ ကျပ်) သာရှိတာမို့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲဝင်ရောက်မှုနည်းပါးသလို လှော်လက်များက ထုတ်ရောင်း မှုနည်းပါးတာကြောင့် တစ်နေ့ကို အိတ် ၁၅၀ မှ ၂၀၀ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၅၀ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၂၅ ကျပ် (တစ်တန်ကို ၉၃၃၈၉၄ ကျပ်) ဈေးဖွင့် ခဲ့တာကြောင့် ဈေးဆက်လက်ကျဆင်းခဲ့ပြီး လက်ကျန်ပဲ နည်းလာတာကြောင့် ရက်ခြားမှသာ အိတ် ၂၀၀ ခန့် အရောင်း အဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၁၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၇၅ ကျပ်(တစ်တန်ကို ၁၁၄၈၂၃၁ ကျပ်) သာရှိ တဲ့အတွက် ဈေးနှုန်းဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲအဝင်နည်း လာပေမယ့် ပဲခွဲစက်များက အဝယ်ရှိတာကြောင့် တစ်နေ့ကို အိတ် ၂၅၀ မှ ၃၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရ ပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်းပြီး ပဲတီစိမ်းဈေးအနည်းငယ်တက်

ဒီတစ်ပတ်အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက် ကျဆင်းခဲ့ပြီး ပဲတီစိမ်းဈေးကတော့ ယခင်တစ်ပတ်ထက် အနည်း ငယ်တက်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၈၀၀ နဲ့ ဈေးကျဆင်းခဲ့တဲ့ ပဲစင်းငုံနီဟာ ယခုတစ်ပတ် မှာလည်း တစ်ပိဿာ ၁၅၂၅ ကျပ်(တစ်တန်ကို ၉၃၃၈၉၄ ကျပ်) သာရှိတာမို့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းဈေး ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၉၇၅ ကျပ်ရှိခဲ့ရာမှ ယခု တစ်ပတ်မှာ တစ်ပိဿာ ၁၀၂၅ ကျပ် (တစ်တန်ကို ၆၂၇၆၉၉ ကျပ်)နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ဈေး မြင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကို အိတ် ၂၀၀ခန့်ဖြစ်ခဲ့ ကြောင်းသိရပါတယ်။ နှမ်းမျိုးစုံကတော့ နှမ်းနီတစ်ပိဿာ ၁၉၃၅ ကျပ်နဲ့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဆက်လက်ရှိနေပြီး နှမ်း နက်ရိုးရိုးနဲ့ သိပ္ပံနှမ်းက ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး နှမ်းနက် ရိုးရိုး တစ်ပိဿာ ၂၂၂၀ ကျပ်၊ သိပ္ပံနှမ်းတစ်ပိဿာ ၃၃၈၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ နှမ်းမျိုးစုံတစ်နေ့ကို အိတ် ၄၀၀ခန့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီ၊ ကုလားပဲဖြူလုံးကြီး ဈေးကျ

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီတို့ ဈေး ဆက်လက်ကျဆင်းခဲ့ပြီး ကုလားပဲဖြူလုံးကြီးလည်း ယခင်တစ်ပတ် ထက်ဈေးကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၃၅ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၅၀ ကျပ်(တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဖြစ်ခဲ့တာမို့ ဈေးနှုန်းဆက်လက် ကျဆင်းခဲ့ပြီး တစ်နေ့ကို အိတ် ၅၀ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ် ပိဿာ ၁၇၃၀ ကျပ်နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ် ပိဿာကျပ် ၁၅၀၀ (တစ်တန်ကို ၉၁၈၅၈၅ ကျပ်) သာဈေးဖွင့်ခဲ့ တာမို့ ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်နေ့ကို အိတ် ၅၀ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၈၀ ကျပ်ရှိခဲ့ပြီး ယခုတစ် ပတ်မှာတစ်ပိဿာ ၁၇၉၀ ကျပ်(တစ်တန်ကို ၁၀၉၆၁၇၈ ကျပ်) သာရှိတော့တာမို့ယခင်တစ်ပတ်ထက်ဈေးကျခဲ့ပြီး တစ်နေ့ကို အိတ် ၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျပြီး ပဲတီစိမ်းဈေးငြိမ်

ဒီတစ်ပတ်မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက် ကျဆင်းခဲ့ပြီး ပဲတီစိမ်းဈေးကတော့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်းသိရပါတယ်။ ပဲစင်းငုံနီဈေးနှုန်း ယခင်တစ်ပတ်မှာ တစ်ပိဿာ ၁၇၅၀ ကျပ်အထိ ဈေးကျပြီး ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၁၅ ကျပ်(တစ်တန်ကို၉၂၇၇၇၀ ကျပ်) သာ ဈေးဖွင့်ခဲ့တာကြောင့် ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်နေ့ကို အိတ် ၄၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အတက် အကျမရှိခဲ့ဘဲ တစ်ပိဿာ ၁၀၅၀ ကျပ် (တစ်တန် ကို ၆၄၃၀၀၉ ကျပ်)နဲ့ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်ဈေး အတိုင်း နှမ်းနက် တစ်ပိဿာ ၂၂၂၀ ကျပ်၊ နှမ်းဖြူ၊ နှမ်းညို၊ နှမ်း နက်စမုံတို့ကတော့ ယခင်တစ်ပတ်ထက်ဈေးနိမ့်ခဲ့ပြီး နှမ်းဖြူ တစ်ပိဿာ ၂၀၂၀ ကျပ်၊ နှမ်းညို တစ်ပိဿာကျပ် ၁၄၀၀ ၊ နှမ်း နက်စမုံတစ်ပိဿာ ၃၅၅၅ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ တစ်ပတ် အတွင်း နှမ်းမျိုးစုံအိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လည်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်းနဲ့ ကုလားပဲဖြူလုံးကြီး ဈေးကျ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်းတို့ ဈေးဆက်လက်ကျဆင်းခဲ့ပြီး၊ ကုလားပဲဖြူလုံးကြီးကတော့ ယခင် တစ်ပတ်ထက် ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ် ပိဿာကျပ် ၂၅၀၀ အထိဈေးကျခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၂၄၀၀ (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) သာဈေး ဖွင့်ခဲ့တာကြောင့် ဈေးနှုန်းဆက်လက်ကျဆင်းခဲ့ပါတယ်။ ပြည်ပ အတွက်ရန်ကုန်ဝယ်လက်တွေက ဝယ်ယူနေတာကြောင့် တစ်နေ့ ကို မတ်ပဲသုံးတင်းအိတ် ၅၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းအညာကလည်း ဈေးဆက်လက်ကျဆင်း ခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၁၆ ကျပ်ဖြစ်ခဲ့ပြီး ယခုတစ် ပတ်မှာ တစ်ပိဿာ ၁၁၅၆ ကျပ် (တစ်တန်ကို ၇၀၇၉၂၂ ကျပ်) သာဈေးဖွင့်ခဲ့တာမို့ ဈေးနှုန်းဆက်လက်ကျဆင်းခဲ့ကာ တစ်နေ့ကို သုံးတင်းအိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါ တယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၆၁ ကျပ်ရှိခဲ့တဲ့ ကုလားပဲ ဖြူလုံးကြီးကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၄၇ ကျပ် (တစ်တန်ကို ၁၀၆၉၈၄၅ ကျပ်) နဲ့ ဈေးဖွင့်ခဲ့တာမို့ ယခင်တစ်ပတ် ထက် ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေးငြိမ်

ဒီတစ်ပတ် ရေစကြိုဈေးကွက်မှာ ပြောင်းဈေး အတက်အကျ မရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၃၇၀ ကျပ် (တစ်တန်ကို ၂၂၆၅၈၄ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ကြောင်းလည်း သိ ရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကိုအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ်မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီဟာ ယခင်တစ်ပတ်က ဈေးကျလို့ တစ် ပိဿာ ၁၆၇၅ ကျပ်ဖြစ်ခဲ့ပြီး၊ ယခုတစ်ပတ်မှာလည်း တစ်ပိ ဿာ ၁၅၁၀ ကျပ်(တစ်တန်ကို၉၂၄၇၀၈ကျပ်)နဲ့သာ ဈေးဖွင့်ခဲ့တာ ကြောင့် ဈေးနှုန်းဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၁၀ ကျပ်(တစ်တန်ကို ၇၄၀၉၉၁ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ တစ် ပိဿာ ၁၉၀၅ ကျပ် (တစ်တန်ကို ၁၁၆၆၆၀၂ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်း

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ် က မတ်ပဲ FAQ တစ်တန်ကို ၁၄၈၅၀၀၀ ကျပ်၊ SQ တစ်တန်ကို ၁၅၁၅၀၀၀ ကျပ်အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း မတ်ပဲ FAQ တစ်တန်ကို ကျပ် ၁၄၀၀၀၀၀ ၊ မတ်ပဲ SQ တစ်တန် ကို ကျပ် ၁၄၃၀၀၀၀ နဲ့သာဈေးဖွင့်ခဲ့တာမို့ ဈေးဆက်လက်ကျ ဆင်းခဲ့ကြောင်းသိရပါတယ်။ အလားတူပဲစင်းငုံနီ FAQ ကလည်း ယခင်တစ်ပတ်က FAQ တစ်တန်ကို ၁၀၂၃၀၀၀ ကျပ်မှ ယခု- တစ်ပတ်မှာ ကျပ် ၉၄၃၀၀၀ နဲ့ဈေးဖွင့်ခဲ့တာကြောင့် ဈေးဆက် လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## ဇီဝိတဒါန (သို့မဟုတ်) အသက်ရှည်ဆေး

ယင်းမာပင်ခရိုင်သည် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ပြုလုပ်နိုင်မည့် စားသုံးသူအသိ ပညာပေး ဟောပြောပွဲများကို တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ တင်ပြထားပြီးဖြစ်ကာ လျာထားချက်ပြည့်မီရေးအတွက် ကျေးရွာများ၊ စာသင်ကျောင်းများသို့ အရောက်သွားကာ ကွင်းဆင်း ဆောင်ရွက်လျက်ရှိပါသည်။

တစ်နေ့တွင် ကျွန်တော်တို့အဖွဲ့သည် လူထုသို့ ဟောပြောရန် ချိန်းဆိုရာ အုပ်ချုပ်ရေးမှူးက " ဒီနေ့တော့ လူစုလို့ရမှာမဟုတ်ဘူး၊ နက်ဖြန် တစ်နာရီမှရမှာ" ဟု ဆိုသဖြင့် နောက်တစ်နေ့ ၁၂ နာရီတွင် ရုံးမှ စတင်ထွက်ခွာကြသည်။ ရွာသို့ ၁၂း၃၀ အချိန်တွင်ရောက်ရှိပြီး စုံစမ်းကြည့်ရာ "အုပ်ချုပ်ရေးမှူးက အလုပ်ရှိလို့ဆိုပြီး မြို့ထဲဖက်ကို ခဏသွားတယ်။ တစ်နာရီမထိုးခင် ပြန်လာမယ်လို့ မှာသွားပါတယ်" "ဟောပြောပွဲအတွက် ဘုန်းကြီးကျောင်းမှာ စီစဉ်ထားပါတယ်"ဟု ပြောသောကြောင့် သွားကြရသည်။ ကျောင်းသို့ရောက်သောအခါ ထိုင်နေသည့် ဦးပဉ္ဇင်းတစ်ပါး ဆော့ကစားနေသည့် ကိုရင်ငါးပါးနဲ့ အသက် ၆၀ ဝန်းကျင် ဦးကြီးသုံးယောက်ကို တွေ့ရလေသည်။ အချိန်ကား တစ်နာရီထိုးရန် ၁၅ မိနစ်သာ လိုတော့သည်။ ငါးမိနစ်ခန့်အလိုတွင် အုပ်ချုပ်ရေးမှူးရောက်လာပြီး "ဟောပြောပွဲတက်ဖို့ ကျွန်တော် မနက်ကတည်းက ဖိတ်ထားတာ ရောကမလာကြသေးပါလား" ဟုဆိုကာ အသံချဲ့စက်ဖြင့် ဖိတ်ခေါ်ပြန်ပါသည်။ ဤတွင် တစ်ဦးစ၊ နှစ်ဦးစ ထပ်မံရောက်ရှိလာ၏ ။ လူထုမှာ ၈-၁၀ ယောက်လောက်ရှိလာပြီ" ဖြစ်သည်။ ဟောပြောပွဲကား မစနိုင်သေးပါ၊ အချိန်ကား ၁၃း၃၀ ခန့်ရှိပြီဖြစ်သည်။ ထိုစဉ် ကျောင်းပေါ်မှ ဆရာတော်တစ်ပါး ဆင်းလာပြီး အုပ်ချုပ်ရေးမှူးအား "မင်းတို့ အစည်းအဝေးက မစနိုင်သေးဘူးလားကွ ကျောင်းပေါ်မှာပူလှပြီ"ဟုဆိုကာ ပြန်တက်သွားလေ၏။ ဆရာတော်လည်း စိတ်ဆိုးပြီထင်သည်။ အုပ်ချုပ်ရေးမှူးလည်း ထပ်မံဟစ်ရပြန်သည်။ ၁၄း၁၅ နာရီခန့်မှပင် ၃၅ ယောက်ခန့်ရှိလာသဖြင့် ဟောပြောပွဲစရသည်။

ကျွန်တော်တို့ အဖွဲ့မှ တက်ရောက်လာသည့် လူထုအား သဘာဝအတိုင်းမဟုတ်ဘဲနှင့် ဆိုးဆေး၊ စိမ်ဆေးများ အသုံးပြုကာ ရင့်မှည့်အောင် ပြုလုပ်ထားသည့် သစ်သီးဝလံများ အကြောင်း၊ မိမိတို့ရောင်းချပါကလည်း ၎င်းဆေးများကို အသုံးမပြုကြရန်၊ မပုပ်မသိုးအောင် ဖော်မလင် အသုံးပြုထားသည့် ငါးခြောက်၊ ပင်လယ်စာနှင့် အေးခဲအသားများအကြောင်း၊ ခွင့်မပြုဓာတုဗေဒ ဆိုးဆေးများ သုံးစွဲထားသည့် ငါးပိနှင့် စားသောက်ကုန်များအကြောင်း၊ အချိုရည်နှင့် မုန့်မျိုးစုံ အကြောင်း၊ ပစ္စည်းများ ဝယ်ယူရာတွင် သတိပြုရမည့် အချက်အလက်များ၊ စားသုံးသူဆိုင်ရာ ဥပဒေနဲ့ ပြစ်မှု ပြစ်ဒဏ်များအကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဟောပြောပွဲပြီး၍ ပြန်မည်အပြုတွင် ကျောင်းပေါ်မှ ဆရာတော်က " ဒကာတို့ ပြန်ကြ တော့မလို့လား ၊ လာကြပါဦး" ဟုခေါ်သဖြင့် ကျွန်တော်တို့လည်း ရင်တထင့်ထင်နဲ့ ကျောင်း ပေါ်သို့တက်ကြရသည်။ ဆရာတော်က "ဒကာတို့ကလည်း လူတွေကို စောင့်ရတဲ့ အခက်အခဲက ရှိမှာပဲ၊ ဘုန်းကြီးကအစ ကျောင်းအောက်မှာနေတာ ဒီနေ့အစည်းအဝေးရှိတယ်ဆိုလို့ အပေါ်မှာတက်နေရတာ ဘယ်လောက်ပူတယ်ဆိုတာ ဒကာတို့မြင်တဲ့အတိုင်းပဲလေ၊ သည်းခံပြီးနေရတယ်။ ဒါပေမဲ့ လာတဲ့အချိန်ကစပြီး နားထောင်ကြည့်တော့ ဒကာတို့ လုပ်ငန်းက မွန်မြတ်နေတာ တွေ့ရတယ်။ သူတစ်ပါး အသက်ရှည်ရာ ရှည်ကြောင်းဆိုတော့ ဇီဝိတဒါနပါလေ၊ ဟောပြောပွဲတွေကို ဒီထက်ပိုပြီး ဖြစ်မြောက်အောင် ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။ ခွင့်မပြုဓါတုဆေးဝါးတွေ အသုံးပြုထားတဲ့ အစားအသောက်စာရင်းတွေကိုလည်း အများမြင်သာတဲ့နေရာတွေမှာ ချိတ်ဆွဲပေးရင်ကောင်းလိမ့်မယ်။ ကဲကဲ ကော်ဖီလေး မုန့်လေး သုံးဆောင်ကြပါဦး" ဟု ပြောသဖြင့် အပြန်ခရီးတွင် ငါတို့အလုပ်က " ဇီဝိတဒါန" မြောက်တယ်ဆိုတော့ ဒီထက်ပိုပြီး အားသွန်ခွန်စိုက် ကြိုးစားရတော့မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

**စွမ်းရည် (ယင်းမာပင်)**

## တောင်ကြီးမြို့တွင် ထိုင်း-မြန်မာ ချစ်ကြည်ရေးကုန်စည်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အားကစားခန်းမတွင် ဩဂုတ် ၂၆ရက်က ထိုင်း- မြန်မာ ချစ်ကြည်ရေးကုန်စည် ပြပွဲကို ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါ ကုန်စည်ပြပွဲအား ဩဂုတ် ၂၆ မှ ၃၀ ရက်အထိ ကျင်းပသွားမယ်လို့ သိရပါတယ်။

ထိုင်း-မြန်မာ ချစ်ကြည်ရေး ကုန်စည်ပြပွဲကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူး၊ နန်းခရိုင်ဒုအုပ်ချုပ်ရေး၊ နိုင်ငံခြား ကုန်သွယ်ရေး ဒုတိယ ညွှန်ကြားရေးမှူး၊ ချင်းရိုင်ခရိုင် ကုန်သည်များအသင်း ဥက္ကဋ္ဌ၊ ထိုင်း-မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေး ကော်မတီ အဖွဲ့ဝင်များ နှင့် ရှမ်းပြည်နယ်မှ ကုန်သည်များ တက်ရောက် ခဲ့ကြပါတယ်။

ထိုင်း-မြန်မာ ကုန်စည်ပြပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုတိုးမြှင့်ရန်နှင့် ကုန်သွယ်မှု ပိုမို မြင့်မားစေရန် ရည်ရွယ် လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုင်းညွှန့်လွင်က အစိုးရသစ် လက်ထက်တွင် ကုန်သွယ်မှုနှင့် ရ င်းနှီးမြှုပ်နှံမှုများကို ပြုပြင်ပြောင်းလဲလျက်ရှိပြီး အားပေးလျက်ရှိပါကြောင်း၊ ထိုင်း-မြန်မာ အကြီးအကဲများက မြဝတီတံတား အမြန်ပြီးစီးရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များကို အထူးပြောကြားလိုတာကတော့ ယနေ့ အချိန်အခါ ကာလသည်မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်း အကောင်းဆုံး အချိန်ဖြစ်ပါကြောင်း၊ ထိုင်းနှင့် မြန်မာသည် ကမ္ဘာတည်သရွေ့ အတူနေထိုင်ရမည့် အိမ်နီးချင်းနိုင်ငံများဖြစ်သဖြင့် မြန်မာနိုင်ငံ စီးပွားရေး ကျဆင်းပါက ထိုင်းစီးပွားရေးသည်လည်း ဆက်နွယ် ကျဆင်းနိုင်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် နှစ်နိုင်ငံ စီးပွားရေး မြှင့်တင်ရန် ဆန္ဒပြင်းပြနေပါကြောင်း၊ ကုန်သွယ်မှုပြုကြရာတွင် အခြေခံကျသည့် အချက်များမှာ ပွင့်လင်း မြင်သာမှုရှိရေး၊ မျှတသော ကုန်သွယ်မှုဖြစ်ပေါ်စေရေး၊ နယ်စပ်ကုန်သွယ်ရေးမှ တရားဝင်ကုန်သွယ်မှုဖြစ်ပေါ်စေရေး၊ နှစ်နိုင်ငံ အခွန် အတိအကျ ရရှိစေရေး၊ နှစ်ဘက်ကုန်သည်များအား အာမခံချက်ပေးနိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေး တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့ဖြစ်ကြောင်း၊ နယ်စပ် ထွက်ပေါက်များမှတစ်ဆင့် နှစ်နိုင်ငံကုန်သည်များ ပူးပေါင်းပြီး အခြားနိုင်ငံများသို့ ကုန်စည်များတင်ပို့ရောင်းချနိုင်ရေး ဖန်တီးကြစေလိုကြောင်းနှင့် အစိုးရအချင်းချင်း ကုန်သည်အချင်းချင်း အပြန်အလှန် ဆွေးနွေးကြပြီး စီးပွားရေးမြှင့်တင်နိုင်ရန်နှင့် ရေရှည် တည်တံ့ခိုင်မြဲသည့် စီးပွားရေးတစ်ရပ် ထူထောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

ထို့နောက် ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူးက မယ်ဆိုင်မြို့သည် အထူးစီးပွားရေးဇုန် နေရာတစ်နေရာဖြစ်၍ စီးပွားရေး တိုးမြှင့်လုပ်ဆောင်ရန် အစီအစဉ်ရှိကြောင်း မြန်မာကုန်သည်များအနေဖြင့် ရင်းနှီးမြှုပ်နှံလိုပါက ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ ကုန်စည်ပြပွဲတွင် မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ နမ့်ခမ်းတို့မှ ကုန်သည်များနှင့် ချင်းရိုင်ခရိုင် ကုန်သည်များသည် ကုန်သွယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ် ရေးထိုးခဲ့ကြတယ်လို့ သိရပါ တယ်။ အဆိုပါပြပွဲတွင် ကုမ္ပဏီများမှ ဆိုင်ခန်းပေါင်း ၁၅၀ခန့် ခင်းကျင်း ပြသခဲ့ကြတယ်လို့ သိရှိရပါတယ်။

**စောမောင် (တောင်ကြီး)**

## တောင်ကြီးမြို့တွင် အသေးစား၊ အလတ်စား လုပ်ငန်းရှင်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကုန်သွယ်မှုဗဟိုဌာနခန်းမတွင် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၄ ရက်က ကျင်းပခဲ့တယ်လို့ သိရပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အဖွင့် အမှာစကားပြောကြားခဲ့ရာ နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အတွေ့အကြုံရှိတဲ့ လုပ်ငန်းရှင်များနဲ့ တက်ရောက်လာသော ပုဂ္ဂိုလ်များရဲ့ အခန်းကဏ္ဍကလည်း အလွန်အရေးပါကြောင်း၊ SME လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးခြင်းနဲ့ နည်းပညာ ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း စက်မှုကြီးကြပ်နှင့်လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ယင်းနောက်UK Tag International Development မှ Mr. Felix Hass က 'ပြောင်မြောက်သော လူသားအရင်းအမြစ် စီမံခန့်ခွဲမှုတစ်ရပ်ကို ရရှိစေရန်' ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာ ဒေသအတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်များတွင် ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ ခန့်ပညာသင်ကြားနေကြကြောင်း၊ ထိုကျောင်းသားများကို အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ချိတ်ဆက်ဆောင်ရွက်ရာတွင် မိမိအလုပ်ခွင်အတွက် လူငယ်များမှ မည်သည့် ပညာရပ်များကို ကြိုတင်လေ့လာ သင်ယူခဲ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ကြိုတင်ချိတ်ဆက်ထားမှသာ အရည်အချင်း ပြည့်ဝသော ဝန်ထမ်းကောင်း၊ လုပ်သားကောင်းများကို ရရှိလာမည်ဖြစ်ကြောင်း၊ ကုမ္ပဏီနှင့် အသင်းအဖွဲ့များသည် မိမိတို့အကျိုးနှင့်ယှဉ်ပြီး အများအကျိုးကိုလည်း ဆောင်ရွက်သွားနိုင်အောင် ပြုလုပ်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ Genius ကော်ဖီလုပ်ငန်းရှင် ဦးငွေထွန်းကလည်း တက်ရောက်လာသူများကို မိမိလုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များအား စံနမူနာယူနိုင်စေရန် ရှင်းလင်းဆွေးနွေးခဲ့ပြီး မိမိအကျိုးစီးပွားကိုဆောင်ရွက်ရင်း လူမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံများကို စိတ်ဝင်စားဖွယ်ရာ ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ် အဆင့်ဌာန ဆိုင်ရာ အကြီးအကဲများ၊ ကုမ္ပဏီနှင့် အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် NGO အဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူများတက်ရောက်ခဲ့ကြပြီး စုစုပေါင်း အင်အား ၇၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

**စောမောင်(တောင်ကြီး)**

# ရက်သတ္တပတ်အတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၆၇ သန်းကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက်အတွင်း ကုန်သွယ်မှုအခြေအနေမှာ ပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၆၄ ဒသမ ၀၀၄ သန်း၊ သွင်းကုန် တင်သွင်းမှု အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၁၂၇ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၉၅ ဒသမ ၁၃၁ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၁၂၃ သန်းဖြစ်ပြီး ထိုသို့ လိုငွေပြရခြင်းမှာ မတ်ပဲ၊ ပဲတီစိမ်းနဲ့ ကျောက်စိမ်းတင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ ၈၇၇ သန်းနဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၇၁၃ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ ၈၉ ဒသမ ၈၃၆ သန်းဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄၁၄ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှု ပိုငွေမှာ ၂၂ ဒသမ ၇၁၃ သန်း ဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ်စမှ ဩဂုတ် ၁၉ ရက်အထိ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄၂၁၂ ဒသမ ၅၆၀ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၅၆၉၂ ဒသမ ၂၄၉ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉၉၀၄ ဒသမ ၈၀၉ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၇၉ ဒသမ ၆၈၉ သန်းဖြစ်ပါတယ်။

၂၀၁၆ ဧပြီ ၁ ရက်မှ ဩဂုတ် ၁၉ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၆၁၇ ဒသမ ၄၀၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၄၆၉၂ ဒသမ ၃၀၁ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၀၅၄ ဒသမ ၈၉၆ သန်းဖြစ်ပါတယ်။ နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၅၇၅ ဒသမ ၁၅၅ သန်း သွင်းကုန် အမေရိကန်ဒေါ်လာ ၉၉၉ ဒသမ ၉၄၈ သန်းဖြစ်ပြီး ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၅၇၅ ဒသမ ၂၀၇ သန်းဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# တစ်ဖက်နိုင်ငံတွင် ငါးရှဉ့်ဈေးနှုန်း ကျဆင်းမှုကြောင့် ပို့ကုန်ပမာဏ ပိုမိုသော်လည်း တန်ဖိုးများလျော့ကျ

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၁၀၆ တန် တင်ပို့ နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် ၁၁၄ တန်ကျော် ပိုမိုတင်ပို့ခဲ့သော်လည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်း လျော့နည်းခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ ရေထွက်ကုန်တွေကတော့ ကဏန်း၊ ငါးရှဉ့်၊ ငါးလေးခြောက်၊ ငါးဆားနယ်၊ ငါးမှုန့်၊ ငါးစီဖောင်း၊ ငွေး၊ ပုစွန်ခြောက်နဲ့ ရေခဲပုစွန်တို့ ဖြစ်ပါတယ်။

ယခုသီတင်းပတ်တွင် တစ်ဖက်နိုင်ငံ၌ ငါးရှဉ့် ဈေးနှုန်းကျဆင်းမှုများကြောင့် ငါးရှဉ့် ၉ တန်ကျော် ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ခဲ့သော်လည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၄၃ သန်းလျော့နည်းရရှိခဲ့ခြင်းကြောင့် ရေထွက်ပစ္စည်းတင်ပို့မှု တန်ချိန်ပိုမိုသော်လည်း တန်ဖိုးလျော့နည်းရခြင်းဖြစ်ကြောင်းနှင့် တစ်ဖက်နိုင်ငံဈေးနှုန်းအနေနဲ့ကလည်း တစ်တန်ကို ၅၀၅၂၀ ယွမ်နဲ့ ငါးရှဉ့် တစ်တန်ကို ၂၃၀၀၀ ယွမ်ဈေးရရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ပမှ ဆိုင်ကယ်မျိုးစုံ စီးရေ တစ်သောင်းကျော် ဝင်ရောက်

ဩဂုတ် တတိယပတ်အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ နိုင်ငံများမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၅၈၄ သန်းတန်ဖိုးရှိဆိုင်ကယ် ၁၁၁၇၉ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တရုတ် နယ်စပ်၊ ထိုင်းနယ်စပ်နဲ့ အိန္ဒိယ နယ်စပ် သုံးခုစလုံးမှ တင်သွင်းမှု လျော့ကျသဖြင့် စီးရေ ၈၀၀ ကျော် လျော့နည်းခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

ဆိုင်ကယ်တင်သွင်းမှု အခြေအနေကိုကြည့်ပါက မူဆယ် ကုန်သွယ်ရေးဇုန်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂၀ သန်း တန်ဖိုးရှိဆိုင်ကယ် ၉၇၁၆ စီး၊ မြဝတီ ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅၃ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၄၅၄ စီးနဲ့ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၀ သန်း တန်ဖိုးရှိ ဆိုင်ကယ်ကိုးစီးကို တင်သွင်းခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ သိရပါတယ်။

ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လ တတိယပတ်အတွင်း တင်သွင်းခဲ့တဲ့ ဆိုင်ကယ်များကတော့ CANDA 25 CC 2016 ဖြစ်တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# ဩဂုတ်လ တတိယပတ်အတွင်း ထိုင်းနယ်စပ်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၆ သန်း တန်ဖိုးရှိရေထွက်ကုန် ၁၈၄၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ဩဂုတ် တတိယပတ်က ၁၇၃၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ တန် ၁၀၀ ကျော်ကို မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း၊ မြိတ် ကုန်သွယ်ရေးစခန်းသုံးခုလုံးမှ ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရေထွက်ကုန်ပစ္စည်းများကို မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၁ သန်း တန်ဖိုးရှိငါးမျိုးစုံ ၄၇ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၅ သန်း တန်ဖိုးရှိ ကဏန်း ၁၉ တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်း တန်ဖိုးရှိ ပုစွန် တစ်တန်ကျော်ကို လည်းကောင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိ ကန်ဒေါ်လာ သုညဒသမ ၀၉၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၁၀၇ တန်ခွဲ၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၁၄ သန်း တန်ဖိုးရှိ ကင်းမွန် ၈ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၀ သန်း တန်ဖိုးရှိ ပုစွန်တစ်တန်ခွဲ၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၄ သန်း တန်ဖိုးရှိ အခြားရေထွက်ကုန်ပစ္စည်း ငါးတန်ခန့်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ် ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၁၅၃၉ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၅ သန်း တန်ဖိုးရှိ ရေငန်ပုစွန် တန် ၂၀ ကျော် ၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၆ သန်း တန်ဖိုးရှိငါးအသားလွှာ ရှစ်တန်ကျော်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်းတန်ဖိုးရှိ ကင်းမွန် သုံးတန် နီးပါးနဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၄ သန်းတန်ဖိုးရှိ ကဏန်းအသေး(အသေ) တစ်တန်ခွဲကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတန် ၂၀၀ ကျော် ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်တဲ့ တမူးနဲ့ ရိဒ် ကုန်သွယ်ရေးစခန်းများမှ အိန္ဒိယနိုင်ငံသို့ ဩဂုတ်လတတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၃ သန်း တန်ဖိုးရှိ ကွမ်းသီးတန်ချိန် ၇၅၀ ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၄၈၀ ကျော်သာ တင်ပို့နိုင်တာမို့ ယခုတစ်ပတ်မှာ တန်ချိန် ၂၇၀ ကျော် ပိုမိုတင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

တမူးနဲ့ ရိဒ် ကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန် ဖြစ်တဲ့ ကွမ်းသီးအပြင် တမူးကုန်သွယ် ရေးစခန်းမှ စီးကရက်၊ နမ့်ဖာလုံအမယ်စုံကို အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၀ သန်းဖိုး နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ မုန့်မျိုးစုံ၊ ဆပ်ပြာမှုန့် ၊ အချိုရည်၊ ငါးသေတ္တာ၊ ကလေးဝမ်းဆက်၊ ကလေးတီရှပ်၊ ကလေးအနွေးထည်၊ မအတွင်းခံတို့ကို အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၁ သန်းဖိုး တင်ပို့နိုင်တယ်လို့ သိရပါတယ်။

ဇူလိုင်လအတွင်း တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီး ၄၀၁၇ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီး ၁၀၇၈ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဆီးဖတ်၊ ဆီးယိုထုတ်၊ နနွင်းတက်၊ သစ်ခေါက်များ တင်ပို့

စစ်တွေ ကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ဩဂုတ်လ တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၆ သန်း တန်ဖိုးရှိ ပို့ကုန်ပစ္စည်း ရှစ်မျိုးကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်ထက် အမေရိကန်ဒေါ်လာ သုညဒသမ ၁၀၆ သန်း လျော့နည်းခဲ့ပြီး ယင်းသို့ လျော့နည်းရခြင်းမှာ ဩဂုတ် တတိယပတ်အတွင်း ရေချိုငါးမြစ်ချင်း တင်ပို့မှုမရှိခြင်းကြောင့် ဖြစ်ပါတယ်။

တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ ဆီးဖတ် ၁၅ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ နနွင်းတက်တစ်တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ မန်ကျည်းစေ့ ၉၄ တန်၊ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ ချင်းအစို ၃တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်း တန်ဖိုးရှိ သစ်ခေါက် တန် ၃၀ ၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်း တန်ဖိုးရှိ ဆီးယိုထုပ် ၄၄ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်း တန်ဖိုးရှိ နန်းတော်အရက်နဲ့ အဆင့်မြင့် ဝီစကီ ၁၅၀၀ လီတာကို တင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုလုပ်ငန်းများ ကြည့်ရှုလေ့လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၂၇ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခန်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ MITT အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်နှင့် အဖွဲ့ဝင်များ၊ UMFCCI မှ တာဝန်ရှိသူများ၊ MJTD မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိက အထောက်အကူပြုမည့် အထူးစီးပွားရေးဇုန်ကြီး ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံအစိုးရ၊ ဂျပန်လုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အခက်အခဲများကြားမှ အောင်မြင်သည့် စီးပွားရေးဇုန်ကြီး တစ်ခုဖြစ်ပေါ်လာသည်ကို တွေ့ရှိရကြောင်း၊ မကြာမီ သီလဝါ အုပ်ချုပ်ရေးဇုန်ကော်မတီကို ဖွဲ့စည်းပြီး စွမ်းအားပြည့် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် အခက်အခဲများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများကလည်း ၎င်းတို့ရင်ဆိုင်နေရသည့် အခက်အခဲများကို တင်ပြရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် One Stop Service တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားပြီး FOSTER လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် အလုပ်ရုံသို့ ဝင်ရောက်လေ့လာခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်ဆွေ**

## လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ ကျေးရွာများသို့ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်မင်းစိုးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၉ ရက်တွင် လားရှိုးမြို့နယ်၊ (နောင်ဖော့ကျေးရွာ)နှင့် ဇူလိုင် ၃၀ ရက်တွင် (မယ်ဟန်ကျေးရွာ) နှင့် ဩဂုတ် ၈ ရက်တွင် မန်အိုင်ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများ ကျင်းခဲ့ပါသည်။

ရှေးဦးစွာ ဦးစီးအရာရှိဦးမြတ်မင်းစိုးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်၍လည်းကောင်း၊ စံမမီစားသောက်ကုန်များအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန် မသင့်သော အစားအသောက်များနှင့်ပတ်သက်၍လည်းကောင်း၊ စားသုံးသူ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးခင်ညွန့်က အစားအသောက်များနှင့် ပတ်သက်၍ ဆိုးဆေးအန္တရာယ်များအကြောင်း၊ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်၊ အမှတ်တံဆိပ်ပါအချက်များ အား သတိပြုရောင်းဝယ်ကြပါရန် ဆွေးနွေးဟောပြောခဲ့ပါသည်။

ထို့ပြင် ဒေါ်မေသူဝင်းက အိမ်တွင်း မီးဖိုချောင်သုံး စားသုံးဆီနှင့် ဟင်းချိုမှုန့်များကို လွန်ကဲစွာစားသုံးခြင်း၊ ကလေးငယ်များအား တရုတ်စာတန်းပါ အစပ်ထုပ်များ စားသုံး ခြင်း၊ စားသုံးရန် မသင့်သောရက်လွန်ပြီးမှိုတက်နေသောမုန့်မျိုးစုံနှင့်ဓာတုဆေးပါအချိုရည်များ အကြောင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို အကျယ်တဝင့် ရှင်းလင်း ဟောပြောခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက် လာကြသူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

# SCG ဘိလပ်မြေက မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီးသို့ မျက်စိအတွင်းတိမ်ရောဂါခွဲစိတ်ကုသရေး စက်ကိရိယာကို လှူဒါန်း

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလောကတွင် အသုံးများလျက်ရှိသည့် ထိုင်းနိုင်ငံမှထုတ်လုပ်သည့် SCG ဘိလပ်မြေသည် ၎င်း၏ Sharing A Brighter Vision အစီအစဉ်၏ ဒုတိယအကြိမ်မြောက်အဖြစ် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ မျက်စိအတွင်း တိမ်ခွဲစိတ်ကုသရေးစက်ကိရိယာ(Pyhacoemulsification)ကို ဩဂုတ် ၂၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါမျက်စိအတွင်းတိမ် ခွဲစိတ်ကုသရေးစက်သည် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ကြေးရှိပြီး မော်လမြိုင်မြို့ရှိ မျက်စိဆရာဝန်များအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ မျက်စိအတွင်းတိမ် ဝေဒနာရှင်များအား ယခင်ကထက်ပိုမိုထိရောက်စွာ ကုသပေးနိုင်တော့မည်ဖြစ်သည်။

"ကျန်းမာရေးစောင့်ရှောက်မှုဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ဦးစားပေးအစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူငယ်၊ လူကြီးနဲ့ နိုင်ငံသားအားလုံး အကျိုးဖြစ်ထွန်းဖို့အတွက် ကျန်းမာရေးကဏ္ဍ တိုးတက်ကြီးထွားအောင် အစိုးရ၊ ကုမ္ပဏီတွေနဲ့ လူမှုအဖွဲ့အစည်းတွေအားလုံး အတူတကွ




ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အခုဆိုရင် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီးမှာ SCG က လှူဒါန်းလိုက်တဲ့ နောက်ဆုံးပေါ် ခေတ်မီမျက်စိအတွင်းတိမ်ရောဂါ ခွဲစိတ်ကုသရေးကိရိယာရှိလာပြီဖြစ်တဲ့အတွက် မွန်ပြည်နယ်လူထုကို အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုတွေပေးသွားနိုင်မှာဖြစ်ပါတယ်"ဟု Phaco စက်လှူဒါန်းပွဲ အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက ပြောကြားခဲ့သည်။

Sharing a Brighter Vision အစီအစဉ်ကို ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ထိပ်တန်းမျက်စိအတွင်းတိမ် ခွဲစိတ်ကုသရေးစင်တာကို လုပ်ကိုင်ဆောင်ရွက်နေသည့် Banphaeo ဆေးရုံ၊ The Crown Property Bureau နှင့် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး၊ မော်လမြိုင်ဆေးရုံကြီးတို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ခေတ်မီဆေးကုသရေး ကိရိယာများ၊ ထိုင်းနိုင်ငံမှ ဆရာဝန်များနှင့် ဝန်ထမ်းများပါဝင်သည့် ၂၅ ဦးအဖွဲ့သည် မွန်ပြည်နယ်ရှိ မော်လမြိုင်၊ ကျိုက်ထို၊ ကျိုက်မရော၊ ပေါင်၊ ချောင်းဆုံ၊ ရေး၊ မုဒုံ၊ သထုံ၊ သံဖြူဇရပ်နှင့် ဘီလင်းမြို့နယ်တို့အတွင်းရှိမျက်စိဝေဒနာရှင် ၂၀၀ အား ကုသပေးခဲ့ပါသည်။

၂၀၁၆ ခုနှစ်ကုန်ပိုင်းတွင်လည်း Banphaeo ဆေးရုံမှအဖွဲ့သည် မွန်ပြည်နယ်ရှိ လူနာ ၂၀၀ ကို ဒုတိယအကြိမ် မျက်စိအတွင်းတိမ် ကုသပေးရန် မော်လမြိုင်မြို့သို့ ထပ်မံလာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**


Exhibition Management & Advertising Services
NMT Relocation & Logistics Services
NMT
N.M.T LTD
Logistics & Exhibition Management
Advertisement
Project Cargo Handling
Packing And Household Moving
Worldwide Door To Door Services
Warehousing And Distribution Management
International Freight Forwarder (Air / Sea and Land)
No.(123), 2nd Floor, 42nd Street, Botahtaung Township, Yangon, Republic of The Union of Myanmar.
Tel : (951) 245 854, 392 424, 392 033. Dir : (951) 380 389. Fax : (951) 392 424.
E mail : movers@nmtmyanmar.com.mm, nmtforwarder@gmail.com
website : www.nmtmyanmar.com
MEMBER OF
AFECA
IAM


Sonnenberg Engineering Group
www.sonnenberggroup.com
facebook:sonnenberg engineering group


RISE Trade International Co., Ltd.
RISE
IMPORTER & DISTRIBUTOR OF Vegetable Seeds,
Agro Chemical & Fertilizer
မျိုးစေ့
ပိုးသတ်ဆေး
မှိုသတ်ဆေး
ပေါင်းသတ်ဆေး
WAP
No. 164, Thu Kha 54th Street, Quarter (8), Hlaing Township, Yangon. Fax: 01 516128, E-mail: phounghsai@gmail.com,
Tel: 01 516128, 01 521076, 01 521245, 09 5115201, 09 799994954, 09 972997898 Website : www.risetradeinternational.com


PMP
PYI MIN PAING CO.,LTD
&
HORIZON EXPORT & IMPORT SERVICES AGENCY
Export & Import
Customs Clearance Service
Company Registration
Trading Service
Transportation
Address Office: No.95, 3rd Floor, 39th Street, Kyauktada Tsp., Yangon, Myanmar.
Res: No.26, 7th Floor, 109th Street, Mingalartaungnyunt Tsp., Yangon, Myanmar.
Ph: 096560759, 09781930785, 095115654, 0991038969, 09401561265
E-mail
Website: www.pyiminpaing.com


GP
Golden Pinya Investment Co.,Ltd
Address No.32, Kone Myint Yeik Thar St, (7)Miles, (6)Ward, Mayangone Township, Yangon.
Phone +(95-1) 652 905, 652 906, 652 907
Fax +(95-1) 651 751
Email goldunirgn@gmail.com

# ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်

# GOOD BROTHERS' COMPANY LIMITED

လက်ငင်းဝနှစ်၊ဘက်အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပြီး အပိုပစ္စည်းများကို အမြို့မြို့အနယ်နယ်ရှိကုမ္ပဏီခွဲများတွင်ဝယ်ယူရရှိနိုင်ပါသည်။
ဈေးနှုန်းသက်သာပြီးဝယ်ယူသူများအဆင်ပြေချောမွေ့စေရန်ဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးပါသည်။







ရန်ကုန် – အမှတ်-(၂၂)၊ဘုရင့်နောင်လမ်းမကြီး၊ သီရိမ္ဂလာ လုံးချင်းအိမ်ရာ၊လှိုင်မြို့နယ်။ ဖုန်း-၀၁ ၆၈၂၁၄၇၊ ၆၈၂၁၅၇၊ ၆၈၂၇၉၉ (လိုင်းခွဲ ၁၁၅/၈၂၅) ဖက်(စ်) ၀၁ ၆၈၁၄၁၃ ၀၉-၅၀၂၀၁၈၃၊ ၀၉၂၅၆ ၂၆၅၄၆၉
မန္တလေး – အမှတ်-(၅၁၂၅၄၁)၊ ၈၁လမ်း၊ ၃၅ × ၃၆ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၉၉၄၈၊ ၃၂၄၄၈၊ ၆၄၅၁၄၊ ၇၁၅၆၄(လိုင်းခွဲ-၂၁၁၊ ၂၁၄)၊ ၀၉၂၀၁၈၈၁၄၊ ၀၉၆၄၆၀၆၅၊ ၀၉၄၄၄၀၀၂၄၁၄၊ Fax-၀၂-၂၄၈၄၈



TYW
Distribution Company

# Tin Ye Win Distribution Company Limited.



Cowhead | Danisa | EVER Delicious | SUNQUICK Natural Fruit Juice | kara COCONUT CREAM | Slai O'lai | Zee | farmland Frozen Products | LambWeston | YESS | AHHA CANDY | ARROW BUBBLE GUM | CHOCIS Wafer

No.69/70, Pyin Si Min Thar Gyi St., Zone(4), Hlaing Thar Yar Industrial City, Yangon.
Tel & Fex : +951-685310, 685337, 685708, 685709, 685346, 685697 Email : tyw.ahha@gmail.com

## ပြောင်း

### ပြောင်းတင်ပို့မှု တန်ချိန် ရှစ်ထောင်ကျော်လျော့နည်း

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းစုံမှ ဩဂုတ်လ တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၀ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၈၃၃၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တာကတော့ မူဆယ်မှ တန် ၆၇၀၀၊ လွယ်ဂျယ်မှ ၅၆၄ တန်၊ ချင်းရွှေဟော်မှ ၉၇၈ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၉၅ တန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းလေးခုမှ ပြောင်းတန်ချိန် ၁၇၀၄၉ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ချိန်ရှစ်ထောင်ကျော် လျော့နည်းတင်ပို့ ခဲ့ ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ် ၁၂ ရက်က ပြောင်းတစ်တန်ကို မိမိဘက်ပေါက်စျေး ၂၇၃၅၃၅ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၁၉ ရက်မှာ ၂၇၆၂၃၃ ကျပ်သို့ စျေးအနည်းငယ်မြင့်တက်လာပါတယ်။ အရည်အသွေးပြည့်ဝတဲ့ မြန်မာ့ပြောင်းတွေကို မြန်မာနိုင်ငံမှာ တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ အမှုန့်ကြိတ်ပြီး မုန့်ပဲသွားရည်စာအဖြစ်လည်းကောင်း သုံးစွဲလျက်ရှိကြပါတယ်။

**မော်မော်အောင်**

## သကြား

### တရုတ်နိုင်ငံသို့ သကြားတင်ပို့မှု လျော့နည်း

ဩဂုတ်လ တတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၃၈ သန်းတန်ဖိုးရှိ သကြား ၂၀၉၁၄ တန်ခွဲ တင်ပို့ခဲ့သလို ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေ ရိကန်ဒေါ်လာ ၉၉၀၀ တန်ဖိုးရှိ သကြား ၁၆ တန်ခွဲတင်ပို့ ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၂၆၃၄၅ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၈၃ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ သကြားတင်ပို့မှု လျော့နည်းသွားတာ တွေ့ရပါတယ်။ ယခုတစ်ပတ်တွင် ပြည်တွင်းရှိ သကြားစျေးတစ်တန်လျှင် ကျပ် ခုနစ်သိန်းလေးသောင်းအထိရှိနေပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်ကို ၂၃၇ မှ ၂၃၈ ယွမ် စျေးသာရှိကြောင်း မန္တလေး- မူဆယ် သကြားတစ်ပိဿာ သယ်ယူစရိတ်မှာ ၄၇ ကျပ်ဖြစ်ကြောင်း သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခု တစ်ပတ်တွင် အမေရိကန် ဒေါ်လာ ၁၅၆၂၉၆၂ တန်ဖိုးရှိ သကြား ၂၈၄၁ တန်ခွဲ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၆၄၂ တန်ခွဲအထိ တင်သွင်းခဲ့လို့ မြဝတီမှလည်း သကြားတင်သွင်းမှု လျော့နည်းခဲ့ပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း

### မူဆယ်မှ ဝါဂွမ်းပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ တတိယပတ်တွင် အမေရိကန်ဒေါ်လာ ၃၈၇၂၀၀ တန်ဖိုးရှိ ငွေချည်-၆ ဝါ ၁၇၆ တန် တင်ပို့ခဲ့ပါတယ်။ ပထမပတ်က ၃၃၆ တန်နဲ့ ဒုတိယပတ်မှာ ၂၈၇ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ဝါတင်ပို့မှုလျော့နည်းခဲ့ပေမယ့် တရုတ်နိုင်ငံသို့ မူဆယ် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဝါပုံမှန်တင်ပို့ နေပါတယ်။

ငွေချည်-၆ ဝါကို ၂၀၁၄ ခုနှစ်၊ မတ်လကတည်းကတင်ပို့ခဲ့ရာ လိုင်စင်စျေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၂၁၀ ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## ပဲ

### ပဲခြောက် တန်ချိန် ၃၀ ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် တတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ဝ၆၉ သန်းတန်ဖိုးရှိ ပဲခြောက် ၃၇ တန် ခွဲတင်ပို့ခဲ့ပါတယ်။ ဇူလိုင်တတိယပတ်က တစ်တန်နီးပါး တင်ပို့ခဲ့ပြီး ယခုတစ်ပတ်တွင် မှ ပဲခြောက် ပြန်လည်တင်ပို့ခဲ့တာလို့ သိရပါတယ်။

ပဲခြောက်က မြေဆီမြေနှစ်ကောင်းလျှင် ကောင်းသလို တစ်ပိဿာမှ ၁၃ ပိဿာအထိထွက်ရှိပြီး ယနေ့ခေတ်အချိန်အခါတွင် ပူပြင်းခြောက်သွေ့တဲ့ ဒေသတွေကလွဲပြီး စိုက်ပျိုးအောင်မြင်နိုင်တယ်လို့ တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## ကုန်သွယ်မှုသင်တန်းကျောင်း၏ စီးပွားရေးဆိုင်ရာဟောပြောဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း၏ စီးပွားရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲ (Business Talk Program) ကို ဩဂုတ် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး၌ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးဟောပြောပွဲတွင် စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ ဆရာမကြီး ဒေါက်တာဒေါ်နုနုယဉ်က Continuous Imporvement(KAIZEN) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ကုန်သွယ်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာမောင်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ပါမောက္ခဆရာမကြီးဒေါက်တာ ဒေါ်နုနုယဉ်က KAIZEN ဆိုသည်မှာ ဂျပန်ဝေါဟာရစကားလုံးပင် ဖြစ်ကြောင်း၊ KAIZEN ဟူသည်မှာ Continuous Improvement စဉ်ဆက်မပြတ် တိုးတက်အောင်လုပ်ဆောင်ခြင်းဟု ခေါ်ဆိုကြောင်း၊ တိုးတက်အောင်လုပ်ဖို့ဆိုရာတွင် အမြဲတမ်းလုပ်နေရမည်ဖြစ်ကြောင်း၊ ယခုခေတ်လူငယ်များသည် ကိုယ့်ရည်မှန်းချက်ကို ရောက်ရှိသည်နှင့် ရပ်သွားတတ်ကြကြောင်း၊ ယင်းအချက်သည်မဟုတ်ကြောင်း၊ ဆက်ပြီး လေ့လာသင်ယူမှုများ ပြုလုပ်ရမှာဖြစ်ကြောင်း၊ အလုပ်ရှင်တွေရော၊ အလုပ်သမားတွေ သာမက လူတိုင်းလူတိုင်း KAIZEN Philosophy ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ ယင်း Philosophy ကို ဂျပန်နိုင်ငံ တစ်နိုင်ငံတည်းတွင်သာ ကျင့်သုံးနေသည်မဟုတ်ဘဲ တိုးတက်နေသည့် နိုင်ငံများမှာပါ ကျင့်သုံးနေကြပြီဖြစ်ကြောင်း၊ နည်းပညာတိုးတက်လာသည်နှင့်အမျှ အဲဒီနည်းပညာတွေကို တိုး တက်အောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ KAIZEN သည် စားသုံးသူကို ဦးစားပေးသည့်စနစ်ပင်ဖြစ်ကြောင်း၊ ထို့ပြင် KAIZEN တွင် Process နှင့် Result သည် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံတွင် Result ကို ဦးစားပေးနေကြောင်း၊ KAIZEN တွင် Result ထက် Process Oriented ကိုသာ ဦးစားပေးထားကြောင်းစသည်ဖြင့် KAIZEN နှင့်ပတ်သက်၍ ကျယ် ကျယ်ပြန့်ပြန့်ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါဆွေးနွေးဟောပြောပွဲသို့ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ အပြည်ပြည်ဆိုင် ရာကုန်သွယ်မှုသင်တန်းအမှတ်စဉ်(၈)နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း (စနေ၊ တနင်္ဂနွေ)တို့မှ သင်တန်းသား၊ သင်တန်းသူများ လေ့လာသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများရော ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှပါ ရော်ဘာပိုမိုတင်ပို့

ဩဂုတ်လ ၁၃ ရက်မှ ၁၉ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၃ သန်းတန်ဖိုးရှိ ရော်ဘာ ၉၁၉ တန်ခန့် တင်ပို့ခဲ့ရာ ယခင် တစ်ပတ်တင်ပို့မှုထက် ၁၆၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်မှ RSS 3 ၆၆၃ တန်ကျော် တင်ပို့ပြီး ယခင် တစ်ပတ်ထက် ၁၁၉ တန်ပိုမိုရှိခဲ့ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ MSR 20 ၂၀၂ တန်ကျော်၊ RSS 3 ၅၃ တန် တင်ပို့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၄၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာစျေးအနည်းငယ်မြင့်တက်လာပါတယ်။ ယခင်တစ်ပတ်က RSS 3 တစ်တန်ကို ၁၄၈၈၄၅၅ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၅၀၃၁၃၉ ကျပ်သို့မြင့်တက်လာပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ်လ ၁၄ ရက်မှ ၂၀ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၁ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၂၄၁ တန်တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ MSR 20 TSR တန် ၂၀၀၊ RSS 3 ၁၈ တန်၊ MSR 50 ၉၉ တန်၊ ဂျပန်နိုင်ငံသို့ MSR 20 TSR ၂၉၄ တန်၊ စင်ကာပူနိုင်ငံသို့ MSR 20 TSR ၂၄၇ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20 TSR ၁၀၁ တန်၊ တရုတ်နိုင်ငံသို့ MSR 10 ၁၄၁ တန်၊ အိန္ဒိယနိုင်ငံသို့ MSR 10 ၁၄၁ တန်အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်ကတန် ၁၂၀ ကျော်သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၁၁၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နိုင်ငံတကာရော်ဘာစျေး ယခုတစ်ပတ်မှာ အတက်အကျအနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ ရော်ဘာစျေးမှာ မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ သတင်းထုတ်ပြန်ထားချက်များအရ သိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀ -၁၄၅၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀ -၁၇၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၉၆၀ - ၁၀၁၀ |

**ယဉ်ယဉ်အေး**



## လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုဝင်ရောက်လာရန် သတ်မှတ်ထားသည့် အချက်များအား ပြန်လည်သုံးသပ်ရန်လို

လက်ရှိအချိန်တွင် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏ စုစုပေါင်း၏ ငါးရာခိုင်နှုန်းခန့် သာရှိသေးသဖြင့် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုဝင်ရောက်လာရန် သတ်မှတ်ထားသည့်အချက်များအား ပြန်လည်သုံးသပ်ရန်လိုကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ဩဂုတ်လ ၂၂ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"လယ်ယာကဏ္ဍက နိုင်ငံရဲ့အဓိကကျတဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ လယ်ယာကဏ္ဍနဲ့ပတ်သက်ပြီးတော့ ကန့်သတ်ထားတဲ့ အချက်တွေရှိတယ်။ ဥပမာအားဖြင့် သွင်းအားစုတွေ၊ သွင်းလာမယ်၊ ဒီမှာ တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပရောင်းမယ်ဆိုတဲ့ လုပ်ငန်းမျိုးတွေကို ခွင့်ပြုထားပါတယ်။ ဒါပေမဲ့ နိုင်ငံခြားသားက ၄၉ ရာခိုင်နှုန်းပဲ အများဆုံး ပါဝင်ခွင့်ရှိတယ်။ တချို့ပရောဂျက်တွေကျတော့ အမေရိကန် ဒေါ်လာ သန်းလေးငါးရာဆိုတော့ ရင်းနှီးမြှုပ်နှံမှုပမာဏများတဲ့ လုပ်ငန်းတွေကျတော့ မြန်မာနိုင်ငံသားက ၅၁ ရာခိုင်နှုန်းထည့်ဖို့ဆိုတာ အကန့်အသတ်တွေ ရှိနေတယ်။ နိုင်ငံခြားသားကလည်း ၄၉ ထက်မကျော်ဘဲ ထည့်ရမယ်ဆိုတော့ ဒီချမှတ်ထားတဲ့ မူဝါဒစည်းမျဉ်းစည်းကမ်းတွေကို ပြန်ပြီး Review လုပ်ဖို့လုပ်ပါမယ်။ အဲဒါကို Review လုပ်ပြီး လိုအပ်တဲ့ ဖြေလျှော့မှုတွေကို လုပ်ပေးနိုင်မယ်ဆိုရင် လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံတွေ ပိုပြီး ဝင်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမဲ့ ဒီနှစ်ထဲမှာတော့ မျိုးထုတ်လုပ်တဲ့လုပ်ငန်းကို ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုလိုက်ပါတယ်။ ဒီမျိုးစေ့ထုတ်လုပ်တဲ့ လုပ်ငန်းဟာ အရင်တုန်းက ဖက်စပ်အဖြစ် ခွင့်ပြုထားတဲ့လုပ်ငန်းပါ"ဟု ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောကြားခဲ့သည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၆၄ ဘီလျံကျော်အထိ ဝင်ရောက်ထားသော်လည်း လယ်ယာကဏ္ဍတွင်မူ အမေရိကန်ဒေါ်လာ ၂၄၉ သန်းကျော်သာ ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၈၀ သန်းသာ ဝင်ရောက်ခဲ့သည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၇၅၀ သန်း ဝင်ရောက်ခဲ့သော်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်မူ အဆိုပါကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့ခြင်း မရှိပေ။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၅၀ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၆၉ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၉ ဒသမ ၆၆၆ သန်းဝင်ရောက်ခဲ့ရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လယ်ယာကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁၅ ဒသမ ၅၁၅ သန်းသာ ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။ **မယ်သီတာ**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ် ၁၅/ ၂၀၁၆ မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ကိုးခုကို ခွင့်ပြုပေးခဲ့



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဩဂုတ်လ ၁၉ ရက်က ကျင်းပခဲ့သည့် ၁၅/ ၂၀၁၆ ကြိမ်မြောက် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ကိုးခုကို ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ဩဂုတ်လ ၂၂ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၅/ ၂၀၁၆ကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ကိုးခု၏ ရင်းနှီး မြှုပ်နှံမှု ပမာဏ စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၆၂ ဒသမ ၅၇၉ သန်းနှင့် မြန်မာကျပ်ငွေ ၃၂၁၇၉ ဒသမ ၆၆သန်း ရှိကြောင်း သိရသည်။ အလုပ်အကိုင် အခွင့်အလမ်းတွင် ပြည်တွင်းအလုပ်အကိုင် ၂၄၇၉ ခုနှင့် ပြည်ပအလုပ်အကိုင် ၄၂ ခု၊ စုစုပေါင်း အလုပ်အကိုင် ၂၅၂၁ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ကိုးခုအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းလေးခုကို ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၄၂ဒသမ ၀၇၇ သန်းဖြင့် ခွင့်ပြုပေးခဲ့ကာ အလုပ်အကိုင်ပေါင်း ၁၆၅၈ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လေးခုတွင် စက်မှုကဏ္ဍ၌ နှစ်ခု၊ ဟိုတယ်ကဏ္ဍတွင် တစ်ခုနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ တစ်ခု ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းငါးခုတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၀၂ သန်းနှင့် ကျပ်သန်းပေါင်း ၃၂၁၇၉ ဒသမ ၆၆ ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်ပေါင်း ၈၆၃ ခုကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

ခွင့်ပြုပေးခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများမှာ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် တစ်ခု၊ ဟိုတယ်ကဏ္ဍတွင်တစ်ခု၊ လျှပ်စစ်ဓာတ်အာ ကဏ္ဍတွင် တစ်ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင်တစ်ခုနှင့်အခြား ဝန်ဆောင်မှုကဏ္ဍတွင်တစ်ခုတို့ ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## KFC Myanmar က Chilli Lime အရသာသစ် ကြက်ကြော်ကို မိတ်ဆက်



KFC Myanmar သည် ၎င်း၏ အစီအစဉ်သစ်ဖြစ်သည့် Chilli Lime အရသာသစ်ကြက်ကြော်ကို မိတ်ဆက်လိုက်ပြီဖြစ်သည်။

KFC ၏ Chilli Lime အရသာ ကြက်ကြော်သည် မြန်မာ့အကြိုက် အရသာကို အခြေခံ၍ ငရုတ်နှင့်သံပုရာကို အချိုးကျကျ ပေါင်းစပ်ထားသော စားချင့်စဖွယ် ကြက်ကြော်အရသာသစ် ဖြစ်ပါသည်။

KFC's Chili Lime ၏ အထူးဆောင်ပုဒ်ဖြစ်သော 'တစ်ဖွဲ့ကိုက်လိုက်တိုင်း လန်းဆန်းစေမယ့် ငရုတ်နဲ့ သံပုရာ'ဆိုသည့်အတိုင်းပင် တစ်ဖွဲ့ကိုက်လိုက်ရုံဖြင့် ငရုတ်နှင့် သံပုရာ၏ လတ်ဆတ်သော အရသာကို စားသုံးသူများ ခံစားရပြီး လန်းဆန်းမှုကို အထူးပေးစွမ်းနိုင်သော အရသာသစ်ဖြစ်ပါသည်။

မြန်မာလူမျိုးများ အကြိုက်ဖြစ်သည့် အချဉ်နှင့် အစပ်အရသာကို ပေါင်းစပ်ဖန်တီးထားသော Chili Lime သည် ချဉ်စပ်ကြိုက်သည့် မြန်မာစားသုံးသူများအတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်ပါသည်။ KFC မှ အသစ်ထုတ်လိုက်သည့် Chili Lime ကြက်ကြော်ဟာ စားသုံးသူများ၏ စိတ်ကျေနပ်မှုကို အပြည့်အဝရရှိနိုင်ပါသည်။

အဆိုပါ မိတ်ဆက်ပွဲ၌ KFC MYANMAR ၏ Managing Director ဖြစ်သူ Mr. JR Ching လည်း "ဒီနေ့ဟာဆိုရင်ဖြင့် ဈေးကွက်မှာ လူကြိုက်အများဆုံး နေရာယူထားပြီးဖြစ်တဲ့ KFC ရဲ့ Menu အသစ် Chili Lime ဟာဆိုရင် ငရုတ်နဲ့ သံပုရာကို ဆန်းသစ်စွာပေါင်းစပ်ထားပြီး မြန်မာလူမျိုးများအတွက် အထူးသင့်လျော်တဲ့ အကောင်းဆုံး အစားအစာတစ်ခုဖြစ်စေမှာပါ။ Chili Lime ဟာ သူ့ရဲ့ ဆောင်ပုဒ်အတိုင်း တစ်ဖွဲ့ကိုက်လိုက်ရုံနဲ့ လန်းဆန်းမှုကို အပြည့်အဝ ပေးစွမ်းနိုင်မှာဖြစ်တဲ့အတွက် ပြင်ပအစားအစာကောင်း ကြိုက်နှစ်သက်သူများအနေနဲ့ ဗိုက်ဆာတဲ့အချိန်တိုင်း KFC ရဲ့ Chili Lime ကြက်ကြော်ကို တန်းမြင်မိမှာပါ" ဟု ပြောကြားခဲ့သည်။

KFC ၏ Chili Lime Menu အသစ်ကို KFC ဆိုင်ခွဲများဖြစ်သည့် KFC ONE (Downtown), KFC Junction Square, KFC Myanmar Plaza, KFC Dagon Center II, KFC International Airport, KFC Capital Thaketa တို့တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# မော်တော်ယာဉ်ဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်မည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)မှ မော်တော်ယာဉ်ဥပဒေ ပြင်ဆင်ရေးဆွဲရန် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၀ တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အစည်းအဝေးသို့ သက်ဆိုင်ရာ အစိုးရဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်အသင်းနှင့် တရားဝင် အသိအမှတ်ပြု မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်းတို့မှ ဥက္ကဋ္ဌများကို ဖိတ်ကြားထားကြောင်း သိရသည်။

ကားဈေးကွက်အတွင်းရှိ လုပ်ငန်းရှင်ကြီးများနှင့် တစ်ပိုင်တစ်နိုင် ကားတင်သွင်းရောင်းချသူများက တည်ငြိမ်ခိုင်မာသည့် မူဝါဒတစ်ခု ချမှတ်ပေးရန် မျှော်လင့်နေကြပြီး အဆိုပါအစည်းအဝေးပွဲမှ ရရှိလာမည့် ရလဒ်များကို စောင့်မျှော်နေကြသည်ဟု motors.com.mm သို့ ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ကားဈေးကွက်မှာ အရောင်းအေးရာသီအတွင်းရောက်နေသည့်အပြင် ရန်ကုန်ပါမစ်ပိတ်ထားခြင်း၊ ဝင်ငွေခွန်နှင့် တိုက်ကြေစလစ်ကိစ္စများကြောင့် ကားဈေးများမြင့်တက်ကာ အရောင်းအဝယ်အေးလျက်ရှိပြီး နံပါတ်ဟောင်းကားများသာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

motors.com.mm မှ Assistant Director (Marketing & Communication) ဖြစ်သူ ကိုညိုသွေးနိုင်က "တိုက်ကြေစလစ်မူဝါဒ ထုတ်ပြန်ပြီးနောက် motors.com.mm မှာ နံပါတ်ဟောင်းကားတွေပဲအတင်များလာကို တွေ့ရပြီး ဒီကားတွေပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဆိုသည်။

ထို့အပြင် ရှင်စောပုယာဉ်ရောင်းဝယ်ရေးစခန်းရှိ တစ်ပိုင်တစ်နိုင်တင်သွင်း ရောင်းချသူတစ်ဦးက "ကားအမြင့်ပိုင်းတွေရဲ့ဈေးက သိသိသာသာ တက်သွားတာကြောင့် အရောင်းပိုအေးသွားပါတယ်။ ခါတိုင်းနှစ် ဒီရာသီမှာ တစ်စီးစ၊နှစ်စီးစ ရောင်းရပေမယ့် အခုဆိုရင် လာမေးတာတောင် အတော်နည်းသွားတယ်။(တစ်ပတ်ရစ်) ကားအမြင့်တွေရဲ့ဈေးက Brand New ကားတွေနားကပ်နေတာကြောင့် ဒီလိုအရောင်းအေးသွားတာ အထူးအဆန်းတော့ မဟုတ်ပါဘူး" ဟု ဆိုခဲ့သည်။ သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေးစခန်းမှ တင်သွင်းရောင်းချသူတစ်ဦးကမူ "ကားအရောင်းတွေလည်း အရမ်းအေးနေတယ်၊ ကောင်းသည်၊ဆိုးသည် ဘယ်လိုပဲဖြစ်ဖြစ် တိကျသေချာတဲ့ မူဝါဒတစ်ခု ထွက်လာရင် အဆင်ပြေသွားမယ်ထင်ပါတယ်"ဟု သူ၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

**မယ်သီတာ**

# မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် နံပါတ်ငါးနေရာ၌ အိမ်ခြံမြေကဏ္ဍ ရပ်တည်လျက်ရှိ

မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏများအရ အိမ်ခြံမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏသည် ကဏ္ဍအသီးသီး၏ နံပါတ်(၅)နေရာတွင်ရှိနေပြီး စက်သုံးဆီ၊ သဘာဝဓာတ်ငွေ့၊ စွမ်းအင်ကနှင့် ထုတ်လုပ်မှုကဏ္ဍတို့သည် ပထမဆုံး သုံးနေရာတွင်ရှိနေကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၆၅ ရာခိုင်နှုန်းခန့်သည် စွမ်းအင်ကဏ္ဍ၊ စက်သုံးဆီကဏ္ဍနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတို့ဖြစ်ပြီး ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေကဏ္ဍတစ်ခုလုံးတွင် ငါးရာခိုင်နှုန်း ပမာဏဝန်းကျင်သာရှိနေသည်ဟု ဆိုသည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာ၌ အိမ်ခြံမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် နည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ အိမ်ခြံမြေကဏ္ဍတစ်ခုလုံးတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ပမာဏသည် ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏအားလုံး၏ ၃၀ ရာခိုင်နှုန်းကျော်တွင် ရှိနေကြောင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုမှာ ငါးရာခိုင်နှုန်းသာ ရှိနေကြောင်း House.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ ယခင်အစိုးရလက်ထက်က အိမ်ခြံမြေဈေးကွက်တွင် ခွင့်ပြုချက်ရရှိခဲ့သော နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၁၃-၂၀၁၄ တွင် အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၅ သန်းမှ ၂၀၁၄-၂၀၁၅ တွင် အမေရိကန်ဒေါ်လာ ၇၈၀ ဒသမ ၇ သန်းနှင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၇၂၈ ဒသမ ၆၈၀ သန်း ရှိခဲ့ကြောင်းသိရသည်။

House.com.mm ၏ ပူးတွဲတည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Mr. Nitesh Khirwal က "အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုဟာ ကာလရှည် ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ရေရှည်ထိန်းသိမ်းထားနိုင်မှသာလျှင် ပိုမိုကောင်းမွန်တဲ့ အကျိုးအမြတ်တွေကို ဖြစ်ပေါ်စေနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လည်း အိမ်ခြံမြေကဏ္ဍ ရင်းနှီးမြှုပ်နှံသူများဟာ အခြားနိုင်ငံရဲ့စီးပွားရေးတိုးတက်ဖြစ်ပေါ်နိုင်ချေ၊ စည်းကမ်းသက်မှတ်ချက်များနဲ့ ရေရှည်စိတ်ချရမှု၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ public နှင့် private တို့မှာ ရင်းနှီးမြှုပ်နှံမှုအခြေအနေနဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်မှုများ စတဲ့ ကဏ္ဍအားလုံးကို သေချာစွာ လေ့လာပြီးမှသာလျှင် ရင်းနှီးမြှုပ်နှံမှုကို စတင်ကြတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း | ၁၆၀၀ စ/ ပေ | MB ၂၊ BR ၁ | ၂၀၀၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | ကွန်ဒို | ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း | ၂၅၀၀ စ/ပေ | MB ၂၊ BR ၂ | ၁၅ သိန်း | ၁ လအငှားနှုန်း ဓာတ်လှေကားပါ | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ ပေ | MB ၁ ထပ်၊BR ၂၊ (၇) လွှာ | ၁၆၅၀ သိန်း | ဓာတ်လှေကားပါ | ၀၉/၅၆/၃၀၇၀ |
| ၄။ | လုံးချင်း | ဒဂုံ(မြောက်)မြို့နယ်၊ (၄၁)ရပ်ကွက် | ၂၅၀၀ စ/ပေ | RC ၂ထပ် | ၃၁၀၀ သိန်း | ဝန်းကျင်ကောင်း လမ်းသန့် | ၀၉/၅၆/၃၀၇၀ |
| ၅။ | မြေ | ဒဂုံ(မြောက်)မြို့နယ်၊ (၄၄)ရပ်ကွက် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၇၉၀ သိန်း | ညှိနှိုင်း ရပ်ကွက်ကောင်း | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | အဆင့်မြင့် | ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ | ၉၀၀ စ/ပေ | MB ၁ထပ်၊ BR ၂ | ၂၀၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | အိမ်/မြေ | တ/ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း(၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | BN (၁)ထပ် | ၂၃၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာ(၄)လမ်း | ၁၅၀၀ စ/ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ ဖဆပလအိမ်ရာ | (၁၂.၅×၄၅) စ/ပေ | (၃) လွှာ | ၇၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဝစ်ရှ် (၂၀၀၄) | ယာယီ | ၂၀၅ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၄၅ သိန်း | ပဲခူးလိုင်စင် |
| ၃။ | ပရိုဘောက် | 5G | ၁၁၅ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | အေဒီဗင် (၂၀၁၀) | 9I | ၉၀ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | မတ်(ခ်)တူး (၂၀၀၁) | 7F | ၁၆၀ သိန်း | 2.0 ဓာတ်ဆီ |
| ၆။ | စီအာဗီ (၉၉) | 5D | ၁၄၅ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | တိုယိုတာ (တီတီ ၂၀၁၀) | 9F | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ဒီမီယို (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | နယ်လိုင်စင် |
| ၉။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၃၄၀ သိန်း | 2.4 ဓာတ်ဆီ |

# အာရှနိုင်ငံများအတွင်း တွဲဖက်လုပ်ကိုင်ရန် အကောင်းဆုံးကုမ္ပဏီများစာရင်းတွင် Vietjet ပါဝင်

၂၀၁၆ခုနှစ် အာရှ၏ အကောင်းဆုံးဝန်ထမ်းဆုကို Vietjet က ရရှိခဲ့သည်။ ယင်းဆုကိုရရှိခြင်းမှာ ဝန်ထမ်းခန့်ထားရာတွင် ထားရှိသော တမူထူးခြားသည့် ရွေးချယ်မှုစည်းမျဉ်းများနှင့် ခန့်အပ်ပြီးသော ဝန်ထမ်းများအား နိုင်ငံတကာအဆင့်မီ လုပ်ငန်းခွင်အတွေ့အကြုံများရရှိစေရန် ဖန်တီးပေးထားခြင်းကြောင့် ဖြစ်သည်။

ယင်းဆုကို Employer Branding Institute? CHRO Asia နှင့် နည်းဗျူဟာပိုင်းအရ ပူးပေါင်းထားသော World HRD Congress နှင့် Asian Confederation of Businesses တို့က ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

ဤဆုမှာ ဝန်ထမ်းများ၏တိုးတက်မှုနှင့် စွမ်းဆောင်ရည်ကိုအသုံးပြုကာ ကုမ္ပဏီ၏တည်ဆောက်ပုံပေါ် မူတည်၍ ပေးအပ်ခြင်းဖြစ်သည်။ ဆုရွေးချယ်သည့်ကော်မတီသည် အာရှတစ်ခွင်ရှိ လုပ်ငန်းခွင်ကဏ္ဍမျိုးစုံမှ ကုမ္ပဏီ ၁၀၀ ကျော်အား ဝန်ထမ်းရွေးချယ်ခန့်အပ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးမှုပေါ် မူတည်၍ အကောင်းဆုံးကုမ္ပဏီကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

လုပ်ငန်းလုပ်သက် ၅ နှစ်အတွင်းတွင် Vietjet သည် မြန်မာနိုင်ငံအပါအဝင် အခြားသောနိုင်ငံပေါင်း ၄၀ ကျော်မှ ဝန်ထမ်းများ၏ အကောင်းဆုံးစိတ်ကြိုက်အဖြစ်ဆုံး အလုပ်ခွင်နေရာ တစ်နေရာဖြစ်လာခဲ့သည်။ Vietjet ၏ ထူးခြားသည့်ဝန်ဆောင်မှုများကြောင့် လေကြောင်းဖြင့်ခရီးသွားလာမှုကို ပိုမို လူကြိုက်များလာစေခဲ့ပြီး ဗီယက်နမ်တွင်သာမက ဒေသတွင်း ဈေးကွက်များရှိ ခရီးသွားများကိုလည်း ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ခဲ့သည်။

**မယ်သီတာ**

# ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို မူဆယ်မြို့တွင် ဖွင့်လှစ်



စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနမှကြီးမှူး၍ ကုန်သွယ်မှုဆိုင်ရာ လုပ် ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို ရှမ်း ပြည်နယ် မြောက်ပိုင်းရှိ မူဆယ်-နမ့်ခမ်းနယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်းရုံးခန်းမမှာ ကျင်းပခဲ့ပါတယ်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၁၅ ရက်မှ ၂၆ ရက် အထိ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၂၁၇ ဦး တက်ရောက်ခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲသို့ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ခံညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးနဲ့ ခရိုင်အဆင့် ဌာနဆိုင်ရာ အရာရှိများ၊ ကုန်သည်အသင်း ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းလေး နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပြုရာတွင် တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှု ပမာဏ အများဆုံးဖြစ်ပြီး မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သည် အဓိကအကျဆုံး ကုန်သွယ်မှု အများဆုံး ကုန်သွယ်ရေးဇုန်ကြီးတစ်ခု ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်မှုပမာဏ များပြားလာတာနဲ့ နှင့်အမျှ ကုန်သွယ်မှုကို ဆောင်ရွက်ကြသော ကုမ္ပဏီပိုင်ရှင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များက ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများကို နားလည်သဘောပေါက် ထားရန် လိုအပ်ပါတယ်။ ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေးတစ်ခုလုံး၏ ကုန်သွယ်မှုပမာဏ ၈၀ ရာခိုင်နှုန်း ခန့်ကိုဆောင်ရွက်နေတဲ့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေး ဇုန်ကြီးတွင် ကုန်သွယ်မှုကို ဆောင်ရွက်နေကြသော ကုမ္ပဏီပိုင်ရှင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များသည် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုနားလည်သဘောပေါက်စေရန် အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း သိရှိရပါတယ်။

အဆိုပါသင်တန်းမှာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း (မူဝါဒ)၊ ပို့ကုန် သွင်းကုန် လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ (မူဝါဒ)၊ ITC ကတ်ဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းဆောင်ရွက်ခြင်း (မူဝါဒ)၊ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များနှင့် လိုင်စင်ထုတ်ပေးခြင်း (ပို့၊ သွင်း)၊ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေ ခံလက်မှတ်များ (ဒေသတွင်း)၊ MOC IT Application For E-Government (နည်းပညာ)၊ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း (စီမံ၊ ဘဏ္ဍာ) H.S Code အကြောင်း သိကြောင်းစရာ (အကောက်ခွန်)၊ Customs Valuation(အကောက်ခွန်)၊ မြန်မာ့စီးပွားရေးဘဏ် ဘာသာရပ်၊ ပြည်တွင်းအခွန်ဦးစီးဌာန ဘာသာရပ် ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဘာသာရပ် ၊ Fully Online Licensing Procedure၊ Myanmar Trade Portal ၊ NES ၊NTM ၊Competition ၊ ပို့ကုန်သွင်းကုန် ဥပဒေ ၊WTO စတဲ့ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရပါတယ်။

ယခုလိုကုန်သွယ်မှုဆိုင်ရာ ဘာသာရပ်တွေကို သင်ကြားပေးခြင်းအားဖြင့် မူဆယ် နယ်စပ်မှာ ပို့ကုန် သွင်းကုန် လုပ်ငန်းကိုဆောင်ရွက်နေကြတဲ့ ကုမ္ပဏီကိုယ်စားလှယ်တွေဟာ နယ်စပ်ပို့ကုန်သွင်းကုန် (Border Trade) နည်းလမ်းသာမက ပင်လယ်ရေကြောင်းကနေ တင်ပို့ တင်သွင်းရတဲ့ နည်းလမ်းတွေ၊ ဥပဒေတွေနဲ့ ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များအပြင် နိုင်ငံတကာက ကျင့်သုံးနေတဲ့ စနစ်တွေကိုလည်း သိရှိနိုင်မှာ ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**မျိုးမင်း(မူဆယ် )**

# ဧရာဝတီတိုင်း ဒေသကြီးအတွင်း မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ဧရာတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပုသိမ်မြို့ရှိ ဆရာဝန်များအသင်းခန်းမတွင် ဩဂုတ် ၂၃ရက်က ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘဟိန်း၊ မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ် (ဗဟိုမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်နဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ၊ သက်ဆိုင်ရာ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဧရာတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် မြို့နယ်များမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ခဲ့ပါတယ်။

ဖွင့်ပွဲအခမ်းအနားမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဘဟိန်းက မွေးမြူရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အလွန်အရေးကြီးကြောင်း၊ ကျေးလက်ဒေသ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်သာမက စီးပွားဖြစ် မွေးမြူလျက်ရှိသော လုပ်ငန်းရှင်များ အနေနဲ့လည်း ခေတ်မီနည်းစနစ်များကို အသုံးပြု၍ မွေးမြူကြစေလိုကြောင်း၊ ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နဲ့ သားငါး ကဏ္ဍ ဖူလုံစေရန် မိမိတို့အပိုင်းမှလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ် (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်ကလည်း မွေးမြူရေးလုပ်ငန်းများ ခေတ်နောက်ကျမှု မရှိစေရန် ပြည်ပနိုင်ငံများသို့ သွားရောက်၍ မွေးမြူရေး လုပ်ငန်းများအား လေ့လာခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခဲ့သလို ရန်ကုန်မြို့မှာလည်း မွေးမြူရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ပြည်တွင်း သားငါး ကဏ္ဍ ဖူလုံစေရန်သာမက ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်ရေးနဲ့ ခေတ်မီ မွေးမြူရေးနည်းစနစ်များကို အသုံးပြုရန်၊ လိုအပ်ပါက ဒေသမျိုး ပြောင်းလဲခြင်း၊ စနစ်တကျ မွေးမြူခြင်း၊ ရောဂါပိုးမွှားများ ကျရောက်ပါကလည်း ကာကွယ် ကုသနည်းများကို အသုံးပြုခြင်း၊ မိမိတို့ဒေသနှင့် လိုက်လျောညီထွေရှိ မည့် နွား၊ ဆိတ်၊ ကြက်၊ ငါး၊ ပုဇွန် မွေးမြူရာတွင် အခက်အခဲရှိပါကလည်း အသင်းသားများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်၊ ထုတ်လုပ်သူများကလည်း စားသုံးသူများ ဘေး အန္တရာယ် ကင်းရှင်းရေးအတွက် ထုတ်လုပ်ဖို့ လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပဈေးကွက်မှာပါ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးပြောကြားပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

Vol: 16, No.32 Monday August 29 2016

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

၂၉-၈-၂၀၁၆ မှ ၄-၉-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စားသောက်ကုန်ပစ္စည်းဇိမ်ခံပစ္စည်းများ အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် တာဝန် နှစ်မျိုးဖြင့်ပင်ပန်းနေရတတ်ပါသည်။ ပညာရေးအခက်အခဲဖြစ်တတ်ပါသည်။ ကျန်းမာရေးတွင် လေထိုးလေအောင့်၊ အစာအိမ်ရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ချစ်သူ၏ကြီးမားသော ချစ်ခြင်းမေတ္တာကို ရရှိလိမ့်မည်။ အိမ်ထောင်ရေးတွင် မိသားစုအတွက် ကြိုးစားနေရတတ်ပါသည်။

**ယတြာ။ ။အရဟံဂုဏ်တော်ရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** များပြားသောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရပြီး ပင်ပန်းမှုများနေမည်။ ရွှေ၊ ငွေတို့နှင့်ပတ်သက်သော စီးပွားရေးဖြစ်မြောက်အောင်မြင်လိမ့်မည်။ ဝန်ထမ်းဖြစ်လျှင် တာဝန်ကျေအောင်ပြုလုပ်ကြိုးစားနေရသော အချိန်ဖြစ်နေလိမ့်မည်။ ပညာရေးတွင် ရည်မှန်းချက် အကောင်အထည်ဖော်ဖြစ်လိမ့်မည်။ ကျန်းမာရေး အထွေအထူးမရှိသော်လည်း စိတ်ဖိစီးမှုဒဏ်ကြောင့် အာရုံကြောရောဂါ ခံစားရတတ်သည်။ အချစ်ရေးတွင် ချစ်သူနှစ်ဦးအဆင်ပြေမည့်အချိန်ဖြစ်သည်။

**ယတြာ။ ။သမ္မာသမ္ဗုဒ္ဓေါရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** ငွေကြေးကံကောင်းနေမည်။ လုပ်ငန်းရင်းနှီးမြှုပ်နှံခြင်းများမှ ဆုံးရှုံးနစ်နာမှုများရှိတတ်သည်။ ပညာရေးနှင့်ပတ်သက်၍ စိတ်ဝင်စားခြင်း မှတ်ဉာဏ်ကောင်းခြင်းရှိနေမည်။ ကျန်းမာရေးတွင် အသည်းနှင့်ပတ်သက်သောရောဂါ၊ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်သောရောဂါတို့ ဖြစ်တတ်သည်။ အချစ်ရေးတွင် ပျော်ရွှင်မှုများရရှိလိမ့်မည်။

**ယတြာ။ ။ဝိဇ္ဇာစရဏသမ္ပန္နောရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရေနှင့်ရေထွက်ပစ္စည်း အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းနှင့်ရာထူးတိုးလိမ့်မည်။ ပညာရေးတွင် သွက်လက်ခြင်းနှင့်ထက်မြက်ခြင်း ရှိနေမည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်မှားယွင်းခြင်းဖြစ်မည်။ အစာအိမ်နှင့်ပတ်သက်သောရောဂါ သတိပြုသင့်သည်။ အချစ်ရေးတွင် လေးနက်မှုမရှိဖြစ်နေမည်။ အိမ်ထောင်ရေးတွင် လူလွတ်သဘောမျိုးနေထိုင်လိုစိတ်ရှိနေတတ်ပါသည်။

**ယတြာ။ ။သုဂတောဂုဏ်တော်ပုတီး ကိုးပတ်စိပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ဖြစ်လိုသောဆန္ဒနှင့် ဖြစ်လိုသော သဘောသည်တူညီမှုမရှိခြင်းကို မကြာခဏကြုံဆုံရတတ်သည်။ ခရီးသွားလုပ်ငန်း၊ ဆေးဝါးလုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးနှင့်ပတ်သက်ပြီး ဆရာများ၏ အားပေးကူညီမှုရလိမ့်မည်။ ကျန်းမာရေးတွင် ရင်ဘတ်၊ လေနာ၊ အာရုံကြော စသည့်ဝေဒနာခံစားရမှု ရှိတတ်ပါသည်။ အချစ်ရေးတွင် အောင်သွယ်လုပ်သူနှင့် မိတ်ဆွေဖြစ်၍ အချစ်ရေးကံကောင်းမည်။

**ယတြာ။ ။လောကဝိဒူဂုဏ်တော် ပုတီးကိုးပတ်စိပ်ပါ။**



**သောကြာသားသမီးများအတွက်** အကျိုးစီးပွားကို ကူညီလုပ်ဆောင်ပေးတတ်သော အသိုင်းအဝိုင်း ကောင်းရှိမည်။ ပညာရေးတွင် သဘောကျနှစ်သက်ရာကို သင်ယူပါက အောင်မြင်မှုရမည်။ ကျန်းမာရေးတွင် အပူအစပ်ကြောင့်ဖြစ်သော ဆီး၊ ကျောက်ကပ်ရောဂါ သတိပြုပါ။ အချစ်ရေးတွင် ချစ်ပါလျက်နှင့် ခွဲခွာနေရတတ်သည်။ အိမ်ထောင်သည်ဘဝတွင် မိသားစုအရေး ကြိုးစားနေရတတ်သည်။

**ယတြာ။ ။အနုတ္တရောပုရိသဓမ္မသာရထိ ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအခြေအနေ တိုးတက်သည့်သဘောမျိုးရှိပါသည်။ ရေနံနှင့် ရေနံထွက်ပစ္စည်းများ အကျိုးပေးကောင်းလာလိမ့်မည်။ ပညာရေးတွင် ဆရာမိဘတို့၏ စကားကိုနာယူပြီး ထွန်းပေါက်အောင်ကြိုးစားသင့်သည်။ ကျန်းမာရေး ကောင်းမွန် တိုးတက်မှုရှိသော်လည်း နှလုံးတုန်အားနည်းသော ရောဂါသတိပြုသင့်သည်။ အချစ်ရေးတွင် ချစ်ခင်သူ ဝိုင်းဝိုင်းလည်နေတတ်သည်။

**ယတြာ။ ။သတ္ထာဒေဝမနုဿာနံကို ပုတီးစိပ်နိုင်သလောက်စိပ်ပါ။**

# ကသာခရိုင်မှာ မြေပဲဆန် ဈေးကျဆင်းလို့ ဆီစက်လုပ်ငန်းရှင်များနဲ့ လှောင်ကုန်သည်များ အရှုံးပေါ်



ကသာခရိုင်အတွင်းမှာ မြေပဲဆန်ဈေး ကျဆင်းနေတဲ့အတွက် ဆီစက်လုပ်ငန်းရှင်များနဲ့ လှောင်ကုန်သည်များ အရှုံးပေါ်နေကြောင်း သိရပါတယ်။ ကသာခရိုင်ရဲ့ အဓိက စိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့ မြေပဲဆန်ကို မန္တလေးပွဲရုံများသို့ အများဆုံး တင်ပို့ကြပါတယ်။ ဩဂုတ် ၂၅ ရက်က မန္တလေးပွဲရုံမှာ မြေပဲဆန်ဈေး တစ်ပိဿာ ၂၄၀၀ကျပ်မှ ၁၅၀၀ ကျပ်ကို ကျဆင်းသွားလို့ ဆီစက်လုပ်ငန်းရှင်များနဲ့ မြေပဲလှောင်ကုန်သည်များ ကြီးကြီးမားမား အရှုံးပေါ်နေတယ်လို့ သိရပါတယ်။

ကသာခရိုင်မှာ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မြေပဲစိုက်ဧကမှာ မိုးသီးနှံရော နွေသီးနှံ အပါအဝင် စိုက်ဧကမှာ ၈၁၈၅၀ စိုက်ပျိုးခဲ့ပြီး သီးနှံပေါ်စမှာ မန္တလေး ပွဲရုံများက လုံးဆန် တစ်ပိဿာ ၂၅၀၀ ကျပ် ပေးဝယ်လို့ အများအပြားတင်ပို့ခဲ့ကြသလို ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များနဲ့ လှောင်ကုန်သည်များကလည်း ဝယ်လှောင်မှုများ ရှိခဲ့ပါတယ်။ ယခုဩဂုတ်လကုန်ကာနီး တရုတ်ဝယ်လက် ရပ်ဆိုင်းသွားလို့ မြေပဲဆန်ဈေး တစ်ပိဿာ ၁၅၀၀ ကျပ်အထိ ကျဆင်းသွားတဲ့အပြင် မြေပဲဆီ တစ်ပိဿာ ၆၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ ကျဆင်းသွားတဲ့အတွက် လက်ရှိမှာ ဆီစက် လုပ်ငန်းရှင်များနဲ့ မြေပဲလှောင် ကုန်သည်များ အရှုံးပေါ်နေတယ်လို့ ဆီစက်လုပ်ငန်းရှင်များထံမှ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# ပုသိမ်မြို့နယ်အတွင်း ရေဘေးရှောင် ကျွဲ ၊ နွားများအတွက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ အစာတောင့် (စပ်စာအိတ်) ပေးအပ်

ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ရဲ့ စီစဉ်ညွှန်ကြားမှုဖြင့် ပုသိမ်မြို့နယ် အတွင်း မြစ်ရေလျှံမှုကြောင့် ကျေးရွာအုပ်စုအချို့တွင် ရေများ ဝင်ရောက်လျက်ရှိရာ ကုန်းလွတ်ရာသို့ ရွှေ့ပြောင်းထားရသော ရေဘေးရှောင် ကျွဲ၊ နွားများအတွက် အစာတောင့် (စပ်စာအိတ်) ပေးအပ်ပွဲကို ပုသိမ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၂၅ ရက်တွင် ကျင်းပခဲ့ကြောင်း သိရပါတယ်။

အဆိုပါ အစာတောင့် (စပ်စာအိတ်)များ ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်မှ ဦးအောင်သူထွေး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးအောင်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ သန်းနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်နိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ခုနစ်ဦး တက်ရောက်ခဲ့ပြီး ပုသိမ်မြို့နယ် အတွင်း ရှိရွာသစ်၊ ဇင်ပြွန်းကုန်း၊ ကျောက်ချောင်းကြီး၊ ကမ်းနီ၊ ရှမ်းကွင်း၊ ကွင်းပေါက်ကြီး၊ မင်းကုန်း ကျေးရွာများရှိ ရေဘေးရှောင် ကျွဲ၊ နွား ၅၇၅ကောင်အတွက် အစာအိတ်၅၀ကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ကြောင်း သိရပါတယ်။ **မင်းမင်းဦး (ပုသိမ်)**

# မကွေးမြို့ ကွန်ပျူတာတက္ကသိုလ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်း ဦးစီး သော ဝန်ထမ်းများသည် ဩဂုတ် ၁၈ ရက်က မကွေးမြို့၊ ကွန်ပျူတာတက္ကသိုလ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့ရာ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာစိုးလင်းအောင်နှင့် ဆရာ၊ ဆရာမများ၊ ကွန်ပျူတာ တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။



အဆိုပါ ဆွေးနွေး ဟောပြောပွဲတွင် မကွေးမြို့၊ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာစိုးလင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် အာဆီယံ စားသုံးသူ အကာအကွယ်ပေးရေး ကော်မတီ၏ လုပ်ဆောင်ချက်များ၊ ဌာန၏ သမိုင်းအကျဉ်း၊ စားသုံးသူရေးရာ ဦးစီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ စားသုံးသူ (Consumer) ၏ အဓိပ္ပာယ်များအကြောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် ခရိုင်အလိုက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ အဖွဲ့၏လုပ်ငန်းတာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များနှင့် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အရေးယူ ပိုင်ခွင့်များဖြစ်သော စီမံခန့်ခွဲမှု ပြစ်ဒဏ် ခုနစ်မျိုးအကြောင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း၊ ACCP ၏ အဓိပ္ပာယ်၊ ရည်မှန်းချက် လုပ်ငန်းတာဝန် အသေးစိတ်များကို ရှင်းလင်းခဲ့ပါသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်အေးအေးမိုးက သတိပြုဖွယ်ရာ အစားအသောက်နှင့် ကုန်စည်များအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် ( မကွေး )**



## မြို့ကြီးများ၏ ၂၉-၈- ၂၀၁၆ မှ ၂-၉- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၉-၈-၂၀၁၆) | အင်္ဂါ(၃၀-၈-၂၀၁၆) | ဗုဒ္ဓဟူး(၃၁-၈-၂၀၁၆) | ကြာသပတေး(၁-၉-၂၀၁၆) | သောကြာ(၂-၉-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၂˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F |
| ရန်ကုန်မြို့ | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F |
| မန္တလေးမြို့ | ၅၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | ၄၀% ၃၂˚C/၈၉˚F | ၃၀% ၃၁˚C/၈၈˚F | ၅၀% ၃၁˚C/၈၈˚F |
| မြစ်ကြီးနား | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F |
| လားရှိုး | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၇˚C/၈၀˚F |
| ကျိုင်းတုံ | ၉၀% ၂၈˚C/၈၂˚F | ၅၀% ၂၈˚C/၈၂˚F | ၄၀% ၂၈˚C/၈၃˚F | ၅၀% ၂၈˚C/၈၃˚F | ၅၀% ၂၈˚C/၈၂˚F |
| လွိုင်ကော် | ၆၀% ၂၇˚C/၈၁˚F | ၅၀% ၂၇˚C/၈၀˚F | ၅၀% ၂၇˚C/၈၁˚F | ၆၀% ၂၇˚C/၈၀˚F | ၈၀% ၂၆˚C/၇၉˚F |
| တောင်ကြီး | ၈၀% ၂၄˚C/၇၅˚F | ၅၀% ၂၄˚C/၇၆˚F | ၅၀% ၂၄˚C/၇၅˚F | ၆၀% ၂၃˚C/၇၄˚F | ၈၀% ၂၄˚C/၇၅˚F |
| မော်လမြိုင် | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၈˚C/၈၃˚F |
| ဘားအံ | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F |
| တောင်ငူ | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F |
| မုံရွာ | တိမ်ထူထပ် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်ထူထပ် ၃၃˚C/၉၂˚F | ၃၀% ၃၃˚C/၉၂˚F | ၅၀% ၃၃˚C/၉၂˚F |
| ပုသိမ် | ၉၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၂၉˚C/၈၅˚F |
| မြိတ် | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F |
| စစ်တွေ | ၅၀% ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F |
| မကွေး | ၆၀% ၃၃˚C/၉၁˚F | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၃˚C/၉၁˚F | ၈၀% ၃၂˚C/၉၀˚F | ၈၀% ၃၂˚C/၉၀˚F |
| ဖလမ်း | ၈၀% ၂၂˚C/၇၂˚F | ၅၀% ၂၄˚C/၇၆˚F | ၅၀% ၂၄˚C/၇၅˚F | ၄၀% ၂၄˚C/၇၅˚F | ၆၀% ၂၄˚C/၇၅˚F |



## အင်ဒိုနီးရှားနိုင်ငံတွင် တောမီးများ ဆက်လက်လောင်ကျွမ်း စင်ကာပူနိုင်ငံတွင် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးများ ဆက်လက် လောင်ကျွမ်းလျက်ရှိရာ အဆိုပါတောမီး လောင်ကျွမ်းမှုမှ ထွက်ရှိလာသည့် မီးခိုးများသည် စင်ကာပူနိုင်ငံသို့ ရောက်ရှိလာခဲ့ရာ စင်ကာပူ နိုင်ငံတွင် လေထုညစ်ညမ်းမှုများ အဆိုးရွားဆုံးဖြစ်ပေါ်လျက်ရှိကြောင်း စီအန်န်အေသတင်းဌာနက ရေးသားဖော်ပြထားသည်။

ယင်းမီးခိုးငွေ့များကြောင့် စင်ကာပူနိုင်ငံတွင် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ ကျန်းမာရေးကိုထိခိုက်နိုင်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်အသုံးချရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် ဩဂုတ်လ ၂၆ ရက်က ရှိခဲ့သည့်လေထုအညွှန်းကိန်းသည် ၁၀၆ ရှိခဲ့ရာ သတ်မှတ်ထားသည့် လေထုအညွှန်းကိန်းထက် ကျော်လွန်နေသည်ဟု ဆိုသည်။

အင်ဒိုနီးရှားအစိုးရသည် ယခုနှစ်အတွင်း တောမီးများလောင်ကျွမ်းမှုနှင့် ပတ်သက်၍ လူပေါင်း ၄၆၃ ဦးကို ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

ဩဂုတ်လလယ်ပိုင်းကလည်း မလေးရှားနိုင်ငံပေါ်သို့ အင်ဒိုနီးရှားနိုင်ငံမှ မီးခိုးငွေ့များ ဖုံးလွှမ်းလာခဲ့သဖြင့် မလေးရှားနိုင်ငံ လေထုတွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ တောမီးများ လောင်ကျွမ်းမှုသည် နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပေါ်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူ နှင့် မလေးရှားနိုင်ငံတို့သည် အဆိုပါ တောမီး လောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူများ ဖုံးလွှမ်းမှုကို အမြဲလိုလို ခံစားနေရသည်။

စင်ကာပူနိုင်ငံတွင် မီးခိုးမြူများ ဖုံးလွှမ်းနေမှုကို မလေးရှားနိုင်ငံ၏ မြို့တော်ဖြစ်သည့် ကွာလာလမ်ပူမြို့မှပင် မြင်တွေ့နေရကြောင်း၊ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလျက်ရှိသည်ဟု အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **မယ်သီတာ**

# အီတလီနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၂၅၀ ကျော်သေဆုံး

အီတလီနိုင်ငံတွင် ဩဂုတ် ၂၃ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် နေအိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရကာ လူပေါင်း ၂၆၇ ဦး သေဆုံးခဲ့ရပြီး သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရာရှိကြောင်း ဂါဒီးယန်းသတင်းတွင် ဖော်ပြထားချက်များအရ သိရသည်။

အင်အားပြင်ငလျင်လှုပ်ခတ်ပြီး နောက်ဆက်တွဲ ငလျင်များလည်း ဆက်တိုက်လှုပ်ခတ်ခဲ့ရာ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅အဆင့်အထိရှိသည့် ငလျင်များလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ငလျင်များ ဆက်တိုက်လှုပ်ခတ်နေမှုများကြောင့် အဆိုပါငလျင်လှုပ်ခတ်သည့်ဒေသများအား အရေးပေါ်အခြေအနေအဖြစ် ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ယူရိုသန်း ၅၀ ကျော်ရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်များမှာ လုံးဝပျက်စီးသွားသည့်အတွက် နေထိုင်စရာ လုံးဝမရှိတော့ကြောင်း၊ ထို့ပြင် သေဆုံးသူများအနက် နိုင်ငံခြားသားများလည်း အများအပြားပါဝင်လျက်ရှိကြောင်း အီတလီဝန်ကြီးချုပ် မတ်ထီယိုရန်ဇီက ပြောကြားခဲ့သည်။ ငလျင်လှုပ်ခတ်ရာဒေသသည် အီတလီနိုင်ငံ၏တောင်ပေါ်ဒေသဖြစ်သော်လည်း လူနေထူထပ်သည့် မြို့များဖြစ်သည့် လာဇီယို၊ အမာထရီစီ၊ အမ်ဘရီယာ၊ မာချီစသည့်မြို့များသို့ ဦးတည်၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် သမိုင်းဝင်အဆောက်အအုံပေါင်း ၂၉၃ လုံးပျက်စီးခဲ့ရကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ဖော်ကြေညာခဲ့သည်။ ဝန်ကြီးချုပ် ရန်ဇီက ငလျင်လှုပ်ခတ်ရာဒေသသည် လူနေမှုအဆင့်အတန်း နိမ့်ကျသည့်ဒေသဖြစ်ရာ အကူအညီပေါင်းများစွာလိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် အကူအညီများပေးရန် ပြင်ဆင်ထားကြဖို့ လိုအပ်မှာဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်သည့်ဒေသများကိုလည်း အရေးပေါ်ဒေသများအဖြစ် ကြေညာချက်ထုတ်ပြန်ပေးမှာဖြစ်ကြောင်း ဂါဒီးယန်းသတင်းဌာနသို့ ပြောကြားခဲ့သည်။

အီတလီနိုင်ငံတွင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ချောက်မြို့ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ရာ ငလျင် လှုပ်ခတ်မှုကြောင့် ပုဂံမြို့တွင် ဘုရားစေတီပေါင်း ၃၉၆ ဆူနှင့် ဒေသအချို့တို့မှ ရှေးဟောင်းဘုရားများ ပြိုကျပျက်စီးခဲ့ရသည်။

**မယ်သီတာ**

Vol: 16, No.32 Monday August 29 2016

# စားသုံးသူများ လုံခြုံ စိတ်ချ ဘေးကင်းစေဖို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြပါစို့

ခွန်မင်းသန့်(မူဆယ်)

မြန်မာနိုင်ငံ အတွင်းသို့ စားသောက်ကုန် ပစ္စည်း အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်း အမျိုးမျိုး တို့သည် တရားဝင်နည်းလမ်း၊ တရားမဝင်နည်း လမ်းမျိုးဖြင့် ဝင်ရောက်လျက် ရှိသလို၊ မိမိတို့ နိုင်ငံအတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များက လည်း စားသောက်ကုန်ပစ္စည်း အမျိုးမျိုး တို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက် ရှိပါတယ်။ စား သောက်ကုန်ပဲ ဖြစ်ဖြစ်၊ လူသုံးကုန်ပစ္စည်းပဲ ဖြစ် ဖြစ် ဘေးအန္တရာယ်ကင်းစွာ စားသုံးဖို့၊ သုံးစွဲကြဖို့ အရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံ အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင် လာပါတယ်။ ဒါကြောင့် မိမိတို့ပြည်သူများ အစား အသောက် ကုန်ပစ္စည်းများကို ဘေးအန္တရာယ် ကင်းစွာ၊ လုံခြုံစိတ်ချစွာ စားသုံးဖို့၊ သုံးစွဲကြဖို့ အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်၌ ကုန်သွယ်မှု မြှင့်တင် ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနကို စားသုံးသူ ရေးရာ ဦးစီးဌာနအဖြစ် ၂၀၁၆ ခုနှစ် ဧပြီလ ၁ရက် တွင် သီးခြားဖွဲ့စည်းခဲ့ပြီး၊ ပြည်သူများအတွက် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါတယ်။

ယနေ့ စားသုံးသူတို့ စားသောက်နေတဲ့ မုန့် မျိုးစုံ၊ အချိုရည်မျိုးစုံ၊ စားသောက်ကုန်၊ ကုန်ပစ္စည်း တွေမှာ လူတွေကို အန္တရာယ်ပေးပြီး၊ ဒုက္ခဖြစ် စေနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေ အများကြီး ဖြစ်ပေါ်စေတဲ့ ဓါတုပစ္စည်းတွေ ပါဝင်နေပါတယ်။ ဒီစားသောက်ကုန်၊ ကုန်ပစ္စည်းတွေကို ရေရှည် စားသုံးခြင်း၊ နေ့စဉ်စားသုံးခြင်း၊ အသုံးပြုခြင်း တို့ကြောင့် အချိန်ကြာလာတာနဲ့အမျှ ကျန်းမာရေး ချွတ်ယွင်းလာပြီး နောက်ဆုံးမှာ လူတို့ရဲ့ အသက် အန္တရာယ်ကို ခြိမ်းခြောက် လာနိုင်ပါတယ်။ ဒီလို ရောဂါတွေ ဖြစ်လာမယ်ဆိုရင် စားသုံးသူတွေဟာ ဆေးရုံဆေးခန်းတွေမှာ သွားရောက်ကုသမှု ခံယူ ကြရတဲ့ အတွက် ပိုက်ဆံတွေလည်း ကုန်မယ်၊ မိသားစုဝင်တွေလည်း စိတ်ဆင်းရဲရမယ်။ ဒါကြောင့် စားသုံးသူတို့အနေနဲ့ ကိုယ့်မိသားစုဝင် တွေ စိတ်ချမ်းသာအောင်၊ စိတ်မဆင်းရဲရအောင်၊ ပိုက်ဆံတွေ အလကား မကုန်အောင် ကုန်ပစ္စည်းပဲ ဖြစ်ဖြစ်၊ အစားအသောက်ပဲဖြစ်ဖြစ်၊ တစ်ခုခုကို စားသုံးတော့မယ်၊ သုံးစွဲတော့မယ်ဆိုရင် လူကို အန္တရာယ်ဖြစ်စေသလား၊ အန္တရာယ် မဖြစ်နိုင်ဘူး၊ ဘေးကင်းတယ်ဆိုမှ စားသုံးသင့်ပါတယ်။ အသုံးပြု သင့်ပါတယ်။ ဒါကြောင့် ဘယ်လို ကုန်ပစ္စည်းမျိုး ကိုပဲ ဖြစ်ဖြစ် အန္တရာယ် ကင်းရှင်းကြောင်း ယုံကြည် စိတ်ချမှသာ သုံးစွဲသင့်ပါတယ်။

စားသုံးသူတို့အနေနဲ့ မုန့်မျိုးစုံဖြစ်စေ၊ အချို ရည်မျိုးစုံဖြစ်စေ၊ ဘယ်စားသောက်ကုန်၊ ဘယ်ကုန် ပစ္စည်းပဲဖြစ်ဖြစ် စားသုံးတော့မယ်၊ အသုံးပြုတော့ မယ်ဆိုရင်၊ ဒီစားသောက်ကုန်၊ ကုန်ပစ္စည်းတွေ ဟာ သက်တမ်း ကျန်သေးလား၊ သက်တမ်းကုန် ဆုံးသွားပြီလားဆိုတာ အဓိက အရေးကြီးဆုံး လေ့လာသင့်ပါတယ်။ အရည်အသွေး စံချိန် စံညွှန်းနဲ့ပတ်သက်ပြီး မှတ်ပုံတင် ထားခြင်းရှိ/မရှိ မည်သည့် ထောက်ခံချက်မျှ မပါရှိတဲ့ ကုန်ပစ္စည်း တွေ၊ အစားအသောက်တွေကို ဝယ်ယူစားသုံးခြင်း၊ သုံးစွဲခြင်းများ မပြုလုပ်သင့်ပါဘူး။ အခုအချိန်မှာ တရုတ်နိုင်ငံမှ ဝင်ရောက် လာတဲ့ စားသောက်ကုန်၊ ကုန်ပစ္စည်း တော်တော် များများမှာ အထူးသဖြင့် မုန့်တွေ၊ အချိုရည်တွေမှာ မျက်စိ အမြင်လှအောင်၊ စားချင် စဖွယ်ဖြစ်အောင်၊ စားသုံးရန် မသင့်တဲ့၊ လူကိုအန္တရာယ်ပေးပြီး၊ ကင်ဆာရောဂါကို ဖြစ်စေ နိုင်တဲ့ ဓာတုဆိုးဆေးတွေနဲ့၊ စားချင်စရာကောင်း အောင် ပြုလုပ်ထားတဲ့အတွက် စားသုံးသူတို့ အနေ နဲ့ အဲ့ဒီ စားသောက်ကုန်၊ ကုန်ပစ္စည်းများကို မစား မိဖို့၊ မသုံးစွဲမိဖို့ အရေးကြီးပါတယ်။

တရားဝင် စနစ်တကျ စစ်တမ်းသာ ကောက် ယူမယ်ဆိုရင် မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကင်ဆာ အဖြစ်ဆုံး ၁၀ နိုင်ငံ စာရင်းထဲမှာ ထိပ်ဆုံး နားကနေ ပါဝင်နိုင်ပါတယ်။ ဘာဖြစ်လို့ ရောဂါ အဖြစ်ဆုံး နိုင်ငံစာရင်းထဲမှာ ပါဝင်နိုင်သလဲ ဆိုတော့ အဓိက အရေးကြီးဆုံးက မိမိတို့ နိုင်ငံသား တိုင်းက အသိပညာ ဗဟုသုတ နည်းပါးခြင်း၊ တွေး ခေါ် မြော်မြင် ဆင်ခြင်သုံးသပ်နိုင်သည့် စွမ်းရည် မရှိခြင်း တို့ကြောင့် ဖြစ်တယ်။ ဒါကြောင့် ဒီလို ရောဂါဆိုးတွေ မဖြစ်ရအောင်၊ ရှောင်ကြဉ်နိုင် အောင်၊ တွေးခေါ် ဆင်ခြင် သုံးသပ်နိုင်ဖို့ လိုအပ် ပါတယ်။ ဒါမှသာ စားသုံးသူတို့အနေနဲ့ အမှား၊ အမှန်၊ အကောင်း၊ အဆိုးကို ဝေဖန်ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် မိမိတို့ မြန်မာနိုင်ငံအတွက် နောင်တစ်ချိန်မှာ အဖိုးတန်ရတနာများ ဖြစ်လာ မယ့် နိုင်ငံ့ခေါင်းဆောင် မျိုးဆက်များ ထွက်ပေါ် လာမယ့် စာသင်ကျောင်းများက အဓိကအရေး ကြီးဆုံးဖြစ်လာပါတယ်။ ဒီအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက် ရှိ စားသုံးသူရေးရာဦးစီးဌာနက မြန်မာနိုင်ငံ တဝန်းရှိ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာ အထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်း ကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းလွန် ကျောင်း၊ မူလတန်းကျောင်း၊ ဈေးများ၊ ရပ်ကွက် များမှာ စားသုံးရန် မသင့်တဲ့ အစားအသောက်များ၊ ဆိုးဆေးများ ပါဝင်နေတဲ့ ကုန်ပစ္စည်းများကြောင့် အသက်အန္တရာယ်များ မဖြစ်ပေါ်လာစေရန် ရည် ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေး လုပ် ငန်းများဖြစ်သည့် အသိပညာပေး ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ ဗဟုသုတ ရရှိစေရန် လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခြင်း လုပ်ငန်းများ၊ ထုတ် ကုန် လုံခြုံစိတ်ချရမှုရှိစေဖို့ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးရှိပြည်သူများ အတွက် စားသုံးသူရေးရာဦးစီးဌာနမှ နိုင်ငံ့ ဝန်ထမ်းများက ကိုယ်ရောစိတ်ပါ အင်တိုက်အား တိုက် ကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် မိမိတို့နိုင်ငံရဲ့ အနာဂတ် မျိုးဆက် သစ်လေးများ ထွက်ပေါ်လာမယ့် စာသင်ကျောင်း ဝင်းနှင့် စာသင်ကျောင်း ပတ်ဝန်းကျင်မှာ ရောင်းချ နေတဲ့ စားသောက်ကုန်ပစ္စည်း ရောင်းချသူများ သည်လည်း ၎င်းတို့ ရောင်းချနေတဲ့ စားသောက် ကုန်များ ဘေးအန္တရာယ် ကင်းရှင်းမှု ရှိ/မရှိ သေချာစွာ စစ်ဆေးပြီးမှ ရောင်းချကြဖို့ လိုပါတယ်။ အဲဒီလို ရောင်းချခြင်းဖြင့် ကလေးတွေရဲ့ အနာဂတ် တက်လမ်းကို တစ်ဖက်တစ်လမ်းမှ ကူညီရာရောက် ပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အတွက်လည်း များစွာ အထောက်အပံ့ဖြစ်ပြီး အကျိုးရှိစေမှာ ဖြစ်ပါတယ်။

ဒီအတွက် ဆရာ၊ဆရာမများ အနေနဲ့လည်း ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ် ဆောင်ရွက်ကြပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကလေးတွေရဲ့ ဘဝဟာ နောင်တစ်ချိန်မှာ တိုးတက် မြင့်မားလာပြီး၊ ၎င်း တို့ရဲ့မိဘ၊ မိသားစု၊ ပတ်ဝန်းကျင်၊ ၎င်းတို့ရဲ့ ကျောင်း၊ မိမိတို့နိုင်ငံရဲ့ ဂုဏ်ယူစရာ ကောင်းတဲ့ အကျိုးပြုစေတဲ့ သားကောင်း၊ သမီးကောင်းတွေ ဖြစ်လာကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုအချိန်မှစတင်၍ မုန့်ဆိုင် များ၊ ဈေးဆိုင်များ၊ ကုန်စုံဆိုင်ကြီးများမှာ ရောင်းချ လျက်ရှိတဲ့ အရည်အသွေး ကောင်းမွန်ပြီး၊ စားသုံး သူပြည်သူများကို လုံခြုံစိတ်ချမှုပေးသော၊ ဘေး အန္တရာယ် ကင်းစေသော အစားအသောက်များ၊ ကုန်ပစ္စည်းများကို အဓိက ဝယ်ယူစားသုံးဖို့၊ သုံးစွဲ ကြဖို့ အတွက် နိုင်ငံသားတိုင်း တစ်မျိုးသားလုံး လှုပ်ရှားမှုအနေနဲ့ မိမိတို့ရဲ့ ပတ်ဝန်းကျင်၊ မိမိတို့ရဲ့ လူ့အသိုင်းအဝိုင်းတွင် စားသုံးသူရေးရာ ဦးစီးဌာန က ဆောင်ရွက်နေ တဲ့ စားသုံးသူ အကာအကွယ်ပေး ရေး လုပ်ငန်း များကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်း ကူညီ ဆောင်ရွက်ပေးကြပါရန် အကြံပြု တိုက်တွန်း လိုက်ရပါကြောင်း --------------------

## တောင်ကြီးမြို့ရှိရပ်ကွက်များနှင့် pmoifusmif;frsm;wGf စားသုံးသူပညာပေး ဟောပြောပွဲများကျင်းပ

ရှမ်းပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးညွန့်ဝေ၏ ဦးဆောင်မှုဖြင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို အဖွဲ့ငါးဖွဲ့ ဖွဲ့စည်း၍ အရှိန်အဟုန်မပျက်ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်ဦးစီးမှူးရုံးမှ အသိပညာပေး ဟောပြော ဆွေးနွေး ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စည်ပင်သာယာ၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေး ဝန်ကြီးဌာန၊ ကညန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဝန်ကြီးဌာနများမှလည်း ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ကြပါတယ်။

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဩဂုတ်လ ၁ ရက်က ကလောမြို့(၄)ရပ်ကွက်တွင် လည်းကောင်း၊ ဩဂုတ် ၂ ရက်က အောင်ပန်းမြို့၊ အထက(၃)နှင့် အထက(၅)တွင် လည်းကောင်း၊ အေးသာယာမြို့၊အထက(၁) နှင့် အထက(၂) တို့တွင် လည်းကောင်း၊ ဩဂုတ် ၃ ရက်က အောင်ပန်း မြို့ခန်းမ၌ စီးပွားရေး လုပ်ငန်းရှင် များနဲ့ လည်းကောင်း၊ ပညာရေး ကောလိပ်ခန်းမတွင်လည်း ကောင်း၊ ဩဂုတ် ၄ရက်က အလက(၁၂)တွင် လည်းကောင်း၊ဩဂုတ် ၅ရက်က တောင်ကြီးမြို့၊အလက(လေ့ကျင့်ရေးကျောင်း)၊ဩဂုတ် ၆ရက်က လမင်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်းနဲ့ အလယ် တန်းကျောင်းများတွင် လည်းကောင်း၊ဩဂုတ် ၇ရက်က တောင်ကြီး မြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ (၉) ရှိ ဦးခွန် ကြည်ဘော်ဒါဆောင် တွင်လည်းကောင်း၊ ၈ရက်က တောင်ကြီးမြို့ရှိနည်းပညာ တက္ကသိုလ် (အေးသာယာ)တွင် လည်းကောင်း၊ ၉ရက်နေ့က တောင်ကြီးမြို့၊ အမှတ်(၁၃)အလက (ခွဲ)တွင် လည်းကောင်း၊ ဩဂုတ် ၁၁ရက်က တောင်ကြီးမြို့၊ နယ်မြေ (၃)ရပ်ကွက်တွင် လည်းကောင်း၊ ဩဂုတ် ၁၂ ရက်နေ့က တောင်ကြီးမြို့ နယ်၊ ပလီလင်း(အထက)နဲ့ တောင်နီ ကျေးရွာ (အထက)တွင် လည်းကောင်း၊ ဩဂုတ် ၁၃ ရက်က အောင်ပန်းမြို့ အထက ဇောတိ(ခွဲ)တွင်လည်းကောင်း၊ ဩဂုတ် ၁၆ရက်နေ့က ရွှေညောင်မြို့ အထကနှင့် အလက (ခွဲ)၁တို့ တွင် လည်းကောင်း၊ဩဂုတ် ၁၇ရက်က တောင်ကြီးမြို့နယ်ရှိ အထက (ပန်သခွား)၊ အလက (ကုန်း ဘောင်) နှင့် အထက (အောင်သပြေ) များတွင် လည်းကောင်း၊ ၁၉ ရက်က ဟိုပုံးမြို့ရှိအထကပင်းပက် နဲ့ ညောင်ရွှေမြို့ရှိ အထက(၁) နဲ့ မူလွန်(၂) တို့တွင် လည်းကောင်း၊ စုစုပေါင်းနေရာ(၂၈) နေရာတွင် အသိပညာ ပေးဟောပြော ဆွေးနွေး ခဲ့ကြပါတယ်။ ဟောပြော ဆွေးနွေးပွဲ ပြုလုပ်ရာနေရာများမှ စားသုံး သူ အကာအကွယ်ပေးရေးလုပ်ငန်းအပေါ် စားသုံးသူပြည်သူ များ၏သဘောထားလေ့လာချက်စစ်တမ်းများကိုပါ တစ်ပါတည်း ကောက်ခံခဲ့ကြပါတယ်။

ဟောပြောဆွေးနွေးရာတွင် အဖွဲ့ခေါင်းဆောင်များကစား သုံးသူအသိပညာပေး ဟောပြောပွဲများပြုလုပ်ရခြင်း၏ ရည်ရွယ် ချက်များနဲ့ ဥပဒေများအကြောင်းကို ပြောကြား ခဲ့ကြပြီးအဖွဲ့ဝင် အသီးသီးက စားသုံးရန် မသင့်တဲ့ကုန်စည်များအကြောင်း၊ တာရှည် ခံဆေးနဲ့ မှိုဆိပ်များအကြောင်း၊ မြောင်းဆီနဲ့ ဆိုးဆေးများရဲ့ အန္တရာယ်ကြောင့် ဖြစ်ပွားနိုင်သော ရောဂါများအကြောင်းကို လည်းကောင်း၊ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ စားသုံးသူများရဲ့အခွင့် အရေးများအကြောင်းကို လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဟောပြောခဲ့ကြပါတယ်။

ဟောပြောဆွေးနွေးရာ ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်း များကို ကျောင်းကျန်းမာရေးအဖွဲ့များနဲ့ အတူ စားသုံးရန် မသင့် သော စားသောက်ကုန်များ ရောင်းချမှုရှိ၊ မရှိ နဲ့ အစားအသောက် များ ရောင်းချရာတွင် သန့်ရှင်းသပ်ရပ်စွာ ရောင်းချမှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြပြီး အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ခဲ့ပါ တယ်။ ဆွေးနွေးပွဲများတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများနဲ့ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနမှ ထုတ်ပြန်ထားသည့် စားသုံးရန် မသင့်သော စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းများ စာအုပ်တို့ကို သက်ဆိုင်ရာ အကြီးအကဲများထံသို့ ဖြန့်ဝေရန် ပေးအပ်ခဲ့ပါတယ်။ ဟောပြော ဆွေးနွေးခဲ့တဲ့ နေရာတော်တော် များများမှလည်း အမှန်တစ်ကယ် သိသင့်သိ ထိုက်သောအကြောင်း အရာများဖြစ်တဲ့အတွက် တစ်ကြိမ်မက လာရောက်ဟောပြော ဆွေးနွေးပေးပါရန်လည်း ဖိတ်ခေါ်ခဲ့ကြပါတယ်။

အဆိုပါဆွေးနွေးပွဲများသို့ ဆရာ၊ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနဲ့ ကျောင်းမုန့်ဈေး ရောင်းချ သူများနဲ့ စိတ်ပါဝင် စားသူများ အပါအဝင် စုစုပေါင်းအင်အား ၈၇၂၁ ဦး တက်ရောက်ခဲ့ ကြောင်း သိရှိရပါသည်။

**စောမောင်(တောင်ကြီး)**

# ဘောလုံးပွဲများတွင် ပါဝင်ပတ်သက်ခြင်းမပြုရန် အမိန့်ချမှတ်ခံထားရမှုအား အယူခံဝင်ရန် တရားရုံးသို့ ဘလတ္တာရောက်ရှိလာ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာသည်၎င်းအား ချမှတ်ထားသည့် အမိန့်အား အယူခံဝင်ရန် အားကစားဆိုင်ရာခုံရုံးသို့ ဩဂုတ်လ ၂၆ ရက်က ရောက်ရှိလာခဲ့သည်။

ဘလတ္တာသည် ဖီဖာအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ၁၈ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က လာဘ်စားမှုတွင် ပါဝင်ပတ်သက်နေသည်ဟုဆိုကာ အားကစားဆိုင်ရာခုံရုံးက ဘောလုံးပွဲများနှင့် ရှစ်နှစ်တာ ပါဝင်ပတ်သက်ခြင်းမပြုရန်နှင့် ဒဏ်ငွေ ပေါင် ၁ ဒသမ ၃၅ သန်းပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ အမိန့်ချမှတ်ခဲ့ပြီးနောက် ဘလတ္တာသည် ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီထံသို့ အယူခံလွှာတင်သွင်းခဲ့ရာ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ရှစ်နှစ်မှခြောက်နှစ်သို့ လျှော့ချပေးခဲ့သည်။

ယခုအခါတွင် အဆိုပါ ခြောက်နှစ်သို့ လျှော့ချပေးမှုအား ထပ်မံလျှော့ချပေးနိုင်ရန်အတွက် အားကစားဆိုင်ရာတရားရုံးသို့ အယူခံလွှာ လာရောက်တင်သွင်းခြင်းဖြစ်သည်ဟု ဆိုသည်။



"အထင်အမြင်လွဲမှားမှုတွေ ရှိနေပါတယ်။ ကျွန်တော် တကယ် လာဘ်မစားခဲ့ပါဘူး။ တစ်ယောက်ယောက်က ပြောတယ်ဆိုရင်တောင် အဲဒါကို သက်သေပြသဖို့လိုပါတယ်။ ကျွန်တော် အမှားတွေ အများကြီးလုပ်ခဲ့မိပါတယ်။ ဒါပေမဲ့ ဥပဒေကြောင်းအရ ပြောရမယ်ဆိုရင်တော့ ကျွန်တော့်မှာ အမှားတစ်ခုမှ မရှိပါဘူး"ဟု ဘလတ္တာက ပြောကြားခဲ့သည်။

ဘလတ္တာ၏ အယူခံလွှာအား ကြားနာစစ်ဆေးသည့် အားကစားဆိုင်ရာခုံရုံးသို့ ဘလတ္တာသည် ၎င်း၏ရှေ့နေလိုရန်အာ့နှင့်အတူ တက်ရောက်ခဲ့သည်။

အားကစားဆိုင်ရာ ခုံရုံးသည် ဘလတ္တာနှင့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ မီချယ်ပလာတီနီတို့ကို လာဘ်စားမှုဖြင့် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။ ဘလတ္တာကို ဘောလုံးလောကနှင့် ရှစ်နှစ်တာ ပတ်သက်ခြင်းမပြုရန် အမိန့်ချမှတ်ခဲ့သလို ပလာတီနီကိုလည်း ရှစ်နှစ်တာ ဘောလုံးလောကနှင့် ပတ်သက်ခြင်းမပြုရန် အမိန့်ချမှတ်ခဲ့သည်။

သို့သော် ၎င်းတို့နှစ်ဦး၏ အယူခံလွှာတင်သွင်းမှုများကြောင့် ပြစ်ဒဏ်များကို အသီးသီးလျှော့ချပေးခဲ့ရာ ဘလတ္တာကို ခြောက်နှစ်၊ ပလာတီနီကို နှစ်နှစ်သို့ လျှော့ချပေးခဲ့သည်။

# ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် တိုယိုတာမဲခေါင်ချန်ပီယံရှစ် ပွဲစဉ်ဇယားထွက်ပေါ်

၂၀၁၆ မြန်မာနေရှင်နယ်လိဂ် ချန်ပီယံ ရတနာပုံအသင်း ဝင်ရောက် ယှဉ်ပြိုင်မည့် တိုယိုတာမဲခေါင် ချန်ပီယံရှစ်ပြိုင်ပွဲ၏ ပွဲစဉ်ဇယားများ ထွက်ပေါ်လာပြီဖြစ်သည်။

အဆိုပါပွဲစဉ်ဇယားအရ မြန်မာနိုင်ငံကိုယ်စားပြု ရတနာပုံအသင်းသည် ဗီယက်နမ်လိဂ်ချန်ပီယံအသင်း (သို့ မဟုတ်) ဗီယက်နမ်ကိုယ်စားပြု ကလပ်အသင်းတစ်သင်းနှင့် ပွဲဦးထွက်တွေ့ဆုံမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် လာအိုကိုယ်စားပြု ကလပ်အသင်းတစ်သင်းနှင့် သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားပြုကလပ်အသင်း တစ်သင်းစီ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရတနာပုံအသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပါက ကမ္ဘောဒီယားကိုယ်စားပြု ကလပ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာလ ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်းအဝေးကွင်းစနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တိုယိုတာ မဲခေါင်ချန်ပီယံရှစ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဧရာဝတီယူနိုက်တက်အသင်းက ၂၀၁၄ ခုနှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဒုတိယဆုရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၁၅ ခုနှစ်တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော်လည်း အုပ်စုအဆင့်မှပင် ထွက်ခဲ့ရသည်။

ပြိုင်ပွဲစတင်ကျင်းပမည့် နိုဝင်ဘာလ ၅ ရက်တွင် လာအိုမှ ကလပ်အသင်းနှင့် ဗီယက်နမ်မှ ကလပ်အသင်း၊ ဒီဇင်ဘာလ ၂၃ ရက်တွင် ဗီယက်နမ်ကိုယ်စားပြု ကလပ်အသင်းနှင့် မြန်မာနိုင်ငံမှ ရတနာပုံအသင်း၊ ဒီဇင်ဘာလ ၂၇ ရက်တွင် မြန်မာနိုင်ငံမှ ရတနာပုံအသင်းနှင့် လာအိုမှ ကလပ်အသင်းတစ်သင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။



# General Aung San Shield 2016

## ဗိုလ်လုပွဲမှ အပြုအမူအတွက် မကွေးတိုက်စစ်မှူး ဆိုင်လာ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

မကွေးအသင်းအနိုင်ရဗိုလ်စွဲခဲ့သည့် General Aung San Shield ၂၀၁၆ ပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ကစားသမား မပီသသည့် အပြုအမူအတွက် မကွေးအသင်းတိုက်စစ်မှူး ဆိုင်လာကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဆိုင်လာသည် မကွေးအသင်း၏ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး အဆိုပါ ဗိုလ်လုပွဲစဉ်တွင်လည်း အသင်းအတွက် ခြေစွမ်းပြကစားခဲ့ကာ အရေးပါသည့် အနိုင်ဂိုးရရှိအောင် အဓိကအားထုတ်ခဲ့သူဖြစ်သည်။ သို့သော် ဆိုင်လာအနေဖြင့် ပွဲအပြီး အသင်းလိုက်အောင်ပွဲခံစဉ် ရန်ကုန်ယူနိုက်တက် ခုံတန်းရှေ့ သို့အရောက်တွင် ရန်ကုန်ပရိသတ်အား နှုတ်ဆက်ရင်း မလျော်ကန်သည့် အမူအရာကို လုပ်ပြခဲ့သဖြင့် ရန်ကုန်ပရိသတ်များက ရေသန့်ဘူးများဖြင့် ကွင်းအတွင်း ပစ်ပေါက်ခဲ့ကြသည်။

ယင်းကဲ့သို့ ပြုမူခဲ့မှုအတွက် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက အရေးယူပေးပါရန် တင်ပြခဲ့သဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အသေးစိတ် ပြန်လည်စစ်ဆေးကြည့်ရှုခဲ့ပြီးနောက် ဆိုင်လာအား အရေးယူမှုပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် ဆိုင်လာအား ၂၀၁၆ ဘောလုံးရာသီ လက်ကျန်ပွဲစဉ်များအပါအဝင် ၂၀၁၇ ဘောလုံးရာသီပွဲစဉ်များအထိ အနီးစပ်ဆုံး ခြောက်ပွဲပါဝင်ကစားခွင့်မပြုရန်နှင့် ဒဏ်ကြေးငွေ ကျပ်သုံးသိန်းပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ ရန်ကုန်ယူနိုက်တက်ပရိသတ်များက ကွင်းအတွင်းသို့ရေသန့်ဘူးများဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် ရန်ကုန်ယူနိုက်တက်အသင်းအား အဆိုပါဖြစ်ရပ်မျိုး နောင်မဖြစ်ပေါ်စေရန်နှင့် အလားတူဖြစ်စဉ်မျိုး ပေါ်ပေါက်ခဲ့ပါက ပြင်းထန်စွာအရေးယူမည်ဟု သတိပေးခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

# Digicel ကုမ္ပဏီက အူစိန်ဘို့တ်အား Chief Speed Officer အဖြစ် ခန့်အပ်

ကမ္ဘာ့ဆက်သွယ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Digicel ကုမ္ပဏီသည် ကမ္ဘာ့အမြန်ဆုံး လူသားဘွဲ့ကို ခံယူထားသည့် ဂျမေကာနိုင်ငံသား အူစိန်ဘို့တ်အား ကုမ္ပဏီ၏ Chief Speed Officer အဖြစ် ခန့်အပ်လိုက်ကြောင်း ဩဂုတ်လ ၂၆ ရက်က ကြေညာခဲ့သည်။

Digicel Carrbbean Ltd. အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရီအိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲတွင် စံချိန်သစ်များတင်ကာ ရွှေတံဆိပ်ဆု သုံးဆုကို ရရှိခဲ့သည့် ဂျမေကာနိုင်ငံသား အူစိန်ဘို့တ်အား Chief Speed Officer အဖြစ် ခန့်အပ်လိုက်ခြင်းသည် ၎င်း၏တစ်သက်တာအတွက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Digicel ကုမ္ပဏီ၏ဈေးကွက်ဒါရိုက်တာပီတာ လွိုက်က "ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ အူစိန်ဘို့တ်နဲ့ ၁၂ နှစ်တာ လက်တွဲအပြီးမှာ အခုလို ဂုဏ်ပြုဆုကို ချီးမြှင့်ရတာဖြစ်ပါတယ်။ ဒီဆုဟာ သူ့အတွက်ရော၊ ကုမ္ပဏီအတွက်ပါ တစ်သက်တာ ချီးမြှင့်ပေးခဲ့တဲ့ဆုပါ။ သူဟာ ကုမ္ပဏီရဲ့ ထုတ်ကုန်တွေကို




တစ်ကမ္ဘာလုံးမှာရှိတဲ့ Digicel ရဲ့ ပရိသတ်တွေဆီကို သူ့ရဲ့အမြန်နှုန်းနဲ့ သယ်ဆောင်သွားပေးလိမ့်မယ်လို့ မျှော်လင့်မိပါတယ်"ဟု ပြောကြားခဲ့သည်။

Digicel ကုမ္ပဏီသည် အူစိန်ဘို့တ်ကို ၂၀၀၄ ခုနှစ်မှစ၍ စပွန်ဆာပေးခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ တစ်သက်တာ ဂုဏ်ပြုဆု ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ အူစိန်ဘို့တ်က "ကျွန်တော် တကယ်ကို ဂုဏ်ယူမိပါတယ်။ Digicel နဲ့အတူ ကျွန်တော် လျှောက်လှမ်းရတာ အံ့အားသင့်ဖွယ်ရာတွေချည်းပါပဲ။ ကျွန်တော် ၁၇ နှစ်သား အရွယ်ကတည်းက အခုအချိန်အထိ ကျွန်တော့်ကို ပံ့ပိုးပေးနေဆဲပါ။ အခုလို ဂုဏ်ပြုဆု ချီးမြှင့်လိုက်တဲ့အတွက် ကျွန်တော့် ဘဝမှာ လုပ်စရာကဏ္ဍသစ်တစ်ခု ဖွင့်လှစ်လိုက်သလိုပါပဲ"ဟု ပြောကြားခဲ့သည်။

# တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေး နွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ တာဝန်ရှိသူ ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၆ ရက်က တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်၊ ပုညကာရီ ဓမ္မာရုံတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် တောင်ဥက္ကလာပမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒုတိယ ကြီးကြပ်ရေးမှူး ဦးကောင်းထက်ကျော်က စားသုံးသူများအတွက် ဈေးကွက်မတင်မီနဲ့ ဈေးကွက်တင်ပြီးနောက်ပိုင်း စစ်ဆေးဆောင်ရွက်နေမှု၊ ပြည်တွင်း၊ ပြည်ပမှ ကုန်ပစ္စည်းများကို စစ်ဆေးပြီး ခွင့်ပြုချက်၊ ထောက်ခံချက်များ ထုတ်ပေးနေမှုများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ပေါ်ပေါက်လာပုံ၊ စားသုံးသူကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ စားသုံးသူတစ်ဦးအနေနှင့် စားသုံးသူရဲ့ အခွင့်အရေးများကို ရယူနိုင်မည့် နည်းလမ်းများနဲ့ စားသုံးသူရဲ့ တာဝန်များကို လိုက်နာဆောင်ရွက်ရမည့် အခြေအနေများ၊ စီးပွားရေးလုပ်ငန်းရှင်ရဲ့ တာဝန်၊ တားမြစ်ချက်များကို လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ပုံ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာရေး ဦးစီးဌာနမှလက်ထောက်ဆရာဝန် ဒေါက်တာ နွေးအိလှိုင်က ဆိုးဆေးအန္တရာယ်အကြောင်းနဲ့ ဆေးဆိုင်များတွင် တရားမဝင် ဆေးဝါးများ၊ ရက်လွန်ဆေးဝါးများ မရောင်းချရေး၊ စားသုံးသူများမှလည်း ဝယ်ယူ သုံးစွဲမှု မပြုရေးတို့ကိုလည်းကောင်း ဟောပြော ဆွေးနွေးခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ အရာထမ်းနဲ့ ဝန်ထမ်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ အရာထမ်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းတို့မှ အသင်းဝင်များ၊ ဈေးသူ၊ ဈေးသားများနဲ့ စတိုးဆိုင် လုပ်ငန်းရှင်များ စုစုပေါင်းလူဦးရေ ၁၃၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အလားတူ ဩဂုတ်လ တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးရဲ့ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် သုံးနေရာ၊ အနောက်ပိုင်းခရိုင်တွင် ခြောက်နေရာ၊ တောင်ပိုင်းခရိုင်တွင် ခုနစ်နေရာ၊ မြောက်ပိုင်းခရိုင်တွင် ငါးနေရာတို့၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြော ဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**



# ကသာမြို့ သီရိခေမာ စည်ပင်ဈေးအတွင်းတွင် တားမြစ်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် ဩဂုတ် ၁၉ရက်က ကသာမြို့၊ သီရိခေမာ ဈေးအတွင်းတွင် ရောင်းချနေသော စားသောက်ကုန်ပစ္စည်းများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်သည့် တားမြစ်ထားသော စားသောက်ကုန်များ ရှိ/မရှိကို ဈေးအတွင်းသို့ ဝင်ရောက် စစ်ဆေးခဲ့ရာ တံဆိပ်မပါသော ဆီ၊ တရုတ်မှလာသော မြောင်းဆီ၊ အရောင် ဆိုးထားသော ငါးပိ၊ ငါးခြောက်၊ အရောင်ဆိုးဆေးပါသော အစားအသောက်များကို ရောင်းချခြင်းမပြုရန်နှင့် တံဆိပ်မပါ၊ အာမခံချက်မပါသည့် ပစ္စည်းများကို ရောင်းချခြင်း မပြုရန် အသိပညာပေး ဆွေးနွေးပြောကြားပြီး၊ ကုန်စုံဆိုင်ပေါင်း ၂၃ဆိုင်ကို ဝင်ရောက် စစ်ဆေးခဲ့ပါသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီး ဌာနမှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသည့် အစားအသောက်စာရင်းနှင့် ခွင့်မပြုဓါတုဆိုးဆေး ပါဝင်ကြောင်း ကြေညာခဲ့သည့် စားသောက်ကုန် ပစ္စည်းစာရင်း၊ နိုင်ငံပိုင် သတင်းစာများတွင် ကြော်ငြာထားသော အမှတ် တံဆိပ်နှင့် အစားအသောက် အမျိုးအစားများ စာရင်းတို့ ပါဝင်သော လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးမှူး၊ ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဌာနမှ ဦးစီးမှူး၊ မြို့မရဲစခန်းမှ စခန်းမှူးတို့ ပါဝင် စစ်ဆေးခဲ့ရာ ခွင့်မပြု စားသောက်ကုန်များ မတွေ့ရှိကြောင်း သိရှိရပါသည်။

**လှလှခိုင် (ကသာ)**

## ဟားခါးမြို့ အတွင်းရှိအခြေခံပညာကျောင်းများ၌ စားသုံးသူအကာ အကွယ်ပေးရေး ဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာ ဦးစီးဌာန၊ ချင်း ပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ဒေါ်ဒေါ်ကြယ်နှင့် တာဝန်ရှိသူများသည် ဩဂုတ်လ ၉ ရက်နေ့က အ. မ. က၊ ဖာရ်ဟွားလ်၌လည်းကောင်း ဦးတီလ်ကျုံးနုံးနဲ့ တာဝန်ရှိသူများသည် ဩဂုတ်လ ၁၂ ရက်က အ. မ. က ပြည်တော်သာ၌ လည်းကောင်း၊ ဩဂုတ်လ ၁၇ ရက်က အ. လ. က မြို့ဟောင်း (မြို့သစ်စီမံ ကိန်း)၌ လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အ. မ. က၊ ဖာရ်ဟွားလ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ပေါင်း ၄၀ ဦးခန့်၊ အ. မ. က၊ ပြည်တော်သာမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၈၀ ဦးခန့်၊ အ. လ. က၊ ဈေး ဟောင်း (မြို့သစ်စီမံကိန်း) မှ ကျောင်း အုပ်ကြီးနဲ့ ဆရာ၊ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ပေါင်း ၃၂၃ ဦးခန့် တက် ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစား အသောက်များစာရင်း၊ စံမညီ မြေပဲဆီစာရင်းများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် ဒေါ်ဒေါ်ကြယ်နှင့် ဦးတီလ်ကျုံးနုံးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာများ၊ ဆိုးဆေး၊ စံမညီမြေပဲဆီများအကြောင်း ဟောပြောခြင်း၊ ဦးကမ်ကိမ်းထန်နှင့် ဦးအောင်ထာဘိခ်က ထုတ်ကုန်လုံခြုံ စိတ်ချမှုရရှိစေရေးနှင့် ပတ်သက်သော အကြောင်းများကိုဟောပြောခြင်း၊ ဒေါ်ဒါဇလီက နေ့စဉ် စားသောက်သင့်သော အစားအစာများအကြောင်းတို့ကို ဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် နမူနာပစ္စည်းများဖြင့် ရှင်း လင်းဟောပြောခဲ့ကြပါသည်။

**ဒေါ်ကြယ်( ဟားခါးမြို့)**

## စစ်ကိုင်းခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးသင်တန်းဖွင့်လှစ်သင်ကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီး ဌာန၊ စစ်ကိုင်းခရိုင် ဦးစီးမှူးရုံးတွင် တိုင်းဒေသကြီးဦးစီးမှူး၏ စီစဉ်မှုအရ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး သင်တန်းဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းဖွင့်ပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းသား ၅၀ ဦး၊ ဧည့်သည်တော် ၁၀ ဦးပေါင်း ၆၀ ဦး တက်ရောက်ခဲ့ပါ သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)၊ တိုင်းဒေသကြီးမုံရွာမှ ဒေါက်တာ ခိုင်ရွှေရည်အောင်က (FDA) ၏လုပ်ငန်းစဉ်များနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးဦးခင်ဇော်က စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဌာန၏သမိုင်း၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းမြို့နယ်တာဝန်ခံ ဦးခင်မောင်ဝင်းက ဟင်းချိုမှုန့်နှင့် ဆီစားသုံးခြင်း၏ ဆိုးကျိုးနှင့် အန္တရာယ်များ၊ မြင်းမူမြို့နယ်တာဝန်ခံ ဒေါ်ကေသီအောင်က အန္တရာယ်ရှိစားသောက်ကုန်များ၊ ခရိုင်ဥပဒေအရာရှိ ဦးအောင်သျှန်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အချက်များ၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်မြင့်မြင့်ဦးက မြန်မာနိုင်ငံ စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့နယ်တာဝန်ခံဦးထွန်းလှိုင်က ဟောပြောပွဲ အတွေ့အကြုံများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်ယောသစ်က စစ်ကိုင်းတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဥပဒေ၊ ကျန်းမာရေးဆိုင်ရာ နည်းဥပဒေအရ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ၊ မကွေးတိုင်းဒေသကြီးဦးစီးမှူး (ငြိမ်း) ဦးမောင်မောင်အေးက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အသိပညာပေး ဟောပြောရာတွင် အထောက်အကူ ရရှိစေမည့် အချက်များ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ချောင်းဦးမြို့နယ်တာဝန်ခံ ဒေါ်ခိုင်မို့မို့က ဆေးလိပ်၊ ကွမ်းစားသုံးခြင်း၏ ဆိုးကျိုးများ၊ ခရိုင်ကျန်းမာရေး ဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဦးမြင့်အောင်က ကျန်းမာရေးနှင့် ပတ်သက်သည့် ဗဟုသုတများအကြောင်း သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**စိမ်းစိမ်းလဲ့-စစ်ကိုင်း**

# စားသုံးသူများအတွက် အားကိုးစရာ စည်ပင်သာယာရေး အဖွဲ့၏ ဥပဒေများ

မောင်ပုသိမ်တို့ရဲ့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ အပတ်စဉ်သောကြာနေ့တိုင်း တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများကို ဖိတ်ကြားပြီး စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဌာန အသီး သီးမှ အရာရှိများကလည်း မိမိတို့ဌာနနဲ့ ပတ်သက်တဲ့ စားသုံးသူနဲ့ သက်ဆိုင်တဲ့ ဥပဒေများကို အလှည့်ကျ ဟောပြောနေပါတယ်။ ဒါနဲ့ မောင်ပုသိမ်လည်း စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း ဗဟုသုတရအောင် သွားရောက် လေ့လာခဲ့ပါတယ်။

မောင်ပုသိမ် သွားတဲ့နေ့က တက်ရောက်ဟောပြောတဲ့ ဌာနဆိုင်ရာ အရာရှိကတော့ စည်ပင်သာယာရေး အဖွဲ့က ဖြစ်ပါတယ်။ စားသုံးသူရေးရာနဲ့ ပတ်သက်တဲ့ စည်ပင်သာယာရေး အဖွဲ့ ဥပဒေများကတော့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥပဒေ အမှတ် -၃/၂၀၁၂ မှာ ပုဒ်မ-၂၆ (င)အရ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများလို့ ပါဝင်ပါတယ်။ အန္တရာယ်ရှိစေသော လုပ်ငန်းများဆိုတော့ စားသုံးသူရေးရာ ဦးစီးဌာနက ဆောင်ရွက်နေသော လုပ်ငန်းအချို့နဲ့ အကျုံးဝင်ပါတယ်။ အန္တရာယ်ရှိတဲ့ လုပ်ငန်းက ဘာလဲဆိုတော့ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းများအရ သော်လည်းကောင်း၊ လူ၏ အသက် (သို့)ကျန်းမာရေးကို အန္တရာယ် ဖြစ်စေနိုင်၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင် (သို့) အနှောင့်အယှက်ဖြစ်စေနိုင်ကို ဆိုလိုသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ဒါကြောင့် စားသုံးသူရေးရာ ဦးစီးဌာန၊ FDA ၊ ကျန်းမာရေး စတဲ့ ဌာနများက ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများဟာ စည်ပင်ဥပဒေအရ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများလို့ ဖွင့်ဆိုလို့ ရပါတယ်။ လုပ်ငန်းများကို သူ့စည်းသူ့ကမ်းနဲ့ သမားရိုးကျ မှန်မှန်ကန်ကန် လုပ်ကြမယ်ဆိုရင် ပြဿနာ မရှိပါဘူး။ ဒါပေမဲ့ စည်းကမ်းကို ဖောက်ဖျက်ပြီး မမှန်မကန် ဆိုးဆေးထည့်၊ ဖော်မလင်ထည့်၊ အဲ့ဒီလို ကြာရှည်ခံအောင် မရိုးမသားလုပ်ပြီး စားသုံးသူများကို ရောင်းချမယ်ဆိုရင်တော့ အန္တရာယ်ရှိတဲ့ လုပ်ငန်းအဖြစ် စည်ပင်သာယာဥပဒေနဲ့ ဆက်နွှယ်တဲ့ လုပ်ငန်း ဖြစ်လာပါတယ်။

အဲဒီလိုဖြစ်လာလို့စည်ပင်သာယာက အရေးယူတော့မယ်ဆိုရင် ရောင်းချသူ (သို့) ထုတ်လုပ်သူထံကို နို့တစ်စာ သုံးကြိမ်ပို့ပြီး အကြောင်းကြားရပါတယ်။ ဘာကြောင့်လဲဆိုရင် တချို့ဥပဒေများဟာ စည်ပင်သာယာရဲ့ စီမံခန့်ခွဲရေး ဥပဒေအနေနဲ့ ပြစ်ဒဏ်ပေးလို့ရသလို တချို့ကို တရားရုံးပို့ပြီး တရားစွဲဆိုရပါတယ်။ တရားရုံးမှာ တရားစွဲဆိုမယ်ဆိုရင် အကြောင်းကြားထားတဲ့ နို့တစ်စာကို တင်ပြရပါတယ်။ အခု စားသုံးသူရေးရာ ဦးစီးဌာန၊ FDA၊ ကျန်းမာရေးအဖွဲ့များနဲ့ ပူးပေါင်း ဆောင်ရွက်ရင်း မရောင်းချရသော FDA တားမြစ်ပစ္စည်းများ၊ စားသုံးရန် မသင့်သော ပစ္စည်းများ၊ ကျန်းမာရေးနှင့် မကိုက်ညီသော ပစ္စည်းများကို စစ်ဆေးတွေ့ရှိပါက ယင်းဆိုင်အား စည်ပင်သာယာရေး အဖွဲ့မှ အဆိုပါ ပစ္စည်းများကို မရောင်းချပါနဲ့၊ စားသုံးသူများအတွက် အန္တရာယ်ရှိလာပြီဆိုပြီး နို့တစ်စာသုံးကြိမ် ပို့ပြီး အကြောင်းကြားမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စည်ပင်သာယာက ဈေးများကို ကြီးကြပ်စီမံခန့်ခွဲတဲ့ အဖွဲ့ဖြစ်တဲ့အတွက် ဈေးစည်းကမ်း ဖောက်ဖျက်တာဖြစ်လို့ ပစ္စည်းများကို မရောင်းချရန် တားမြစ်သွားမှာဖြစ်ပါတယ်။ ဒါမှ ဆက်လက် ရောင်းချမယ်ဆိုရင် ပုဒ်မ-၇၇ နဲ့တရားစွဲမှာ ဖြစ် ပါတယ်။ ဒါမှပုဒ်မ-၇၇ နဲ့မစွဲချင်ရင် စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲရေး ပြစ်ဒဏ်နဲ့ ဒဏ်ရိုက်လို့ရပါတယ်၊ ဒါမှဆက်ပြီး မလိုက်နာရင် ပုဒ်မ-၈၁ နဲ့ တရားရုံးကို တင်ပြီး တရားစွဲဆို ပါမယ်။ တရားရုံးကနေ ဒဏ်ရိုက်လို့ ရပါတယ်။ ဖောက်ဖျက် ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၅၀၀၀ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဒါအပြင် ပုဒ်မ-၂၆(င)အရ အန္တရာယ်ရှိစေတဲ့ လုပ်ငန်းဆိုလျှင် ပုဒ်မ-၇၉ နဲ့လည်း တရားစွဲဆိုနိုင်ပါတယ်။ ဒါပေမဲ့ အချက်အလက်များ ခိုင်လုံပြည့်စုံဖို့ လိုအပ်ပါတယ်။ အကြောင်းကြား နို့တစ်စာ ရှိရမယ်။ ကျူးလွန်တာ မှန်ရမယ်။ အဖွဲ့ပေါင်းစုံက လက်မှတ်ထိုးပြီး မှန်ကန်တယ်ဆိုရင် အပြစ်ပေးလို့ ရပါတယ်။ ပြစ်ဒဏ်ကတော့ ငွေဒဏ် အနည်းဆုံးကျပ် တစ်သိန်းမှ ဆယ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ကို ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါတယ်။ အပြစ်ပေးပြီး ဆက်လက် လုပ်ကိုင်နေရင် ပုဒ်မ -၈၃ အရ ဆက်လက်၍ ပျက်ကွက်ခြင်း (သို့) ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၂၀၀၀၀ ချမှတ်ခြင်း ခံရမှာဖြစ်ပါတယ်။ ထို့ပြင် ပုဒ်မ-၆၈မှာလည်း (က) (ခ) ၂ခု ရှိပါတယ်။ (က) အန္တရာယ် ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။ (ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရလို့ ပါရှိပါတယ်။ ထို့ပြင်ပုဒ်မ-၇၀(ခ)အရ လည်း မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း မပြုရလို့ တားမြစ်ထားပါတယ်။ အဆိုပါ ပုဒ်မများကို ကျူးလွန်လျှင်လည်း အထက်ပါပြစ်ဒဏ်အတိုင်း ချမှတ်လို့ရပါတယ်။ သို့မဟုတ် စည်ပင် သာယာအဖွဲ့၏ စီမံခန့်ခွဲရေး ပြစ်ဒဏ်နဲ့လည်း ချမှတ်နိုင်ပါတယ်၊ ကော်မတီသည် ပုဒ်မ-၇၇တွင် မည်သို့ပင် ပြဋ္ဌာန်းစေကာမူ ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ အနည်းဆုံး ကျပ်၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ချမှတ်နိုင်သည်လို့ပါ ရှိပါတယ်။ ထို့ပြင် ပုဒ်မ-၇၇ အရလည်း ငွေဒဏ် အနည်းဆုံး ကျပ်၂၅၀၀၀ မှ ၂၅၀၀၀၀ထက် မပိုသော ဒဏ်ကြေးကိုလည်း ချမှတ်နိုင်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့ အနေနဲ့ စားသုံးသူရေးရာနဲ့ ပတ်သက်တဲ့ လုပ်ငန်းများဟာ မိမိတို့ကိုယ်တိုင်က စားသုံးသူများ ဖြစ်နေပြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့မှာလည်း အဖွဲ့ဝင်အဖြစ် ပါဝင်နေတဲ့အတွက် စားသုံးသူရေးရာ ဦးစီးဌာနက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိတဲ့ စားသုံးသူ အသိပညာပေး လုပ်ငန်းများ၊ ဈေးကွက်အတွင်း ကွင်းဆင်း ဆောင်ရွက်သော လုပ်ငန်းများ၊ ဈေးကွက် မရောက်မီ စက်ရုံအလုပ်ရုံစစ်ဆေးခြင်း လုပ်ငန်းများ၊ နောင်အရေးယူရမယ့် လုပ်ငန်းများအထိပါ စည်ပင်သာယာရေး အဖွဲ့အနေနဲ့ စည်ပင်သာယာရေး အဖွဲ့များဥပဒေ (၃/၂၀၁၂)နဲ့ အညီ ပူးပေါင်း ပါဝင်ဆောင်ရွက် ပေးပါ့မယ်လို့ပြောကြားသွားတဲ့အတွက် မောင်ပုသိမ်တို့ စားသုံးသူများအတွက် ဝမ်းသာမိပါကြောင်း။

**မောင်ပုသိမ်**



# သထုံမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာအကြောင်း ပညာပေးသင်တန်း ဖွင့်လှစ်

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ ပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေပြီး စိတ်ကျေနပ်မှုများ ရရှိစေရန် စားသုံးသူနှင့် ထုတ်လုပ် ဖြန့်ဖြူး ရောင်း ချသူများအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အခွင့်အရေး နှင့် တာဝန်များ၊ တားမြစ်ချက်များအား သိရှိ နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

စားသုံး သူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ ကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန် လုံခြုံ စိတ်ချရမှုဆိုင်ရာ အသိပညာပေး သင်တန်းကို သထုံမြို့၊ သုဝဏ္ဏခန်းမ၌ ဩဂုတ် ၁၉ရက်က ဖွင့်လှစ်ရာ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် မွန်ပြည်နယ် စားသုံး သူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးစိုးသန်းအေးက မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများအားလည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအားလည်းကောင်း၊ သထုံခရိုင်စိုက်ပျိုးရေး ဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးမြင့်ခိုင်က စိုက်ပျိုးရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သထုံခရိုင်ကျန်းမာရေး ဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာ ဝင်းဝင်းထက်ထွေးက ဆေးဝါးနှင့် ဆေးပစ္စည်း ဖြန့်ဖြူး ရောင်းချသူများအတွင်း ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရေးနှင့် ထိန်းညှိဆောင်ရွက်ခြင်းဟူသည့်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီး ဌာနမှ ဒုဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာအကြောင်း သိကောင်းစရာများ ခေါင်းp0jzifvnf aumifyNchonftqdoifwefolNifwe: သား၊ သင်တန်းသူ ၁၁၃ ဦး တက်ရောက် ခဲ့ကြောင်း သတင်းရရှိပါသည်။

**နေဇင် (မွန်)**

# မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့မှူးရုံးတွင် စားသုံးသူ အသိပညာပေး ဟောပြော ပွဲကျင်းပ



စားသုံးသူရေးရာ ဦးစီးဌာန၊ မြောင်းမြခရိုင် ဦးစီးမှူးရုံးက ကြီးမှူး၍ စားသုံးသူအသိပညာပေး ဟောပြောပွဲကို မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့မှူးရုံးတွင် ဩဂုတ်လ ၁၉ ရက်က ကျင်းပခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲတွင် မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူ၏ အခွင့် အရေးနှင့် တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်တို့ကိုလည်းကောင်း၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်နေမှုကိုလည်းကောင်း အသေးစိတ် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယခရိုင် ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ လက်ရှိဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးလှထွန်းဦးက ဆိုးဆေးအန္တရာယ်၊ သက်တမ်းလွန် အစားအစာများ၊ မှတ်ပုံတင်မထား သော ဆေးဝါးများကို သိရှိပြီး ရွေးချယ်စားသုံးရန်နှင့် ဝန်ဆောင်မှုနဲ့ ပတ်သက်သည့် အချက်များကိုလည်း ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးတိုးလွင်က မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့မှ မြို့နယ် မီးသတ်ဦးစီးမှူးအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ် လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်း ရရှိပါသည်။

အဆိုပါ ဟောပြောပွဲသို့ မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့မှ အရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

**တိုးလွင် (မြောင်းမြ)**

# လာအိုတွင်ကျင်းပမယ့် အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်မည်



လာအိုနိုင်ငံတွင် စက်တင်ဘာမှာ ကျင်းပမယ့် (၂၈) ကြိမ်မြောက်နဲ့ (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မယ်လို့ ကမ္ဘာတစ်ဝန်းရှိခေါင်းဆောင်များက အတည်ပြု ထားပြီးဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ပြည်ထောင်စု သမ္မတ ဘားရက်အိုဘားမား၊ တောင်ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ပတ်ဂွင်ဟေးနဲ့ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးတို့က အစည်းအဝေးကို တက်ရောက်မယ်လို့ အတည်ပြုထားပြီးဖြစ်ကြောင်း လာအိုနိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောပါတယ်။

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ဖို့နဲ့ ဒီလိုအခမ်းအနားမျိုးတွေကို တက်ရောက်ဖို့ လာအိုနိုင်ငံကို လာရောက်တဲ့ အမေရိကန်သမ္မတတွေထဲမှာ အိုဘားမားက ပထမဆုံးဖြစ်ကြောင်း ဗီယင်ကျန်းတိုင်းမ်သတင်းမှာ ဩဂုတ် ၂၃ ရက်က ဖော်ပြပါတယ်။အာဆီယံ ထိပ်သီးဆွေးနွေးပွဲမှာအမေရိကန်သမ္မတက အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာအောင် ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ဆွေးနွေး ပြီး ဒေသတွင်းနဲ့ ကမ္ဘာ့စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမှာဖြစ်ပါတယ်။

အာဆီယံ ခေါင်းဆောင်တွေအပြင် အာဆီယံရဲ့ ဆွေးနွေးဖက်ရှစ်နိုင်ငံဖြစ်တဲ့ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ အမေရိကန် ပြည်ထောင်စု၊ ရုရှားတို့နဲ့အတူကျင်းပမယ့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ (East Asia Summit) မှာ သမ္မတ အိုဘားမားက စည်းမျဉ်းစည်းကမ်းကို အခြေပြုတဲ့ အပြည်ပြည်ဆိုင်ရာ အစီအစဉ်တိုးတက်ရေးအတွက် ဒေသဆိုင်ရာ ခေါင်းဆောင်များနဲ့ ပေါင်းစပ်ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။

၁၉၉၅ ခုနှစ်ကတည်းက လာအိုနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့သံတမန်ဆက်ဆံမှု စတင်ထူထောင်ခဲ့ချိန်မှစပြီး ယခုနှစ်မှာ သမ္မတပတ်ဂွင်ဟေး လာရောက်ခဲ့ခြင်းဟာ တောင်ကိုရီးယားသမ္မတအနေဖြင့် ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာမှာ ဖော်ပြပါတယ်။ ခရီးစဉ်အတွင်းမှာ တောင်ကိုရီးယားသမ္မတက ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်သွားဖို့ ညှိနှိုင်းဆောင်ရွက်မှာ ဖြစ်ပါ တယ်။

# တောင်တရုတ်ပင်လယ် အငြင်းပွားမှု ဖြေရှင်းရေးမှာ အာဆီယံရဲ့ အခန်းကဏ္ဍကို ဆွေးနွေးရေးဖိုရမ် ကျင်းပမည်

တောင်တရုတ်ပင်လယ်အငြင်းပွားမှု ဖြေရှင်းရာမှာ အာဆီယံရဲ့အခန်းကဏ္ဍကို ဆွေးနွေးမယ့်ဖိုရမ်တစ်ခုကို ကွာလာလမ်ပူရှိ ဆိုင်းဒါဘီကွန်ဗင်းရှင်းစင်တာမှာ ဩဂုတ် ၃၀ ရက်၌ ကျင်းပမှာဖြစ်ကြောင်း ဘနားမားသတင်းမှာ ဖော်ပြပါတယ်။

ဖိုရမ်ကို Worldfuture Organisation က ဦးစီးကျင်းပပေးတာဖြစ်ပြီး ဖိုရမ်ရဲ့ အဓိကဦးတည်ချက်အဖြစ် “(PCA) ဆုံးဖြတ်ချက်ကျပြီးနောက် ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်မှုအတွက် အာဆီယံ ”(ASEAN : Peace and Unity after the PCA|Ruling) လို့သတ်မှတ်ထားပါတယ်။ တောင်တရုတ်ပင်လယ်နဲ့ တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေတွေနဲ့ ဆက်စပ်နေတဲ့ ပင်လယ်ပြင်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက ပိုင်ဆိုင်ခွင့်တွေတောင်းဆိုခဲ့ရာ ဇူလိုင်လအတွင်းမှာ အငြင်းပွားမှုဖြေရှင်းရေးအမြဲတမ်းတရားရုံး (Permanent Court of Arbitration_PCA ) က ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ဒီဖိုရမ်ကို ကျင်းပခဲ့တာဖြစ်ပါတယ်။

ဖိုရမ်က အာဆီယံအဖွဲ့ စည်းလုံးညီညွတ်ရေး၊ ခုံရုံးဆုံးဖြတ်ချက်တွေမှာ အပြည်ပြည်ဆိုင်ရာဥပဒေကို လေးစားရေးနဲ့ နိုင်ငံခြားအင်အားကြီးနိုင်ငံတွေက တောင်တရုတ်ပင်လယ်မှာ စစ်ရေးတည်ဆောက်မှု ပြဿနာများကို အာဆီယံကဖြေရှင်းမယ့်နည်းလမ်းများ အပါအဝင် အခြားပြဿနာများကိုလည်း ဆွေးနွေးမှာဖြစ်ကြောင်း အခမ်းအနားဖြစ်မြောက်ရေးမှူးအဆာဖာတာက ဩဂုတ် ၂၁ ရက်က ထုတ်ပြန်တဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

“အခမ်းအနားကျင်းပတဲ့ ရည်ရွယ်ချက်က တောင်တရုတ်ပင်လယ်နဲ့ပတ်သက်တဲ့ ပြဿနာအမှန်ကို မလေးရှားပြည်သူတွေနားလည်ဖို့ နဲ့ ဒေသတွင်းငြိမ်းချမ်းရေး ထိန်းသိမ်းနိုင်ရေးအတွက် အာဆီယံက ဆောင်ရွက်ရမယ့် အခန်းကဏ္ဍကို ဆွေးနွေးဖို့ဖြစ်ပါတယ်”လို့ သူကပြောပါတယ်။

ဖိုရမ်မှာ စာတမ်းဖတ်ကြားမယ့်သူတွေက မဟာဗျူဟာနဲ့ အပြည်ပြည်ဆိုင်ရာ လေ့လာရေးအဖွဲ့မှ ဘန်းနာဂါရာ၊ Universiti Malaya (UM) မှ ပါမောက္ခဒေါက်တာ မိုဟာမက် အဘူကာဘာနဲ့ ရှေ့နေကောင်စီ ဥက္ကဋ္ဌ ဟောင်း ရာဘူနတ်ကေဆာဗန်တို့ ပါဝင်မှာဖြစ်ပါတယ်။

# ကိုယ့်လမ်းကို ကိုယ်ဖောက်ဖို့ အာဆီယံအဖွဲ့ကို တိုက်တွန်း

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) က စီးပွားရေးစုစည်းညီညွတ်မှုကိုရယူပြီး ဆောင်ရွက်လျက်ရှိနေပြီဖြစ်ရာ တရုတ်နိုင်ငံနဲ့ လက်တွဲဆောင်ရွက်နေရတာကို စွန့်လွှတ်ပြီး အာဆီယံအဖွဲ့စီးပွားရေး အလားအလာများကို ကမ္ဘာ့အသိုက်အဝန်းကသိရှိအောင် ဆောင်ရွက်ဖို့ အချိန်ကျရောက်ပြီဖြစ်တယ်လို့ စီးတီးဂရုရဲ့ ဒေသဆိုင်ရာ ရန်ပုံငွေလုပ်ငန်းမှ ကျွမ်းကျင်သူတွေကပြောကြောင်း ဘိစနက်အင်ကွာရာသတင်းမှာ ဖော်ပြ ထားပါတယ်။

ယခင်က တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတက်လာခဲ့တဲ့ အတွက် အာဆီယံဒေသအနေဖြင့် အကျိုးအမြတ်တွေဖြစ်ထွန်းခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ စားသုံးမှုမြင့်မားမှုက ဒေသတွင်းမှာ ကုန်စည်ဖွံ့ဖြိုးမှု ကိုဖြစ်ပေါ်စေပြီး အင်ဒိုနီးရှားနဲ့ မလေးရှားတို့ရဲ့ ပို့ကုန်တွေကို မြှင့်တင်ပေးခဲ့ပါတယ်။ ဒါပေမယ့် တရုတ်ငွေကြေးတန်ဖိုးကျဆင်းပြီး အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာတဲ့အခါ အခြားငွေကြေးတွေကိုလည်း ဆိုးရွားစွာထိခိုက်ခဲ့ပါတယ်။

ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ “ဒစ်ဂျစ်တယ်” စနစ်ထွန်းကား မယ်ဆိုရင် စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ) တိုးတက်မှုနှုန်း ပိုမိုမြင့်မားလာပြီး တရုတ်နိုင်ငံနဲ့ တိုက်ရိုက်ဆက်နွယ်မှုမရှိဘဲ စားသုံးမှုကို မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း အာဆီယံအဖွဲ့ အာမခံလုပ်ငန်းအကြီးအကဲ ဘရိုင်ယန် မာဖီက ပြောပါတယ်။ နိုင်ငံနှစ်နိုင်ငံစလုံးဟာ ကျွန်းစုနိုင်ငံတွေဖြစ်တဲ့အတွက် ပထဝီအနေအထားအရ အမျိုးမျိုး ကွဲပြားနေတဲ့ဒေသတွေမှာ ဆက်သွယ်ရေးနဲ့ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် နည်းပညာကို တိုးမြှင့်အသုံးပြုဖို့ သူကတိုက်တွန်းပါတယ်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့က တစ်ခုတည်းသော ဈေးကွက်နဲ့ ကုန်ထုတ်လုပ်မှုအခြေစိုက် စခန်းအဖြစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)ကို ထူထောင်ခဲ့ပါတယ်။ အေအီးစီကိုထူထောင်ရတဲ့ ရည်ရွယ်ချက်က တန်းတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ကမ္ဘာ့စီးပွားရေးစနစ်အတွင်း ညီညွတ်စွာဝင်ရောက်နိုင်တဲ့ယှဉ်ပြိုင်မှု မြင့်မားတဲ့ဒေသတစ်ခုအဖြစ် ထူထောင်ဖို့ဖြစ်ပါတယ်။

**ညာဏ်တင်-စုစည်းတင်ပြသည်**

# ဒစ်ဂျစ်တယ်စနစ် ထွန်းကားရေး ကြိုးပမ်းဖို့ စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး ပြောကြား

ဒစ်ဂျစ်တယ် တော်လှန်ရေးနဲ့ ထွန်းသစ်စ ဒစ်ဂျစ်တယ် စီးပွားရေးက အရှေ့တောင်အာရှဒေသတစ်လွှားရှိ နိုင်ငံများအား အလားအလာကောင်းများကို ဖန်တီးပေးနိုင်မှာဖြစ်တယ်လို့ စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး အက်စ်အစ်စဝါရန်က ပြောကြားကြောင်း ချန်နယ်နယူးစ်အေးရှသတင်းမှာ ဖော်ပြပါတယ်။

ဒေသတွင်း အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ စင်ကာပူ အပြည်ပြည်ဆိုင်ရာ ရေးရာအဖွဲ့က စီစဉ်ဆောင်ရွက်တဲ့ (၉)ကြိမ်မြောက် အာဆီယံနဲ့ အာရှဖိုရမ်မှာ အမှာစကားပြောကြားရာမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးလုပ်ငန်းတွေ ထွန်းကားအောင် ဆောင်ရွက်ဖို့ အစ်စဝါရန်က အာဆီယံနိုင်ငံတွေကို တိုက်တွန်းခဲ့ပါတယ်။

ဒစ်ဂျစ်တယ်စနစ်အသုံးပြုရေးက ကုမ္ပဏီတွေရဲ့ဖွံ့ဖြိုးမှုကို အားပေးသွားမှာဖြစ်ပြီး အာဆီယံဒေသမှာ ပေါင်းစည်းရေးလုပ်ငန်းတွေဖြစ်ထွန်းဖို့ ကြိုးပမ်းပေးနေတဲ့အချိန်မှာ ဒစ်ဂျစ်တယ်နယ်ပယ်များ ပေါင်းစည်းရေးကလည်း အဓိကဦးစားပေးရမယ့် နယ်ပယ်ဖြစ်ကြောင်း အစ်စဝါရန်က ပြောပါတယ်။ အင်တာနက်ကို အသုံးပြုရာမှာ အရှေ့တောင်အာရှက တိုးတက်မှု အလျင်မြန်ဆုံးဒေသတွေထဲမှာ ပါဝင်နေတဲ့အတွက် တစ်ပေါင်း တစ်စည်းတည်းဖြစ်တဲ့ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ထူထောင်ရာမှာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းရှိ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်း (SME) တွေကို ဖွံ့ဖြိုးလာနိုင်မယ်လို့ သူကပြောပါတယ်။

စုစည်းညီညွတ်တဲ့ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ထူထောင်ခြင်းဖြင့် ပင်လယ်ရပ်ခြားဈေးကွက်များသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်စရာမလိုဘဲ အက်စ်အမ်အီးများက ဈေးကွက်ထိုးဖောက်နိုင်မှာဖြစ်ကြောင်းသူက ပြောပါတယ်။ အသေးစား စီးပွားရေးလုပ်ငန်းများက ကုမ္ပဏီကြီးများကို ထိထိ ရောက်ရောက်ယှဉ်ပြိုင်နိုင်အောင် ဒစ်ဂျစ်တယ်စနစ်က အားပေးသွားမှာဖြစ်ပါတယ်။

အစ်စဝါရန်နဲ့ ဘဏ္ဍာရေးဝန်ကြီး ဟင်းဆွီးကိတ်တို့ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မယ့် စင်ကာပူနိုင်ငံရဲ့ အနာဂတ်စီးပွားရေးကော်မတီက ဒစ်ဂျစ်တယ်လုပ်ငန်းများနေရာချထားရေးနဲ့ ဒေသတွင်းဆက်သွယ်မှုများ တိုးတက်ကောင်း မွန်ရေးအတွက် လာမယ့်လအနည်းငယ်အတွင်းမှာ ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူကပြောပါတယ်။ ဒစ်ဂျစ်တယ်ပေါင်းစည်းရေးကိုဆောင်ရွက်ရာမှာ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကိုလည်း သူကသတိပေးခဲ့ပါတယ်။ အဲဒီအချက်တွေထဲမှာ ဒေတာအချက်အလက်များ နယ်နိမိတ်ဖြတ်ကျော် စီးဆင်းမှုထိန်းချုပ်ရေးနဲ့ အီးကောမတ်စ်ဖွံ့ဖြိုးမှုနဲ့အညီ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ရေးတို့ဖြစ်ပါတယ်။

# ဗီယက်နမ်နိုင်ငံ ပြန်ပြည့်မြဲစွမ်းအင်ကို တိုးချဲ့သုံးစွဲမည်

ဗီယက်နမ်နိုင်ငံအနေနဲ့ သန့်ရှင်းတဲ့ ပြန်ပြည့်မြဲစွမ်းအင်ကို တိုးချဲ့အသုံးပြုပြီး စွမ်းအင်ချွေတာမှုကိုလည်း ဆောင်ရွက်သွားဖို့လိုတယ်လို့ ဗီယက်နမ်စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေစွမ်းအင်ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး လေတူအန်ဖောင်က ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။



အေဂျင်စီက ထုတ်ပြန်တဲ့ စာရင်းများအရ ဗီယက်နမ်ရဲ့ ပျမ်းမျှစွမ်းအင်လိုအပ်ချက်မှာ တစ်နှစ်ကို ၁၁ ရာခိုင်နှုန်း ထပ်မံတိုးတက်လျက် ရှိနေတာကို တွေ့ရပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဗီယက်နမ်နိုင်ငံက ကျောက်မီးသွေးတန် ၁၇ သန်း တင်သွင်းဖို့ ရည်ရွယ်ထားရာ လျှပ်စစ်စွမ်းအင်အတွက် ကျောက်မီးသွေးလိုအပ်ချက် စုစုပေါင်းရဲ့ ၃၁ ရာခိုင်နှုန်းရှိပါတယ်။

ဗီယက်နမ်နိုင်ငံမှာ ဝယ်လိုအားတိုးတက်မှုကြီးမားတဲ့အတွက် လျှပ်စစ်စွမ်းအား ရရှိရေးအတွက် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရကြောင်း ဩဂုတ် ၂၅ ရက်က ဟနွိုင်းမြို့မှာ "Vietnam Energy Forum 2016 : Challenges for Sustainable Development" ဆိုတဲ့ ခေါင်းစဉ်နဲ့ကျင်းပတဲ့ ဖိုရမ်မှာ ဖောင်က ပြောပါတယ်။

"ဗီယက်နမ်နိုင်ငံက စွမ်းအင်ဖွံ့ဖြိုးရေးမဟာဗျူဟာကို ပြန်လည် ဆန်းစစ်ပြီး သန့်ရှင်းတဲ့စွမ်းအင်ကို ဦးစားပေး အသုံးပြုရပါမယ်။ ပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အသုံးပြုသင့်ပါတယ်။" လို့ သူကပြောပါတယ်။

လက်ရှိနည်းပညာ ပြုပြင်ပြောင်းလဲရေးမှာ သဘာဝအရင်းအမြစ်မှ ထုတ်ယူရေးကို အလေးပေး ဆောင်ရွက်နေရဆဲဖြစ်ကြောင်းနဲ့ စက်မှုလုပ်ငန်းကဏ္ဍ အတော်များများ အထူးသဖြင့် ဘိလပ်မြေနဲ့ သံမဏိထုတ်လုပ်ရေးလုပ်ငန်းတွေမှာ လျှပ်စစ်ဓာတ်အားကို အားကိုးနေရဆဲ ဖြစ်ကြောင်းလည်း သူက ပြောပါတယ်။

## ကမ္ဘာ့စီးပွားရေး နေးကွေးကျဆင်းမှုကြောင့်ထိုင်းကျောက်မျက်နဲ့ လက်ဝတ်ရတနာ ပြည်ပတင်ပို့မှုကျဆင်း

ကမ္ဘာ့နိုင်ငံအများအပြားမှာ စီးပွားရေး နှေးကွေးကျဆင်းမှုနဲ့ စားသုံးသူယုံကြည်မှုကျဆင်းမှုစတဲ့ ဂယက်ရိုက်ခတ်မှုတွေကြောင့် ထိုင်းနိုင်ငံရဲ့ ကျောက်မျက်နဲ့လက်ဝတ်ရတနာ ပြည်ပတင်ပို့မှုက တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ရတယ်လို့ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေကပြောကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

"စားသုံးသူတွေက တခြားလိုအပ်ချက်တွေကိုသုံးစွဲနိုင်ဖို့ ငွေကိုချွေတာလာကြတဲ့အတွက် ကျောက်မျက်နဲ့ လက်ဝတ်ရတနာရောင်းဝယ်ရေးက ဈေးကွက်အများအပြားမှာ အခက်အခဲနဲ့ ရင်ဆိုင်နေရပါတယ်"လို့ ထိုင်းငွေတင်ပို့သူများအသင်း (Thai Silver Exporters Association) ဥက္ကဋ္ဌ ဗီဘွမ်ပောင် ဆရီချင်ဒါက ဩဂုတ် ၂၄ ရက်က ပြောပါတယ်။

ဒါပေမယ့် တန်ဖိုးကြီး ကျောက်ရိုင်းတုံးနဲ့ ဖက်ရှင်အဖြစ်ဝတ်ဆင်တဲ့ ပစ္စည်းတွေရဲ့ ရောင်းအားကတော့ ဆက်လက်မြင့်တက်နေပါတယ်။ ရွှေမှအပ ကျောက်မျက်နဲ့ လက်ဝတ်ရတနာရောင်းဝယ်မှုက ယခုနှစ်အတွင်းမှာ အရောင်းအဝယ်ကျဆင်းပြီး လာမယ့်နှစ်မှာတော့ ပိုမိုကောင်းမွန်လာလိမ့်မယ်လို့ပြောပါတယ်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာတာနဲ့အညီ ပြည်တွင်းဈေးကွက်မှာ ကျောက်မျက်နဲ့ လက်ဝတ်ရတနာရောင်းဝယ်မှုက တိုးတက်နေကြောင်း သူကပြောပါတယ်။

ဒါပေမယ့် ကျောက်မျက်နဲ့ လက်ဝတ်ရတနာတင်ပို့မှုက ယခုနှစ်မှာ ၁၀ ရာခိုင်နှုန်း တိုးတက်ပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၉ ဘီလီယံ ( ဘတ် ၂၇၈ ဘီလီယံ) ထိရောက်ရှိမယ်လို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနက ပြောပါတယ်။ ထိုင်းကျောက်မျက်နဲ့ လက်ဝတ်ရတနာတွေက အရည်အသွေးနဲ့ ဒီဇိုင်းကောင်းမွန်တဲ့အတွက် ပြည်ပဈေးကွက်များသို့ ကျောက်မျက်နဲ့ လက်ဝတ်ရတနာတင်ပို့မှုက ယခုနှစ်အတွင်း တိုးတက်လာလိမ့်မယ်လို့ ဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် မာလီးချုပ်ကလမ်လတ်က ပြောပါတယ်။

၂၀၁၅ ခုနှစ်က ကျောက်မျက်ရတနာ တင်ပို့မှု အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၈ ဘီလီယံရှိခဲ့ပါတယ်။ ယခုနှစ် ပထမနှစ်ဝက်မှာ ရွှေမှအပ ကျောက်မျက်နဲ့ လက်ဝတ်ရတနာ တင်ပို့မှုက ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၁ ဘီလီယံရှိခဲ့ပါတယ်။

ကျောက်မျက်နဲ့ လက်ဝတ်ရတနာလုပ်ငန်း မြှင့်တင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာနက (၅၈) ကြိမ်မြောက် ဗန်ကောက် ကျောက်မျက်ရတနာပြပွဲကို Impact Muang Thang Thani မှာ စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိကျင်းပဖို့ စီစဉ်ထားပါတယ်။

## ဘာလီကျွန်းတွင် တရုတ်ဧည့်လမ်းညွှန်များ တရားမဝင် လုပ်ငန်းများဆောင်ရွက်

ဘာလီကျွန်းမှာ တရားမဝင် ဧည့်လမ်းညွှန်များအဖြစ် ဆောင်ရွက်နေတဲ့ တရုတ်ဧည့်လမ်းညွှန်များကို နှိမ်နင်းဖို့အတွက် အထူးလုပ်ငန်းအဖွဲ့ တစ်ဖွဲ့ကိုဖွဲ့စည်းရန် ဘာလီပြည်နယ်အစိုးရအဖွဲ့ကို အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းအသင်းက တိုက်တွန်းထားကြောင်း တီတီအာဝီးကလီးသတင်းမှာ ဖော်ပြထားပါတယ်။

ဘာလီတွင် တရုတ်လူမျိုးတွေက လိုင်စင်မဲ့ ဧည့်လမ်းညွှန်များအဖြစ် ဆောင်ရွက်နေကြောင်း အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းအသင်းက တိုင်တန်းထားကြောင်း Beritabali.com ဝက်ဆိုက်မှာ ဖော်ပြထားပါတယ်။

"တရုတ်လူမျိုးတွေက ကမ္ဘာလှည့် ခရီးသွားတွေအဖြစ် ဝင်လာတယ်။ ဒါပေမယ့် အွန်လိုင်းကနေ လက်မှတ်ရောင်းပြီး ဈေးပေါပေါနဲ့ ခရီးစဉ်တွေ ရောင်းစားနေကြတာပါ။ အဲဒီလို တရုတ်နိုင်ငံသားတွေကို စောင့်ကြည့်လေ့လာဖို့ အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဖို့ ပြည်နယ်အစိုးရကို ကျွန်တော်တို့ တိုက်တွန်းထား ပါတယ်" လို့ အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းအသင်းရဲ့ ပြောရေးဆိုခွင့်ရှိသူ ချန္ဒရာဆာလင်းက ပြောပါတယ်။

အခြေအနေကို အထိန်းအကွပ်မရှိလွှတ်ထားရင် ဘာလီရဲ့ ခရီးသွားလုပ်ငန်း ပုံရိပ်နဲ့ နာမည်ကောင်းပါ ပျက်စီးသွားနိုင်ကြောင်း ဆာလင်းက ပြောပါတယ်။ တရုတ် ခရီးသွားလုပ်ငန်းရှင်တွေက သူတို့လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အကြွေးကတ်သုံးပြီး အွန်လိုင်းကနေ ငွေပေးချေတာဖြစ်တဲ့အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းတွေနဲ့ ဧည့်လမ်းညွှန်တွေရဲ့ ဝင်ငွေကို ထိခိုက်မှုဖြစ်စေခဲ့ပါတယ်။



သူတို့က ခရီးစဉ်တွေ ရေးဆွဲရောင်းချတဲ့အခါ ပန်းချီပြခန်းတွေနဲ့ သူတို့အတွက် ကော်မရှင်များများပေးတဲ့ ဆိုင်တွေကိုသာ ခရီးစဉ်ထဲမှာ ထည့်သွင်းရေးဆွဲကြကြောင်း သူကပြောပါတယ်။ တရုတ်ခရီးသွားတွေက သူ့မိခင်တိုင်းပြည်ပြန်ရောက်တဲ့အခါ ဘာလီရဲ့ ခရီးသွားအတွေ့အကြုံကို ကျေနပ်မှု မရှိကြောင်း ရင်ဖွင့်ကြတယ်လို့ ဆာလင်းက ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## ဖိလစ်ပိုင် အမျိုးသား စီးပွားရေးနဲ့ ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့က အခြေခံအဆောက်အအုံ တည်ဆောက်ရေးကို ဦးစားပေး ဆောင်ရွက်

ဖိလစ်ပိုင်အမျိုးသား စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (National Economic and Development Authority) က ဥပဒေပြုရေး အစီအမံငါးရပ်ကို ချမှတ်ဆောင်ရွက်ရာမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူများအတွက် အခြေခံဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရန် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ရေးဆွဲထားတဲ့ အစီအမံတွေကို စက်တင်ဘာ သို့မဟုတ် အောက်တိုဘာမှာ ကျင်းပမယ့် ဥပဒေရေးရာ အမှုဆောင်အဖွဲ့ ဖွံ့ဖြိုးရေးနဲ့ အကြံပေးကောင်စီအစည်းအဝေးသို့ တင်သွင်းမှာဖြစ်ကြောင်း လူမှုစီးပွားရေး စီမံကိန်းဝန်ကြီး အန်းနက်စတိုပါနီယာက ဩဂုတ် ၂၃ ရက်မှာ ပြောပါတယ်။

အကြံပေးကောင်စီမှာ ဥပဒေပြုရေးအဖွဲ့မှ အမှုဆောင်များနဲ့ ခေါင်းဆောင်များပါဝင်ပြီး အစိုးရအဖွဲ့ရဲ့ ဦးစားပေးလုပ်ငန်းများနဲ့အညီ ရေးဆွဲထားတဲ့ ဥပဒေကြမ်းများကို အချိန်မီ ပြဋ္ဌာန်းပေးနိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥပဒေရေးရာအဖွဲ့က အဆိုပြုထားတဲ့ အကြောင်းအရာ အချက်အလက်များကို အေဂျင်စီရဲ့ အခြေခံအဆောက်အအုံရေးရာ ကော်မတီက ထောက်ခံတင်ပြထားပါတယ်။

အမျိုးသား စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က ပြုစုထားတဲ့ အစီအမံတွေထဲမှာ ရေအရင်းအမြစ်ကဏ္ဍအတွက် အဖွဲ့အစည်းနဲ့ ရေလုပ်ငန်းကဏ္ဍအတွက် စီးပွားရေးနဲ့ ဘဏ္ဍာရေးအဖွဲ့ တည်ထောင်ရေး၊ အမျိုးသား သယ်ယူပို့ဆောင် ရေးမူဝါဒ ရေးဆွဲရေး၊ Built-Operate-Transfer Law ဥပဒေနဲ့ နည်းဥပဒေများကို ပြင်ဆင်ရေးနဲ့ ဖိလစ်ပိုင်နိုင်ငံရေးလုပ်ငန်း စည်းမျဉ်းများ ပြင်ဆင်ရေးစတဲ့ အချက်တွေပါဝင်ပါတယ်။

ရေအရင်းအမြစ် ကဏ္ဍအတွက် ဖွဲ့စည်းထားတဲ့အဖွဲ့ကို ရေအရင်းအမြစ်အာဏာပိုင်အဖွဲ့လို့ ခေါ်ဆိုမှာဖြစ်ပြီး အဆိုပါအဖွဲ့က ရေရရှိရန် မလွယ်ကူတဲ့ ဒေသများကို ရေရရှိအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဟိုချီမင်းစီးတီး

အိုင်တီကျွမ်းကျင်သူများ ရှားပါးမှုကြောင့် ကမ္ဘာတစ်ဝန်းမှာ ဆိုက်ဘာ တိုက်ခိုက်မှုများ တိုးပွားနေတဲ့အတွက် သတင်းအချက်အလက် နည်းပညာ (အိုင်တီ) လုံခြုံရေး ကျွမ်းကျင်သူ လိုအပ်ချက် မြင့်မားနေပြီး ဆိုက်ဘာ လုံခြုံရေးကို ဆောင်ရွက်နိုင်ရေးအတွက် လစာ သုံးဆအထိ တိုးမြှင့်ပေးနေရတယ်လို့ ဆိုင်ဘာ လုံခြုံရေးကုမ္ပဏီ ကက်စပါကီက ပြောကြောင်း ဗီယက်နမ်နယူးစ်မှာ ဖော်ပြပါတယ်။

### ပေကျင်း

ကမ္ဘာ့ကုန်သွယ်မှု ပတ်ဝန်းကျင်မှာ စိန်ခေါ်မှုတွေ ရှိနေပေမယ့် အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတို့က နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု စာချုပ်များ ချုပ်ဆိုနိုင်ရေး ဆွေးနွေးပွဲများကို အကြိမ်ကြိမ်ဆောင်ရွက်လျက်ရှိနေတယ်လို့ ဩဂုတ် ၂၅ ရက်က တရုတ်စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

တောင်ကိုရီးယားနိုင်ငံမှ မိသားစုပိုင် လော့တီဂရုကုမ္ပဏီရဲ့ ဒုတိယ ဥက္ကဋ္ဌ လီအင်ဝမ်ကို ဩဂုတ် ၂၆ ရက်က သေဆုံးနေတာကို တွေ့ရကြောင်းနဲ့ ယခုကဲ့သို့ သေဆုံးတာက တရားရေးဌာနက သူ့ကို စစ်ဆေးဖို့ ဆင့်ခေါ်ခြင်းမပြုမီ နာရီပိုင်းအလိုမှာ ဖြစ်ပွားခဲ့ရာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှုအဖြစ်ယူဆကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဝါရှင်တန်

သူရဲ့ ခေါင်းဆောင်မှုနဲ့ ပတ်သက်ပြီး ဝန်ထမ်းများက မကျေနပ်မှုများ ရှိနေပေမယ့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဂျင်ယောင်ကင်ကို ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌရာထူးရဲ့ ဒုတိယသက်တမ်းအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ဖို့ ဩဂုတ် ၂၅ ရက်က အမည်စာရင်းတင်သွင်းခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

## SOUTH ASIA

# နည်းပညာလုပ်ငန်းသစ်များ ထူထောင်ရာမှာ အိန္ဒိယနိုင်ငံက ကမ္ဘာမှာ တတိယအင်အားအကောင်းဆုံးဖြစ်

နည်းပညာလုပ်ငန်းသစ်များ ထူထောင်ရာမှာ အမေရိကန်ပြည်ထောင်စုနဲ့ ယူကေတို့က ပထမနဲ့ ဒုတိယနေရာကို ယူထားပြီး အိန္ဒိယနိုင်ငံက တတိယမြောက်အင်အားအကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ အစီရင်ခံစာတစ်ခုမှာ ဖော်ပြထားကြောင်း ဟိန္ဒူဘိဇနက်သတင်းမှာ ဖော်ပြထားပါတယ်။

လေ့လာချက်အစီရင် ခံစာကို အိန္ဒိယကုန်သည်ကြီးများအသင်းနဲ့ Thought Arbitrage Research Institute တို့ ပူးတွဲပြုစုထားတာဖြစ်ပါတယ်။ အစီရင်ခံစာအရ အိန္ဒိယနိုင်ငံမှာ နည်းပညာလုပ်ငန်းသစ်တွေ တည်ထောင်ရာမှာ ဆင်ဂါလူရူးက အကြီးမားဆုံးနေရာကို ရယူထားပြီး ဒေလီနဲ့ မွမ်ဘိုင်းတို့က နောက်က လိုက်ပါလျက်ရှိပါတယ်။ ဟိုက်ဒရာဘတ်နဲ့ ချန်နိုင်းတို့ကလည်း နည်းပညာလုပ်ငန်းတွေကို စွန့်ဦးတည် ထောင်လိုသူများအကြား ရေပန်းစားတဲ့နေရာတွေဖြစ်ပါတယ်။

"နည်းပညာကို အခြေပြုတဲ့ လုပ်ငန်းသစ်တွေထူထောင်ရာမှာ အမေရိကန်ပြည်ထောင်စုက လုပ်ငန်းသစ် ၄၇၀၀ နဲ့ ပထမနေရာ၊ ယူကေက ၄၅၀၀ နဲ့ ဒုတိယနေရာမှာ ရှိနေပါတယ်။ အိန္ဒိယနိုင်ငံက ၂၀၁၅ ခုနှစ်မှာ ၄၂၀၀ အထိ ရောက်ရှိပြီး တတိယနေရာမှာ ရှိနေပါတယ်"လို့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

နည်းပညာနဲ့ နည်းပညာမဟုတ်တဲ့ လုပ်ငန်းနယ်ပယ်နှစ်ခုစလုံးမှာ လုပ်ငန်းသစ်တွေထူထောင်ရာမှာလည်း အိန္ဒိယနိုင်ငံက ကမ္ဘာမှာ အကြီးမားဆုံး ငါးနိုင်ငံထဲမှာပါဝင်ပါတယ်။ အမေရိကန်နိုင်ငံကတော့ လုပ်ငန်းသစ်ပေါင်း ၈၃၀၀ နဲ့ ထိပ်တန်းနေရာကို ရယူထားဆဲဖြစ်ပါတယ်။ အိုင်တီလုပ်ငန်းသစ်တွေတည်ထောင်ရာမှာ ဘင်ဂါလူရူက ပြည်တွင်းနည်းပညာလုပ်ငန်းသစ်များရဲ့ ၂၆ ရာခိုင်နှုန်း၊ ဒေလီက ၂၃ ရာခိုင်နှုန်း မွမ်ဘိုင်းက ၁၇ ရာခိုင်နှုန်း ရှိပါတယ်။

## EUROZONE

# ယူရိုဇုန်ရဲ့ စီးပွားရေးလုပ်ငန်းများ ခိုင်မာနေဆဲဖြစ်



အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့် ဖြစ်ပေါ်ရတဲ့ အန္တရာယ်များကြောင့် ဥရောပစီးပွားရေးကို ထိခိုက် မှု အနည်းငယ်သာတွေ့ရပြီး ယူရိုဇုန်ရဲ့ စီးပွားရေး လုပ်ငန်းဆောင်တာများက ဩဂုတ်အတွင်းမှာ မြင့်တက်ခဲ့တယ်လို့ ဩဂုတ် ၂၄ ရက်က ထုတ်ပြန်တဲ့ စစ်တမ်းတစ်ခုမှာ ဖော်ပြထားကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

အီးယူမှ ဗြိတိန်နိုင်ငံထွက်ခွာဖို့ မဲပေးဆုံးဖြတ်မှုကြောင့် ဂယက်ရိုက်ခတ်မှုရှိပေမယ့် ပြင်သစ်နဲ့ ဂျာမနီနိုင်ငံတို့ရဲ့ စီးပွားရေး အခြေအနေ ခိုင်မာလာတဲ့အတွက် ယူရိုဇုန်က စီးပွားရေးကြံ့ခိုင်မှုရှိအောင် ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲဖြစ်ကြောင်း စီးပွားရေးကိန်းဂဏန်းများ ကောက်ယူပြုစုရေး အေဂျင်စီမားကစ်က ပြောပါတယ်။ ယူရိုဇုန်အတွက် ဝယ်ယူသူ မန်နေဂျာများ ညွှန်ကိန်းက ဇူလိုင်မှာ ၅၃ ဒသမ ၂ ရှိခဲ့ရာမှ ဩဂုတ်မှာ ၅၃ ဒသမ ၃ အထိ ရောက်ရှိပြီး ခုနစ်လအတွင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။

ဝယ်ယူသူမန်နေဂျာများ ညွှန်ကိန်းက စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကုမ္ပဏီများ၏ အခြေအနေကို ဖော်ပြပေးတဲ့ ညွှန်ကိန်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် တရားဝင် ကိန်းဂဏန်းတွေ မထုတ်ပြန်မီ စီးပွားရေးအခြေအနေကို ကြိုတင်အကဲခတ်နိုင်ရန်အတွက် အသုံးဝင်တဲ့ ညွှန်ကိန်းတစ်မျိုးဖြစ်ပါတယ်။ ညွှန်ကိန်းရမှတ် ၅၀ နှင့်အထက်ရှိပါက စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်တဲ့သဘောကိုပြသနေပြီး ၅၀ မှတ်အောက်ရရှိပါက စီးပွားရေးအခြေအနေ ဆုတ်ယုတ်သည့်သဘောကို ပြသလျက်ရှိပါတယ်။

ယူရိုဇုန်စီးပွားရေးက မှန်မှန်တိုးတက်နေတဲ့ လမ်းကြောင်းပေါ်မှာရှိနေပြီး ဘရက်ဇစ်ကြောင့် လမ်းကြောင်းချော်ကာ စီးပွားရေးကျဆင်းမယ့် လက္ခဏာမတွေ့ရကြောင်း မားကစ်အေဂျင်စီမှ စီးပွားရေးပညာရှင် အကြီးအကဲ ချရစ်ဝီလီယမ်ဆန်က ပြောပါတယ်။

## MIDDLE EAST

# အိုပက်ဆွေးနွေးပွဲ ကျင်းပရေးအရှိန်မြှင့်တင်ရန်အတွက် ဆော်ဒီအာရေးဘီးယားက ထုတ်လုပ်မှုမြှင့်တင်

ရေနံထုတ်လုပ်မှုထိန်းချုပ်ရေးကို ဆွေးနွေးမယ့် စက်တင်ဘာ အလွတ်သဘောဆွေးနွေးပွဲမှာ ဩဇာအာဏာကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် ဆော်ဒီအာရေးဘီးယားနိုင်ငံက ဩဂုတ်ရေနံထုတ်လုပ်မှုကို အမြင့်ဆုံး အနေအထားအထိ မြှင့်တင်ထုတ်လုပ်သွားရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း သက်ဆိုင်ရာ သတင်းရပ်ကွက်များကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဆော်ဒီအာရေးဘီးယားက အိုပက်အဖွဲ့အတွင်းမှာ ရေနံအများဆုံးထုတ်လုပ်တဲ့ နိုင်ငံဖြစ်ပြီး ဇူလိုင်လအတွင်း တစ်ရက်ကို စည် ၁၀ ဒသမ ၆၇ သန်း ထုတ်လုပ်ခဲ့ရာ ဇွန်ထုတ်လုပ်မှုနဲ့ နှိုင်းယှဉ်ပါက စည်တစ်သိန်းနှစ်သောင်း ပိုမိုထုတ်လုပ်ခဲ့ပါတယ်။ ထုံးစံအားဖြင့် ဆော်ဒီအာရေးဘီးယားက ရေနံဝယ်လိုအား မြင့်တက်တဲ့နွေရာသီမှာ ထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်လေ့ရှိပါတယ်။ ယခုတစ်ကြိမ် ထူးခြားတာက ယခင်နှစ်နွေရာသီက ထုတ်လုပ်ခဲ့တဲ့ ပမာဏထက် ကျော်လွန်ပြီး စံချိန်သစ်တင် အမြင့်ဆုံးထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။

ယခု ပထမနှစ်ဝက်အတွင်းက ထုတ်လုပ်မှုကို ထိန်းချုပ်ခဲ့ရာမှ ဇွန် နောက်ပိုင်းမှာ ထုတ်လုပ်မှုကို ယခင်ကထက် ပိုမိုမြှင့်တင်ခဲ့ပါတယ်။ ယခုတစ်ကြိမ် ပိုမိုတိုးမြှင့် ထုတ်လုပ်လာတာကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့ထိပ်တန်း ရေနံ ထုတ်လုပ်တဲ့နိုင်ငံဖြစ်ပြီး အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ ရုရှားနိုင်ငံကို ကျော်လွန်အောင်ထုတ်လုပ်လာတဲ့ သဘော ဖြစ်ကြောင်းနဲ့ ရေနံကို ပိုမိုထုတ်လုပ်ထားခြင်းဖြင့် စက်တင်ဘာဆွေးနွေးပွဲမှာ ပိုမိုဈေးကိုင်နိုင်မယ့် အလားအလာရှိကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

စက်တင်ဘာမှာ ရေနံထုတ်လုပ်မှု ဆွေးနွေးပွဲတွေ ကျင်းပတဲ့အခါ ဆော်ဒီအာရေးဘီးယားက အဓိက စေ့စပ်ညှိနှိုင်းသူဖြစ်လိမ့်မယ်လို့ ခန့်မှန်းထားခဲ့ပါတယ်။ ဧပြီက ကျင်းပခဲ့တဲ့ ဒိုဟာဆွေးနွေးပွဲမှာလည်း ရေနံထုတ်လုပ်မှု ထိန်းချုပ်ရေးကို အီရန်နိုင်ငံကလည်း သဘောတူရမယ်လို့ ဆော်ဒီ အာရေး ဘီးယားက တောင်းဆိုမှုကြောင့် ရေနံထုတ်လုပ်မှုထိန်းချုပ်ဖို့ သဘောတူညီမှု မရခဲ့ပါဘူး။

## EAST ASIA

# တောင်ကိုရီးယား စီးပွားရေးကျဆင်းမယ့် အလားအလာ ရှိနေ

ပြည်တွင်းသုံးစွဲမှု ကျဆင်းခြင်းနဲ့ ပို့ကုန်ကျဆင်းခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ယခုနှစ်မှာ ၂ ဒသမ ၆ ရာခိုင်နှုန်းသာရှိမယ်။ ဒီတိုးတက်နှုန်းက ၂၀၁၅ ခုနှစ်က ရှိခဲ့တဲ့ နှုန်းအတိုင်း ဆက်လက်တည်ရှိနေတာဖြစ်တယ်လို့ ပြည်တွင်းအတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့က ဩဂုတ် ၂၂ ရက်မှာ ပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ပထမနှစ်မှာ သုံးရာခိုင်နှုန်း ရှိခဲ့ရာမှ ဒုတိယနှစ် နှစ်ဝက်ဖွံ့ဖြိုးမှုနှုန်းက ၂ ဒသမ ၄ ရာခိုင်နှုန်းသာရှိနိုင်တယ် လို့ ကိုရီးယား ဘဏ္ဍာရေး အင်စတီကျု (Korea Institute Of Finance) ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

"စားသုံးသူ အခွန်လျှော့ပေါ့မှုက ပထမသုံးလပတ်မှာ ကုန်ဆုံးသွားပြီဖြစ်ပါတယ်။ ပုဂ္ဂလိကစားသုံးမှုက ၂၀၁၆ ခုနှစ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားတဲ့အတွက် ယခင်နှစ်က ရရှိခဲ့တဲ့ ၂ ဒသမ ၂ ရာ ခိုင်နှုန်းအောက်ကို ကျဆင်းနေပါတယ်"လို့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် အားထားရတဲ့ အခြားမဏ္ဍိုင်တစ်ခုဖြစ်တဲ့ ပို့ကုန်လုပ်ငန်းတွေမြှင့်တင်ပေးရေးအတွက် တောင်ကိုရီးယားနိုင်ငံက အစွမ်းကုန်ကြိုးစားဆောင်ရွက်နေရပါတယ်။ ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ပို့ကုန်လုပ်ငန်းတွေရဲ့ ဖွံ့ဖြိုးမှုက ၁၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့တဲ့အတွက် ၁၉ လမြောက် ဆက်တိုက်ကျဆင်းခဲ့တာဖြစ်ပါတယ်။ အဓိကအားဖြင့် တောင်ကိုရီးယားနိုင်ငံသုံး ငွေကြေးတန်ဖိုးမြင့်တက်မှုကြောင့် ဖြစ်ပါတယ်။ စီးပွားရေး ထပ်မံမကျဆင်းဖို့အတွက် ဇွန်မှာ အတိုးနှုန်းလျှော့ချပေးခြင်းနဲ့ ဘတ်ဂျက်သုံးစွဲမှု တိုးမြှင့်ပေးခြင်းတို့ အပါအဝင် စီးပွားရေးတိုးတက်မှုနှုန်း ထပ်မံမကျဆင်းရေးတို့အတွက် အစိုးရက အပြင်းအထန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း KIF အစီရင်ခံစာမှာ ဖော်ပြပါတယ်။

မည်သို့ပင် ဆောင်ရွက်စေကာမူ စီးပွားရေးဆိုးရွားမှု သံသရာကြောင့်မျှသာ မဟုတ်ဘဲ မကြာသေးမီက ဆောင်ရွက်ခဲ့တဲ့ ဖွဲ့စည်းတည်ဆောက်ပုံပြင်ဆင်ရာမှ ဖြစ်ပေါ်လာသော အကြောင်းတရားများကြောင့် ဖြစ်ရာ အစိုးရက ဆောင်ရွက်နေတဲ့ အစီအမံများရဲ့ အကျိုးသက်ရောက်မှုများက အကန့်အသတ် ရှိနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်




အာရှငွေကြေး အများစုက ဩဂုတ် ၂၅ ရက်မှာ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန် ပြည်ထောင်စု ဗဟိုဘဏ် အတိုးနှုန်းနဲ့ ပတ်သက်ပြီး အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌက ဘယ်လို ဆောင်ရွက်ဦးမယ် ဆိုတာကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်နေသေးတဲ့အတွက် တန်ဖိုးမြင့်တက်မှု အနည်းငယ်သာ ရှိခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စု ဗဟိုဘဏ်က ၂၀၁၅ခုနှစ် ဒီဇင်ဘာက ဗဟိုဘဏ် အတိုးနှုန်းကို ဆယ်နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် တိုးမြှင့်ပေးခဲ့ပါတယ်။ ယခုနှစ်အတွင်း အတိုးနှုန်း ထပ်မံ တိုးမြှင့်ပေးဖို့ ရှိ/မရှိက မရေမရာ ရှိနေဆဲ ဖြစ်ပါတယ်။ အမေရိကန် ဗဟိုဘဏ်များရဲ့ နှစ်ပတ်လည် ကွန်ဖရင့်ကို ဝိုင်ယိုမင်း ပြည်နယ်၊ ဂျက်ကဆန်ဟိုးမှာ ဩဂုတ် ၂၆ ရက်မှာ ကျင်းပတဲ့အခါ ဒီကွန်ဖရင့်မှာ ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင် ပြောကြားမယ့် မိန့်ခွန်းကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်လေ့လာနေပါတယ်။

အကယ်၍ ဗဟိုဘဏ်အတိုးနှုန်းကို စက်တင်ဘာမှာ တိုးမြှင့်ပေးဖို့ အလားအလာ မရှိဘူးဆိုရင် အာရှငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုး ကျဆင်းနေလိမ့်ဦးမယ်လို့ အရောင်းတာဝန်ခံတွေနဲ့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

**တရုတ်ယွမ်**

ဟောင်ကောင် ဈေးကွက်မှာ ရောင်းဝယ်လျက်ရှိတဲ့ Offshore ယွမ်က ဩဂုတ် ၂၆ရက်မှာ သုညဒသမ ၁၅ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၈၁၄ယွမ်နှုန်း ရှိခဲ့ရာ တစ်လအတွင်း အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။

ရှန်ဟဲမှာ ရောင်းဝယ်လျက် ရှိတဲ့ Onshore ယွမ်က သုည ဒသမ ၁၃ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၆၄၈ယွမ်နှုန်း ရှိခဲ့ပါတယ်။ တရုတ် ဗဟိုဘဏ်က ဘွန်းစာချုပ်တွေ ဝယ်ယူပြီး ဈေးကွက်အတွင်းသို့ ငွေကြေးဖြည့်ဆည်းပေးမယ်လို့ကြေညာပြီးနောက်ပိုင်း ယွမ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

တရုတ် ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို ဩဂုတ် ၂၅ရက်က သုည ဒသမ ၂၇ရာခိုင်နှုန်း လျှော့ချ သတ်မှတ်ခဲ့ပြီး ဩဂုတ်လ ၂၆ရက်မှာ သုည ဒသမ ၁၇ ရာခိုင်နှုန်း တိုးမြှင့်ကာ အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၄၈၈ ယွမ်နှုန်း သတ်မှတ်ပေးခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ပြည်တွင်းအီကွီတီ ရှယ်ယာဈေးတွေ မြင့်တက်နေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက အမေရိကန် ဒေါ်လာကို ရောင်းချလာတဲ့အတွက် ဩဂုတ် ၂၆ရက်မှာ ရူပီး တန်ဖိုးက သုညဒသမ ၀၇ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆၆ဒသမ ၉၈ ရူပီးနှုန်းရှိခဲ့ပါတယ်။

ပြည်ပဈေးကွက်တွေမှာ တခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုး ကျဆင်းမှုက ရူပီးတန်ဖိုး မြင့်တက်ဖို့ အထောက်အကူ ဖြစ်စေခဲ့ကြောင်း ငွေကြေး ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ဩဂုတ် ၂၆ရက် နံနက်ပိုင်းမှာ အမေရိကန် ဒေါ်လာတန်ဖိုးက ဂျပန်ယန်းနဲ့ ဖလှယ်ရာမှာ တန်ဖိုးမြင့်တက်ပေမယ့် ယူရိုနဲ့ ဖလှယ်ရာမှာ တန်ဖိုး ကျဆင်းပါတယ်။

ဩဂုတ် ၂၆ရက် နံနက်မှာ အမေရိကန် တစ်ဒေါ်လာကို ၁၀၀ဒသမ ၄၆ ယန်းနှုန်း ရှိပြီး သုည ဒသမ ၀၆ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

ယူရိုငွေကြေးတန်ဖိုးက ဂရင်းနစ်စံတော်ချိန် နေ့လယ် ၃နာရီမှာ တစ်ယူရိုကို ၁ ဒသမ ၁၂၈၁ ဒေါ်လာနှုန်း ရှိခဲ့ရာ ဩဂုတ် ၂၅ရက်က ရှိခဲ့တဲ့ ၁ ဒသမ ၁၂၆၄ ဒေါ်လာနှုန်းထက် မြင့်တက်ခဲ့ပါတယ်။ ယန်းငွေနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို ၁၁၃ ဒသမ ၁၄ ယန်းနှုန်းမှ ၁၁၃ ဒသမ ၄၃ ယန်းနှုန်းသို့ မြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

အမေရိကန် ဗဟိုဘဏ် အတိုးနှုန်း တိုးမြှင့်ပေးမယ့် အလားအလာ ရှိ/မရှိကို ရင်းနှီးမြှုပ်နှံသူတွေနဲ့ ကုန်သည်တွေက စောင့်ကြည့် အကဲခတ်နေတဲ့အတွက် ဩဂုတ် ၂၆ရက် နံနက်ပိုင်းက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ် တန်ဖိုးက အပြောင်းအလဲ မရှိခဲ့ဘဲ တန့်နေပါတယ်။

ဩဂုတ် ၂၆ရက် နံနက် ၉နာရီမှာ ရင်းဂစ်တန်ဖိုးက မပြောင်းလဲဘဲ အမေရိကန် တစ်ဒေါ်လာကို ၄ဒသမ ၀၁၅၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ဩဂုတ် ၂၆ရက်မှာ အမေရိကန် ဗဟိုဘဏ် ဥက္ကဋ္ဌက အမှာစကားပြောကြားဖို့ ရှိပြီး အဆိုပါ ပြောကြားချက်ပေါ် မူတည်ပြီး ဒေါ်လာတန်ဖိုး အတက်အကျ ရှိနိုင်တဲ့အတွက် အာရှငွေကြေး ကုန်သည်တွေက ငြိမ်ပြီး လေ့လာနေတာ ဖြစ်ကြောင်း ငွေကြေးဝယ်ရောင်းသမား တစ်ဦးက ပြောပါတယ်။

တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အတက်အကျ အမျိုးမျိုး ရှိပါတယ်။

**တောင်ကိုရီးယားဝမ်**

ဩဂုတ် ၂၆ရက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ပြည်တွင်း ရှယ်ယာတွေကို သုံးရက်ဆက်တိုက် ပြန်လည် ရောင်းချခဲ့ကြတဲ့အတွက် တောင်ကိုရီးယား ရှယ်ယာတန်ဖိုးတွေ သုညဒသမ ၂၄ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ပြည်တွင်း ပို့ကုန်လုပ်ငန်းရှင်တွေက ဒေါ်လာကို ပြန်လည်ရောင်းချတဲ့အတွက် ဝမ်တန်ဖိုးက ၂ဒသမ ၅၀ ဝမ်နှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၁၃ ဒသမ ၄၀ ဝမ်နှုန်း ရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ပြည်တွင်း ဘွန်းစာချုပ်နဲ့ ရှယ်ယာဈေးကွက်များ အတွင်းသို့ နိုင်ငံခြားငွေများ စီးဝင်လာတဲ့ အတွက် ဩဂုတ် ၂၆ရက်မှာ ထိုင်းဘတ်ငွေ တန်ဖိုးက ၁၃ လအတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ တစ်ရက်အတွင်း အမြင့်ဆုံးနှုန်း ဖြစ်တဲ့ အမေရိကန် တစ်ဒေါ်လာကို ၃၄ဒသမ ၅၀ဘတ်နှုန်းအထိ ရောက်ခဲ့ပါတယ်။ ဘတ်ငွေတန်ဖိုး မြင့်တက်မှုကြောင့် ပို့ကုန်ကျဆင်းမှု မဖြစ်ပေမယ့် စီးပွားရေး နာလန်ထူမှုအတွက် မကောင်းဘူးလို့ ထိုင်းဗဟိုဘဏ် အုပ်ချုပ်ရေးမှူးက ဩဂုတ် ၂၃ ရက်က ပြောခဲ့ပါတယ်။ ဒါကြောင့် အစိုးရက ဈေးကွက်အတွင်း ဝင်ရောက်စွက်ဖက်မှာကို စိုးရိမ်နေပါတယ်။

**ဘာသာပြန်-စစ်ညီးတင်ပြသည်**

## မလေးရှား ဗဟိုဘဏ်ရဲ့ အရန်ငွေကြေး ရင်းဂစ် ဘီလီယံလေးရာနီးပါးအထိ တိုးတက်

မလေးရှားဗဟိုဘဏ် (Bank Negara Malaysia) ရဲ့ အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေက ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁၅ ရက် စာရင်းအရ ရင်းဂစ် ၃၉၁ ဒသမ ၉ ဘီလီယံ(အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၅ ဘီလီယံ)အထိရောက်ရှိခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၉ ရက်က ရှိခဲ့တဲ့ ရင်းဂစ် ၃၉၁ ဒသမ ၁ ဘီလီယံ ( အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၃ ဘီလီယံ ) နဲ့ နှိုင်းယှဉ်ပါက အနည်းငယ်မြင့်တက်ခဲ့ကြောင်း ဘာနားမား သတင်းမှာ ဖော်ပြထားပါတယ်။

အရန်ငွေကြေးရဲ့ အနေအထားက သွင်းကုန်အတွက် ရှစ်လကျော်ထောက်ပံ့ပေးနိုင်တဲ့ အနေအထားရှိပြီး ရေတိုပြည်ပကြွေးမြီရဲ့ ၁ ဒသမ ၂ ဆရှိကြောင်း ဩဂုတ် ၂၂ ရက်က ထုတ်ပြန်တဲ့ ဘဏ်ရဲ့ကြေညာချက်မှာ ဖော်ပြပါတယ်။

အပြည်ပြည်ဆိုင်ရာ အရန်ငွေကြေးမှာ ပါဝင်မှုအချိုးအစားကို ကြည့်ပါက နိုင်ငံခြားငွေကြေးဖြင့် အရန်ငွေကြေးက အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၅ ဘီလီယံ၊ အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့တွင်ထားရှိငွေက အမေရိကန်ဒေါ်လာ သုည ဒသမ ၈ ဘီလီယံ၊ အထူးထုတ်ယူခွင့်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ၊ ရွှေက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနဲ့ အခြားအရန် အက်ဆက်တန်ဖိုးက အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံရှိပါတယ်။

ဗဟိုဘဏ်၏ ရရန်ပိုင်ခွင့်စုစုပေါင်းမှာ ရင်းဂစ် ၄၁၂ ဒသမ ၂၉၃ ဘီလီယံ ရှိပါတယ်။ ဗဟိုဘဏ်ရဲ့ ရရန်ပိုင်ခွင့်တွေထဲမှာ ရွှေနဲ့ နိုင်ငံခြားငွေ၊ မလေးရှား အစိုးရရဲ့ စာချုပ်စာတမ်းများ၊ ဘဏ္ဍာရေး အဖွဲ့အစည်းများမှာ အပ်ငွေများ၊ ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများ၊ မြေနှင့်အဆောက်အအုံနဲ့ တခြားရရန် ပိုင်ခွင့်တွေ ဖြစ်ပါတယ်။

## အာဂျစ်ပေတဲကို အိန္ဒိယဗဟိုဘဏ်အုပ်ချုပ်ရေးမှူးသစ်အဖြစ် လျာထား

အိန္ဒိယဗဟိုဘဏ်က လက်ရှိအုပ်ချုပ်ရေးမှူးက သူ့သက်တမ်းကုန်ဆုံးတဲ့ စက်တင်ဘာ ၃ ရက်မှာ ရာထူးကနုတ်ထွက်မှာဖြစ်ပြီး အိန္ဒိယဗဟိုဘဏ်ရဲ့ ဒုတိယအကြီးအကဲဖြစ်သူ အာဂျစ်ပေတဲက သူ့နေရာကို ဆက်ခံမှာဖြစ်ကြောင်း ဒေးလီးဒီမိုကရက်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ပေတဲက ငွေကြေးဖောင်းပွမှုနှုန်းကို ချိန်ကိုက်ဖြစ်အောင်ဆောင်ရွက်ရာမှာ ကျွမ်းကျင်သူတစ်ဦးဖြစ်ပါတယ်။ ဒီလို အရည်အသွေးတွေကြောင့် အစိုးရအဆက်ဆက်က သူတို့ကို သဘောကျပြီး ဒီဗွီနာရာဆင်ဟာရောင်း၊ ဒေါက်တာမန်မိုဟန်ဆင်း၊ ပီချီဒမ်ဘရမ်၊ နရိန္ဒရာမိုးဒီနဲ့ အရန်ဂျိတ်တလေတို့အပါအဝင် ဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေးဝန်ကြီး အဆက်ဆက်က သူ့ကိုသဘောကျပါတယ်။ သူ့ကိုသဘောကျသူတွေထဲမှာ သူ့ကိုတာဝန်လွှဲပြောင်းပေးမယ့် လက်ရှိ ဗဟိုဘဏ်အုပ်ချုပ်ရေး ရာဟူးရမ်ရာဂျန်လည်း ပါဝင်ပါတယ်။

စီးပွားရေးကိစ္စနဲ့ပတ်သက်ပြီး ဒေါက်တာရာဂျန်ရဲ့ ဝေဖန်ပြောကြားချက်ကြောင့် လည်းကောင်း၊ အတိုးနှုန်းကို ဒေါက်တာရာဂျန်က လျင်မြန်စွာ လျှော့ချမပေးတဲ့အတွက်ကြောင့်လည်းကောင်း၊ အာဏာရပါတီဖြစ်တဲ့ ဆာရာတီယာဂျာနာတာ ပါတီဝင်တွေက သူ့ကိုဝေဖန်ခဲ့ကြပါတယ်။

ပေတဲက ငယ်ရွယ်ပြီး ထက်မြက်သူတစ်ဦးဖြစ်ကြောင်းနဲ့ မူဝါဒရေးရာမှာ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်တတ်သူဖြစ်ကြောင်း မိုးဒီရဲ့ လက်ထောက်တစ်ဦးက ပြောပါတယ်။ ပေတဲက ယေးလ်တက္ကသိုလ်မှ ဘောဂဗေဒဘွဲ့နဲ့ အောက်စဖို့မှ M Phil ဘွဲ့တွေရထားသူဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်နဲ့ ၁၉၉၅ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)မှာ တာဝန်ထမ်းဆောင်ဖူးသူတစ်ဦး ဖြစ်ပါတယ်။

# KAUNG WINT SAN General Trading Co., Ltd.

Kaung Wint San

*Electrical Supply & Installation*

## HT/LT Copper Power Cable



ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့်
ဓာတ်အားလိုင်းသုံး လျှပ်စစ်ပစ္စည်းအမျိုးမျိုး
ရရှိနိုင်ပါသည်။

## 400 Volt, Aerial Bundle Cable (ABC Cable)



## 11kV & 33kV Aluminium Insulated Cable (SAC. Space Aerial Cable)



HDPE Spacer

Tangent Bracket

Tension Complete Set (Dead End Bracket)

Tension Pole Fitting







## ABC Cable Accessories



Address : No.A-23,U Wisara Road,34th Quarter ,Industrial Development Zone ,North Dagon Township,Yangon.Myanmar.
Tel : +95 9 5091265 ,250510892,253388201,400456750 .



# AUNG HTOO WAI TRADING COMPANY LIMITED

## (Hotel Supplies & Furnitures)

- Hotel Banquet Chair and Table
- Banquet Table - clothes and Chair Covers (various colour and design and fabrics)
- Kitchen Equipments
- Cooking Equipments
- Bar Equipments and Accessories
- Serving and Buffet Dsplay
- Tableware and Glassware
- Houskeeping and cleaning Equipments
- Hotel Linen and Towels
- Lobby Equipments
- Guest Room Amenities

Head Office : No. 22, Aung San Stadium (North), Mingalar Taung Nyunt Township,Yangon,Myanmar. Ph : 01-256294, 09-31031021,09-795233303,09-792527792

Branch : No. (17-18), AKK Shopping Centre, Second Floor, Thingunkyun Township, Yangon, Myanmar. Ph : 09-49313513, 09-792527791

Email : aunghtoowai99@126.com, Website : www.aunghtoowai.com




77 Cakes & Latin DANCE PROMOTION 10/09/2016 (MYANMAR PLAZA SHOPPING CENTER)

DANCING, SINGING & GAMES PERFORMANCE

TIME - 10:00AM TO 1:00PM
3:00PM TO 7:00PM

COMMERCE INTERNATIONAL

# အတိုးနှုန်းမြှင့်တင်ပေးဖို့ အကြောင်းတရားတွေ ခိုင်မာလာပြီဖြစ်ကြောင်း

## အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ပြောကြား



အမေရိကန် အလုပ်သမားဈေးကွက်မှာ တိုးတက်မှုတွေရှိနေပြီ။ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း မြင့်တက်ဖို့ အလားအလာတွေ ရှိနေပြီ။ ဒါကြောင့် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်ပေးဖို့ အကြောင်းတရားတွေက မကြာမီလများအတွင်း ခိုင်မာစွာ ဖြစ်ထွန်းလာတော့မယ်လို့ ဩဂုတ် ၂၆ရက်က အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌက ပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်မယ့် အချိန်ကို ယယ်လင်က အတိအကျ ထုတ်ဖော် ပြောကြားခြင်း မရှိသေးပါဘူး။ ဒါပေမယ့် ယယ်လင်ရဲ့ ဝေဖန်ပြောကြားချက်ကို ထောက်ရှုခြင်းအားဖြင့် ယခုနှစ် နှောင်းပိုင်းလောက်မှာ ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်ပေးမယ့်သဘော ရှိနေပါတယ်။ ဗဟိုဘဏ်ရဲ့ မူဝါဒဆိုင်ရာ အစည်းအဝေးတွေကို စက်တင်ဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ ကျင်းပသွားဖို့ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။

ဝိုင်ယိုမင်းပြည်နယ်၊ ဂျက်ကဆန်ဟိုးမှာ အမေရိကန်ပြည်ထောင်စု ပြည်နယ်ဗဟိုဘဏ်များရဲ့ သုံးရက်ကြာ အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အမေရိကန် စီးပွားရေးက အမေရိကန် ဗဟိုဘဏ်က ရည်မှန်းထားတဲ့ အမြင့်ဆုံးအလုပ်အကိုင် ရရှိမှုနဲ့ ဈေးနှုန်းတည်ငြိမ်မှုကို ပြည့်ဝလုနီးပါး အကောင်အထည် ဖော်ထားပြီးဖြစ်ကြောင်း အဆိုပါ အစည်းအဝေးမှာ ယယ်လင်က ပြောပါတယ်။

"အလုပ်သမားဈေးကွက် တိုးတက်ကောင်းမွန်မှု၊ စီးပွားရေးနဲ့ ငွေကြေးဖောင်းပွမှုနှုန်း အလားအလာ ကောင်းမွန်မှုတွေကြောင့် မကြာသေးမီလများအတွင်းမှာ ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်ပေးဖို့အတွက် အကြောင်းတရားတွေ တိုးတက်ကောင်းမွန်လာပြီလို့ ယုံကြည်ပါတယ်" လို့ ယယ်လင်က ပြောပါတယ်။ အတိုးနှုန်း မြှင့်တင်ရေးကိစ္စကို ဖြည်းဖြည်းချင်း ဆောင်ရွက်သွားဖို့ အမေရိကန်ဗဟိုဘဏ်က စဉ်းစားထားကြောင်း သူမက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှာ အတိုးနှုန်းတစ်ကြိမ် မြှင့်တင်ပေးခဲ့ပါတယ်။ ဆယ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြှင့်တင်ပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေး နှေးကွေးကျဆင်းမှု၊ ဘဏ္ဍာရေးဈေးကွက် မတည်ငြိမ်မှုတွေကြောင့် ယခုနှစ် ယခုချိန်အထိ ထပ်မံအပြောင်းအလဲ မလုပ်ဘဲ ထိန်းထားခဲ့ပါတယ်။

အတိုးနှုန်း မြှင့်တင်ဖို့အတွက် အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်အတွက် ရှင်းလင်းပြတ်သားတဲ့ လမ်းကြောင်းကို ယယ်လင်ရဲ့မိန့်ခွန်းမှာ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့်လည်း သူမရဲ့ မိန့်ခွန်းကို ရင်းနှီးမြှုပ်နှံသူ တချို့က သဘောမကျပါဘူး။

အခုလို ဖြစ်ခဲ့ရတာကလည်း အတိုးနှုန်းကို မကြာမီ မြှင့်တင်ရေး သို့မဟုတ် သတိဝီရိယထားပြီး ဆက်လက်ဆောင်ရွက်ရေးဆိုတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ဗဟိုဘဏ် မူဝါဒရေးဆွဲသူတွေ အချင်းချင်းမှာလည်း သဘောထားကွဲပြားမှုတွေ ရှိနေပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ အသက်အရွယ်ကြီးရင့်သူဦးရေ မြင့်တက်လာမှုနဲ့ အခြားအကြောင်းတရားတွေကြောင့် ရေရှည်မှာ အမေရိကန် စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို နှေးကွေးစေနိုင်တယ်လို့ စီးပွားရေး ပညာရှင်တွေနဲ့ ဗဟိုဘဏ် အရာရှိတွေက ယုံကြည်ထားပါတယ်။ ဒါကြောင့် အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် စီးပွားရေး ဆုတ်ကပ်ကို ဖြေရှင်းရာမှာ အမေရိကန် ဗဟိုဘဏ်က ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ယယ်လင်က ယခုကျင်းပတဲ့ ဗဟိုဘဏ်ရဲ့ ငွေကြေး မူဝါဒသစ် မူဘောင်ချမှတ်ရေးကွန်ဖရင့်မှာ အလေးပေး ပြောကြားခဲ့ပါတယ်။

## အိန္ဒိယနိုင်ငံရဲ့ Act East Policy က မြန်မာအပါအဝင် အာဆီယံ ဈေးကွက်များသို့ လမ်းဖွင့်ပေးမည်

အိန္ဒိယနိုင်ငံက ကျင့်သုံးနေတဲ့ Act East Policy က အိန္ဒိယ အရှေ့မြောက်ပိုင်းဒေသများရှိ အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များအတွက် မြန်မာနဲ့ အာဆီယံနိုင်ငံများရှိ ဈေးကွက်များကို ဝင်ရောက်ဖို့ လမ်းဖွင့်ပေးလိမ့်မယ်လို့ ဩဂုတ် ၂၃ ရက်က အိန္ဒိယသမ္မတ ပရာနပ်မူကာဂျီက ကိုလ်ကတ္တားမြို့မှာပြောကြောင်း အက်စ်အမ်အီးတိုင်းမ် သတင်းမှာ ဖော်ပြပါတယ်။

"Look East Policy က အခွင့်အလမ်းသစ်တွေ ရရှိအောင် တံခါးဖွင့်ပေးခဲ့ပါတယ်။ ထိုနည်းတူစွာ Act East Policy က အိန္ဒိယနိုင်ငံ အရှေ့ပိုင်းမှာရှိကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံနဲ့ အာဆီယံရှိ ဈေးကွက်တွေထဲဝင်နိုင်အောင် လမ်းဖွင့်ပေးပါတယ်"လို့ မူကာဂျီက ပြောပါတယ်။

အိန္ဒိယနိုင်ငံက အီဂျစ်၊ မက်ဆိုပိုတေးမီးယားနဲ့ ဂရိ မြို့ပြယဉ်ကျေးမှုတွေ ထွန်းကားခဲ့တဲ့ခေတ်ကတည်းက အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုရဲ့ အချက်အချာဖြစ်ခဲ့ကြောင်း Look East နဲ့ Act East မူဝါဒတွေအကြောင်း ရှင်းပြရင်း အတိတ်ဇာတ်ကြောင်းကို မူကာဂျီ ပြန်လည်ဖော်ထုတ်တင်ပြခဲ့ပါတယ်။

မူကာဂျီက ယခင်ကလည်း ဘဏ္ဍာရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်ပြီး အိန္ဒိယအရှေ့ပိုင်းဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာမှာ တာဝန်ယူဆောင်ရွက်ခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ လာမယ့်ဆယ်စုနှစ်အတွင်းမှာလည်း အလားတူ ကြိုးပမ်းဆောင်ရွက်ဖို့ သူကတိုက်တွန်းပါတယ်။ ဖွံ့ဖြိုးရေးပုံစံတွေနဲ့ နည်းပညာတွေအသုံးပြုပြီး စီးပွားရေး အခွင့်အလမ်းတွေရယူကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ စီးပွားရေးလုပ်ငန်းရှင်တွေကို သူက တိုက်တွန်းပါတယ်။

စီးပွားရေးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း ကိုလ်ကတ္တားနဲ့ ပြည်နယ်မြို့တော်တွေ တိုးတက်ရေးကိုသာ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ကျေးရွာများနဲ့ ကုန်းတွင်းပိုင်းဒေသတွေ တိုးတက်ရေးကိုပါဆောင်ရွက်ဖို့ သူကတိုက်တွန်းပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Japan, Korea, Singapore, Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO SERVICES ကားသဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO SERVICE FOR MYANMAR

<< AUGUST And SEPTEMBER Sailing Schedule >>

DATE : 29th AUGUST 2016

| VESSEL | Height (m) | | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | | 9.7.2016 | | 13.7.2016 | 14.7.2016 | | | | 23.7.2016 | 27.7.2016 | 4.8.2016 |
| | S/O CUT | | | | | 8.7.2016 | | 5.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | 27.7.2016 | | | | 30.7.2016 | 29.7.2016 | | | | 7.8.2016 | 12.8.2016 | |
| | S/O CUT | | | | | 23.7.2016 | | | | 26.7.2016 | 25.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | | 17.8.2016 | | 15.8.2016 | | 18.8.2016 | 19.8.2016 | | 13.8.2016 | | 27.8.2016 | 1.9.2016 | 8.9.2016 |
| | S/O CUT | | | | | 13.8.2016 | | 11.8.2016 | | 14.8.2016 | 15.8.2016 | | | | | | |
| MV.HOEGH CHENNAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | 31.8.2016 | | | | 1.9.2016 | 2.9.2016 | | | | 12.9.2016 | 16.9.2016 | |
| | S/O CUT | | | | | 27.8.2016 | | | | 28.8.2016 | 29.8.2016 | | | | | | |

***** SUBJECT TO CHANGE WITH OR WITHOUT NOTICE *****

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542, 2306027, 2306028
Mobile : + 95 9 5035797
Fax : + 95 1 2305543
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ),
: docs.gle@gmail.com ( Document ), gleltd.marketing@gmail.com ( Marketing ),
: goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)

Business Development Manager : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Tin Tun Aung (95 9 448049234)
Mr. Thiha Theik (95 9 5145801)
Customer Service : Ms. Hilda (95 9 402794677)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing : Ms. Ja Seng Eain ( 95 9 262611717)
Marketing : Mr.Kyaw Kyaw Aung(959420085073)

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။